7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

tw(12)? trw(12) 2002 rw 7 wi pwixwa0on 1375 cEp? uqevjynausm 5 &u ? A'[; ? (ar 29 ? 2013)


မြန်မာနိုင်ငံဆိုင်ရာတရုတ်သံမတ်သစ်Yang Houlan တက္ကသိုလ်ရိပ်သာလမ်းရှိဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဧပြီ၂၂ရက်က လာရောက်တွေ့ဆုံစဉ် ဓာတ်ပုံ-တရုတ်သံရုံး

# ဒီမိုကရေစီအင်အားစုများနှင့် တရုတ်၏ အိမ်ဦးကြမ်းပြင်ဆက်ဆံရေး

**ထွန်းခိုင်၊ ရန်မျိုးနိုင်**

မေလဒုတိယအပတ်၏ နေ့တစ်နေ့တွင် ရန်ကုန်မြို့တောင်ဥက္ကလာပရှိ ၈၈မျိုးဆက်ကျောင်းသားများ၏ ရုံးခန်းသည် နိုင်ငံခြားသားဧည့်သည်များဖြင့် စည်ကားနေသည်။

၁၉၈၈ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း တက်ကြွလှုပ်ရှားသည့် တက္ကသိုလ်ကျောင်းသားများဖြစ်ပြီး လက်ရှိအချိန်တွင် လူထုထောက်ခံမှုရရှိထားသော ၈၈မျိုးဆက် ကျောင်းသားများ စုစည်းတည်ထောင်ထားရာ အဆိုပါရုံးခန်းကို မေ ၁၃ ရက်နေ့လယ် ၁နာရီခွဲ ခန့်တွင် အမေရိကန်ပြည်ထောင်စုသံရုံးမှ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့်အဖွဲ့ရောက်ရှိလာပြီးလက်ရှိ နိုင်ငံရေးအခြေအနေများကို ၈၈မျိုးဆက်ကျောင်းသားများနှင့် ဆွေးနွေးကြသည်။

မစ္စတာ ဒဲရစ်မစ်ချယ် ၈၈ ရုံးမှပြန်သွားပြီး မိနစ်အနည်းငယ်အကြာနေ့လယ် ၂နာရီခွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာ Yang Houlan နှင့် အဖွဲ့သည်လည်း ၈၈မျိုးဆက်တို့၏ ရုံးခန်းဆီသို့ရောက်ချလာခဲ့သည်။

တရုတ်တို့သည်ယခင်အစိုးရအဆက်ဆက်တွင် မြန်မာ့ဒီမိုကရေစီ အင်အားစုများနှင့် ထိတွေ့ဆက်ဆံခဲ့လေ့မရှိပေ။ သို့သော် ယခုအချိန်တွင်၎င်းတို့၏မူဝါဒကို ပြောင်းလိုက်ပြီဖြစ်သည်။ ဒီမိုကရေစီအင်အားစုများနှင့် မဟာမိတ်ဖွဲ့ရန်အတွက် တရုတ်တို့လည်းထက်ကြပ်မကွာလိုက်လာပြီဖြစ်သည်။ ဒီမိုကရေစီအင်အားစုများနှင့် ဆက်ဆံရာတွင် တရုတ်တို့မူဝါဒမှာ ပျော့ပျောင်းညင်သာလာပြီဖြစ်သည်။

"အဖြေသုညပဲထွက်တဲ့ စစ်အေးခေတ်က စိတ်ဓာတ်မျိုးဟာကြာမြင့်ခဲ့တဲ့ နှစ်နိုင်ငံဆက်ဆံရေးအတွက် အသုံးမဝင်တော့ဘူး" ဟု ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာ ဝေါင်းက ပြောသည်။

စာ(၈)သို့



## ငါးမန်းကိုက်ကြသူများ

ပြည်သိမ်း၊ ချစ်ဝိုင်း

စာ(၅)သို့



# ဂျပန်-မြန်မာအချစ်ဇာတ်လမ်း

ကြည်နေဝင်းမင်း

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည်နှစ်ပေါင်း၃၆နှစ်အတွင်းမြန်မာနိုင်ငံသို့ပထမဆုံးလာရောက်သောဂျပန်ဝန်ကြီးချုပ်ဆိုသည့်ဂုဏ်ထူးကို ရယူသွားခဲ့ပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ခြင်းဖြင့် အပြန်အလှန်ပွေ့ဖက်သော မိတ်ဆွေဆက်ဆံရေးအခြေခံအုတ်မြစ်အသစ်တည်ဆောက်ရန်မြန်မာသမ္မတ ဦးသိန်းစိန်နှင့် သဘောတူညီ ခဲ့သည်။

**သတင်းဆောင်းပါးအပြည့်အစုံ -စာ(၂၇)သို့**



## "၂နှစ်အတွင်းမှာလုပ်မှုရေးပြဿနာတွေကလည်း တော်တော်များတယ်။ များတော့ ဒါကို အမြန်ဖြေရှင်းစေချင်တယ်"

ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်နှင့်တွေ့ဆုံခြင်း

အေးမြကျော်

စာ(၂၃)သို့

# ၂၀၁၃ ဆီးဂိမ်းတွင် ရွှေတံဆိပ် ၄၆၀ ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း** ရန်ကုန်၊ မေ-၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားနည်း (၃၃)မျိုး ထည့်သွင်းကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀၊ ငွေတံဆိပ် ၄၆၀၊ ကြေးတံဆိပ် ၆၃၇ ခုဖြင့် စုစုပေါင်း ဆုတံဆိပ်အရေအတွက် ၁၅၅၇ခု ချီးမြှင့်သွားမည်ဖြစ်သည်။

**သတင်းအပြည့်အစုံ-စာ(၄၄)သို့**



7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# ဘဏ်များ ငွေချေးရာတွင် ဆုံးရှုံးမှုမရှိအောင် အာမခံပေးမည့်ဥပဒေကြမ်း ပြဋ္ဌာန်းမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်**-ဘဏ်များက လုပ်ငန်းရှင်များကို ငွေရဲရဲ ချေးနိုင်ရန် အကြွေးအာမခံစနစ်ဥပဒေကြမ်းကိုယခုနှစ်ကုန်ပိုင်းတွင် ထွက်ရှိနိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းကပြောသည်။

ယင်းအကြွေးအာမခံစနစ်မှာ Credit Granty Insurance ဖြစ်ပြီး ဘဏ်များက ငွေချေးရာတွင် ဆုံးရှုံးမှုများ မရှိအောင် အာမခံထားနိုင်သောစနစ် ဖြစ်သည်။

"အဓိကရည်မှန်းတာကတော့ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးအောင် ဒါကို ရည်မှန်းလုပ်ဆောင်တာပါ။ ဘဏ်တွေက ငွေချေးမှုဒါတွေလည်း လုပ်နိုင်မှာဆိုတော့ ဘဏ်တွေငွေချေးအောင် လုပ်ပေးတာပါ"ဟု ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

အဆိုပါကိစ္စကို လုပ်ဆောင်နိုင်ရန် နိုင်ငံတော်မှ Credit Granty Insurance ဖြစ်မြောက်ရေး ကော်မတီကိုလည်း ပြီးခဲ့သည့်လအတွင်း ဖွဲ့စည်းထားလိုက်ပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ ယင်းအဖွဲ့အနေဖြင့် ဇွန်လ ၂၅ ရက်တွင် ကိုရီးယားနိုင်ငံသို့သွားရောက်ကာ ယင်းနိုင်ငံတွင် လုပ်ဆောင်နေသော Credit Granty ကို လေ့လာခြင်းပြုလုပ်ပြီး ဂျပန်နိုင်ငံမှ လုပ်ဆောင်နေမှုကိုလည်း လေ့လာကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလုပ်ငန်းက မြန်မာပြည်မှာ တစ်ခါမှမလုပ်ဖူးတဲ့အလုပ်ဆိုတော့ မြန်မာတွေချည်းပဲ လုပ်လို့မရနိုင်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်တွင်းက လေ့လာမှုတွေ ပေါင်းပြီးတော့မှ ဒါကို လုပ်မယ်" ဟု ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ယခုမှ စတင်လုပ်ဆောင်ခြင်းဖြစ်၍ မည်သည့်အချိန်တွင် အကောင်အထည်ဖော်နိုင်မည်ကိုမသိနိုင်သော်လည်း ယခုနှစ်ကုန်ပိုင်း၌ ဥပဒေကြမ်း အပြီးသတ်နိုင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းမှာ ဥပဒေရှိမှသာလုပ်ဆောင်နိုင်သည့်အတွက် ဥပဒေကြမ်းကို အမြန်ဆုံးပေါ်ပေါက်နိုင်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ဥပဒေမထွက်ရှိနိုင်မီ အချိန်တွင်လည်း SME လုပ်ငန်းဥပဒေများ ထွက်လာလျှင် အခြားနည်းများဖြင့် လုပ်ဆောင်နိုင်ပါက အာမခံလုပ်ငန်းများစုပေါင်းကာလုပ်ဆောင်နိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

Credit Granty Insurance ဖြစ်မြောက်ရေး ကော်မတီတွင် ဘဏ္ဍာအခွန် ဒုတိယဝန်ကြီးက ဥက္ကဋ္ဌရာထူး တာဝန်ယူထားပြီး အဖွဲ့ဝင်များထဲတွင် စက်မှုဝန်ကြီးဌာနမှအကြီးအကဲများနှင့်ဗဟိုဘဏ်မှ တာဝန်ရှိသူများလည်း ပါဝင်ထားကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။

ထို့အပြင် ကျန်းမာရေးအာမခံများဖြစ်မြောက်ရန်လည်း အမြန်ဆုံးဆောင်ရွက်နိုင်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"Credit Granty လုပ်မယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဘဏ်တွေကချေးရင် ဆုံးရှုံးမှုနည်းသွားတယ်။ ဘယ်လောက်လျော်မလဲပေါ်မှာ မူတည်သလို ပရီမီယံကြေး ဘယ်လောက်ပေးရမလဲအပေါ်မှာလည်း မူတည်တယ်" ဟု CB ဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်က ပြောသည်။


**AGDဘဏ်တွင် ငွေသွင်းငွေထုတ်ပြုလုပ်နေကြသူများကိုတွေ့ရစဉ်**
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မြို့ကြီးသုံးမြို့တွင် 4Gကွန်ရက်တပ်ဆင်ခွင့် ဂျပန်ကုမ္ပဏီလုပ်ကိုင်ခွင့်ရ

**ခိုင်ချို**

**ရန်ကုန်၊ မေ- ၂၆**

ရန်ကုန်၊မန္တလေးနှင့်နေပြည်တော်တွင် 4G ကွန်ရက်အသုံးပြုနိုင်ရန်နှင့် အင်တာနက်လိုင်းများပိုမိုကောင်းမွန်စေရန် ဂျပန်နိုင်ငံမှ ဆူမိတိုမိုကော်ပိုရေးရှင်း နည်းပညာကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

" 4G ကွန်ရက်ကို ဂျပန်က တာဝန်ယူပြီး ၂၀၁၃ခုနှစ်နိုဝင်ဘာလမှာ အသုံးပြုလို့ရအောင် ဆောင်ရွက်သွားမှာပါ။ ဒါကြောင့် ၂၀၁၄ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူရင် ဆက်သွယ်ရေးဆိုင်ရာလွယ်လွယ်ကူကူအသုံးပြုနိုင်ဖို့လည်းကူညီမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"4G စနစ်အတွက် ဆူမိတိုမိုကော်ပိုရေးရှင်းအပါအဝင်နောက်ထပ်ကုမ္ပဏီနှစ်ခုလည်းပါတယ်။ ဒီစနစ်အတွက် မြန်မာ့ဆက်သွယ်ရေးနဲ့ သဘောတူစာချုပ် ချုပ်ဆိုပြီးသွားပြီ" ဟု မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ4G စနစ်ကိုအသုံးပြုနိုင်ပါက လိုင်းဖုန်း တစ် ဒသမ ငါးသန်း၊ အင်တာနက်အသုံးပြုသူတစ်သန်းနှင့် မိုဘိုင်းဖုန်းအရေအတွက် လေးသောင်းတွင် အသုံးပြုနိုင်မည်ဟုဆိုသည်။

ဂျပန်အစိုးရကလည်း အဆိုပါမြို့ကြီးသုံးမြို့အတွက် 4G စနစ်တည်ဆောက်ရေးတွင် ဂျပန်ယန်း ၁ ဒသမ ၇၁ဘီလီယံ အကူအညီပေးသွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းဖြစ်မြောက်ရေးအတွက် ဆူမိမိုတိုကော်ပိုရေးရှင်းအပါအဝင်ကုမ္ပဏီသုံးခုတို့မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် မေ ၁၄ ရက်က သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။



# ကသာရှိအင်္ဂလိပ်အရာရှိများကလပ် ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်နေဟုဆို

**ရဲနောင်**

**ရန်ကုန်၊ မေ–၂၅**

ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့အော်ဝဲလ်နေထိုင်ခဲ့ရာ ကိုလိုနီခေတ် အဆောက်အအုံဖြစ်သည့် စစ်ကိုင်းတိုင်း၊ ကသာမြို့ရှိ နိုင်ငံခြားဧည့်သည်များ မျက်စိကျရာ အင်္ဂလိပ်အရာရှိများကလပ်သည် ပျက်စီးနေပြီး ထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်နေကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားထားသည်။



*ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားသော ကသာမြို့ရှိအင်္ဂလိပ်အရာရှိများကလပ်အဆောက်အအုံ*

ဓာတ်ပုံ - Aung Shine Oo/ The New York Times

၁၉၃၄ခုနှစ်တွင်ဂျော့အော်ဝဲလ်ထုတ်ဝေခဲ့သော Burmese Days သည် အနောက်တိုင်း စာဖတ်ပရိသတ်အပေါ် လွှမ်းမိုးမှုရှိခဲ့ပြီး ယင်းစာအုပ်ကြောင့်ကသာမြို့ကို လူသိများစေခဲ့သည်။ ဂျော့အော်ဝဲလ်နေထိုင်ခဲ့သော အိမ်အိုကြီး၊ အင်္ဂလိပ်အရာရှိများကလပ်နှင့်တင်းနစ်ကွင်းတို့သည်မန္တလေးမှဗန်းမော်သို့ခရီးစဉ်ဖြင့် လည်ပတ်သောနိုင်ငံခြားခရီးသွားများ ဝင်ရောက်လေ့လာရာနေရာတစ်ခုအဖြစ် ထင်ရှားသည်။

"မန္တလေး-ဗန်းမော်ရေဝတီမြစ်ပေါ်ကနေ သင်္ဘောခရီးသွားရင် ကသာကို အမိကထားဝင်ကြည့်ကြတယ်။ အားလုံးနီးပါးပဲ။ ဝင်ကြေးတော့ ပေးစရာမလိုပါဘူး" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ မမြင့်မြင့်ကြည်က ပြောသည်။

ဂျော့အော်ဝဲလ်၏နေအိမ်နှင့်ခြံဝင်းသည် ဆယ်စုနှစ်ပေါင်းအတော်ကြာလျစ်လျူရှုထားမှုကြောင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိပြီး နေအိမ်တွင် မြို့နယ်ဝန်ထမ်းမိသားစု နေထိုင်လျက်ရှိကာ ပျက်စီးယိုယွင်းမှုများရှိနေခြင်းကြောင့် နိုင်ငံခြားခရီးသွားများလေ့လာရန်အတွက် အဆင်မပြေမှုများရှိနေကြောင်း ခရီးသွားဧည့်လမ်းညွှန်အများစုက ပြောသည်။

ဧပြီလကုန်ပိုင်းမှစ၍ ယင်းစာရေးဆရာနေထိုင်ခဲ့သော ကိုလိုနီခေတ်အဆောက်အအုံအားပြန်လည်ပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်နေပြီး ယခုနှစ်အတွင်းပြီးစီးအောင် ပြုလုပ်မည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်အတွင်း ဂျော့အော်ဝဲလ်၏နေအိမ်နှင့် ခြံဝင်းကို စီးပွားရေးလုပ်ငန်းရှင်အချို့က စကိတ်ကွင်းပြုလုပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ၂၀၁၃ ဧပြီလတွင် ရှေးမူမပျက်ထိန်းသိမ်းရန် သက်ဆိုင်ရာက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

စာရေးဆရာဂျော့အော်ဝဲလ်သည် ၁၉၂၆ ခုနှစ်တွင် ကသာမြို့သို့ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်စဉ် သစ်သားနှစ်ထပ်အိမ်မီးလင်းဖိုပါယင်းအဆောက်အအုံသည် မြို့တွင်တာဝန်ကျအင်္ဂလိပ်ဝန်ထမ်းများနှင့်အရာရှိများစတည်းချရာ နေရာတစ်ခုဖြစ်ခဲ့သည်။

**ကိုးကား**-Newyork Time

## အလယ်ပိုင်းဒေသ မိုးနည်းနိုင်၍ ရာသီဥတုနှင့် ကိုက်ညီသော သီးနှံရွေးချယ်စိုက်ရန် ဦးထွန်းလွင် အကြံပြု

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ–၂၆**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်ခဲ့ပြီဖြစ်သော်လည်း မိုးနည်းနိုင်သောကြောင့် ဒေသခံစိုက်ပျိုးရေးတောင်သူများရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံကိုရွေးချယ်စိုက်ပျိုးသင့်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

"မုတ်သုံအဝင်မှာမိုးကောင်းကောင်းမရရင် အလယ်ပိုင်းဒေသအဖို့ မိုးရဖို့အခွင့်အရေးတစ်ခုဆုံးရှုံးရတာပါ။ စောင့်ကြည့်ရမယ်။ မနှစ်က မုတ်သုံအဝင်မှာ မိုးနည်းလို့ပျိုးပင်တွေပုပ်ကုန်တာ သင်ခန်းစာယူရပါမယ်"ဟုဆိုသည်။

မြန်မာနိုင်ငံ စပါးစိုက်ဧရိယာ၏ ၈၅ ရာခိုင်နှုန်းမှာ မိုးစပါးစိုက်သော ဧရိယာဖြစ်ပြီး ၁၅ ရာခိုင်နှုန်းသာ ရေသွင်းစိုက်ပျိုးခြင်း

**စာမျက်နှာ(၈)သို့**



7 DAY NEWS JOURNAL
Vol.12, No.12 · MAY 29 , 2013

## CRIME CORNER မှုခင်းသတင်း

### တစ်နေ့တည်း ရဲအရာရှိအယောင်ဆောင် လိမ်လည်သူနှစ်ဦး ဖမ်းမိ

မိုးညို ရန်ကုန်၊မေ-၂၅

မန္တလေးမြို့တွင် တစ်ရက်အတွင်း ရဲအရာရှိယောင်ဆောင်၍ ငွေကြေးလိမ်လည်သူနှစ်ဦးကို ဖမ်းဆီးရရှိမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှ သတင်းရရှိသည်။

ပဲခူးမှ မန္တ လေးသို့ လာရောက်သည့် အသက် ၂၇နှစ်အရွယ်ရှိ ဆရာတော်ဦးရေဝတအား အမျိုးသားတစ်ဦးက ရဲစခန်းမှခေါ် ယူနေသည်ဟုဆိုကာ ဆိုင်ကယ်ဖြင့် ကျောက်ဆည်ဂေါက်ကွင်းသို့ သွားသည့်လမ်းရှိ တောစပ်သို့ခေါ် ကာ ငွေကျပ်နှစ်သိန်းနှင့် ဘဏ်စာအုပ်တို့ကို လုယူသွားကြောင်းရဲမှတ်တမ်းများမှ သိရသည်။

လုယက်သူ၏ သံသယရှိသော ဇော်နိုင်(ခ)ဇော်သိန်းနိုင်အား မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်တွင် သက်သေပစ္စည်းများနှင့်တကွ ဖမ်းဆီးရရှိမိခဲ့သည်။ ရဲစခန်းမှ တရားခံဟု သတ်မှတ်သည့် ဇော်နိုင်(ခ)ဇော်နိုင်သိန်းမှာ ယခင်က ကျောက်ဆည်နှင့် ရန်ကုန်မြို့ရှိ ဘုန်းကြီးကျောင်းအချို့တွင် ပစ္စည်းများခိုးယူခြင်း၊ သံဃာများထံမှ ငွေကြေးများလိမ်လည်ခဲ့ဖူးသည့်ဖြစ်စဉ်များရှိခဲ့ဖူးကြောင်း သိရှိရသဖြင့် ကျောက်ဆည်မြို့မရဲစခန်းပြစ်မှုပုဒ်မ ၁၇၀ / ၃၈၂/ ၂၉၅(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ဒုတိယဖြစ်စဉ်မှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်တွင်နေထိုင်သူ ဒေါ် ခင်မာအေးအား မင်းထိုက်(ခ) ကောင်းထက်လင်းဆိုသူက မန္တလေးတိုင်းဒေသကြီးမှ ရဲအရာရှိဟု ပြောဆိုကာသင်တန်းတက်ရောက်ရန် ငွေကြေးတောင်းခံရာ မသင်္ကာသဖြင့် သက်ဆိုင်ရာသို့ ဆက်သွယ်မေးမြန်းရာ အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးရာ ရဲအရာရှိအစစ်မဟုတ်ဘဲ ယခင်က ရဲတပ်သားဟောင်းတစ်ဦးသာဖြစ်ပြီး ရဲစည်းကမ်းချိုးဖောက်ထားကြောင့် ထောင်ဒဏ်တစ်နှစ်ကျခံခဲ့ဖူးကြောင်း ရဲမှတ်တမ်းများတွင် ဖော်ပြထားပြီး ၎င်းအား ပုဒ်မ ၄၂၀ / ၁၇၀ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

# ပုဂ္ဂိုလ်ရေးမသင့်မြတ်မှု အမှုအခင်းများအား တရားမမှုကြောင်းထက် အသရေဖျက်မှု အမည်တပ်၍ ရာဇဝတ်ကြောင်းအရ စွဲဆိုမှုမြင့်နေ

အေးသူစံ

ရန်ကုန်၊ မေ-၂၅

မြန်မာနိုင်ငံတွင် ပုဂ္ဂိုလ်ရေးအရ မသင့်မမြတ်မှုအပေါ် အခြေခံကာ ဖြစ်ပွားသည့် အမှုအခင်းများကို အသရေဖျက်မှု အမည်တပ်၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆို အရေးယူမှုများ မြင့်တက်နေကြောင်း ဥပဒေရေးရာအသိုင်းအဝိုင်းနှင့်ပညာရှင်များက သုံးသပ် ပြောကြားသည်။


*တရားခွင်တစ်ခုမြင်ကွင်း* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"တချို့က ဆဲတာဆိုတာကို လည်း အသရေဖျက်မှုပုဒ်မတပ်ပြီး ရာဇဝတ်မှုနဲ့ဆွဲတယ်။ ဒေါသအလျောက်ပြောတာလည်း ရာဇဝတ်ကြောင်းအရ စွဲဆိုတာတွေ အများကြီး ဖြစ်နေတယ်။ အသရေဖျက်မှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာနားမလည်ဘဲ တစ်ဖက်သား နစ်နာအောင်လုပ်သလို ဖြစ်နေတယ်" ဟု အထက်တန်းရှေ့နေ ဦးခင်ဇော် (မရမ်းကုန်း)က ပြောသည်။

နိုင်ငံတကာတရားရုံးများက အသရေဖျက်မှု (Defamation) ကို တရားမမှုကြောင်းအရ စွဲဆိုပြီး နစ်နာကြေးတောင်းဆိုစေသည့် လမ်းကြောင်းကိုသာ လက်ခံကျင့်သုံးနေသော်လည်း မြန်မာနိုင်ငံ တရားရုံးအများစုတွင်မူ ရာဇဝတ်ကြောင်းအရ အရေးယူ တရားစွဲဆိုမှုများကို လက်ခံနေသေးကြောင်း ကနေဒါအခြေစိုက် ဒီမိုကရေစီနှင့် တရားဥပဒေရေးရာစင်တာမှ ရှေ့နေ တိုဘီမန်ဒယ်လ်ကလည်း ထောက်ပြပြောကြားသည်။

မြန်မာနိုင်ငံတွင်း နှစ်ရက်ကြာ ပြုလုပ်ခဲ့သော အသေရဖျက်မှုဥပဒေနှင့် မီဒီယာခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိ ပြဋ္ဌာန်းထားသော အသေရဖျက်မှုဥပဒေမှာ ထိန်းချုပ်မှုများနေပြီး မတိကျသည့်ဥပဒေဆိုင်ရာ အသုံးအနှုန်းများ ပါဝင်နေခြင်းက သတင်းမီဒီယာများ၏ ရေးသားတင်ဆက်မှုတွင် အငြင်းပွားဖွယ် သတင်းများအပေါ် ပုဂ္ဂိုလ်ရေး ဝေဖန်မှုအဖြစ် အသုံးချကာ တရားစွဲဆိုခြင်း ခံရနိုင်သည့် အန္တရာယ်ကို ကြုံတွေ့နိုင်ရကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ထောက်ပြပြောဆိုသည်။

တရားမကြောင်းအရ သွားရမည့်အမှုများကို ရာဇဝတ်ကြောင်းအရ စွဲဆိုနေကြသည့်အတွက် စွဲဆိုခံရသူများတွင် တရားရုံးသို့ လာရောက်ထုချေရခြင်း၊ စွပ်စွဲချက်ကို ကျေလည်အောင် မဖြေရှင်းနိုင်ပါက ထောင်တန်းကျနိုင်ခြင်းတို့ ရင်ဆိုင်နေရကြောင်း ဦးခင်ဇော်(မရမ်းကုန်း)က ဆက်လက်ပြောသည်။

အသရေဖျက်မှုမှာ ပြစ်မှုထင်ရှားပါက အလုပ်မဲ့နှင့် ထောင်ဒဏ် ၂နှစ်၊ ငွေဒဏ်တို့ ကျခံရမည်ဖြစ်ပြီး ငွေဒဏ်ကိုမူ မည်ရွေ့မည်မျှ သတ်မှတ်မထားကြောင်း သိရသည်။

သတင်းမီဒီယာများ လွတ်လပ်ခွင့်ရလာသည့် ယနေ့အချိန်တွင် မီဒီယာများ၏ သတင်းရေးသား ဖော်ပြမှုအပေါ်တွင်လည်း အသရေဖျက်မှုပုဒ်မတပ်၍ တရားစွဲဆိုမှုများလည်း ပိုမိုများပြားလာနေကြောင်း ရှေ့နေ တိုဘီမန်ဒယ်လ်က ဆက်လက်ပြောကြားသည်။

"လက်ရှိနိုင်ငံမှာမီဒီယာပြုပြင်ပြောင်းလဲရေးတွေ ပြုလုပ်နေချိန်မှာ မီဒီယာသမားအများစု ကြုံတွေ့ရနိုင်တဲ့ ဒီလိုအန္တရာယ်များတဲ့ ဥပဒေမျိုးက ရာဇဝတ်မှု မဖြစ်သင့်ဘဲ တရားမကြောင်းဆိုရင်လည်း သိပ်ပြီးဒဏ်ကြေးမများတဲ့ ပြစ်ဒဏ်မျိုးပဲ ဖြစ်သင့်ပါတယ်" ဟု ဆွေးနွေးပွဲစီစဉ်သူ ဒေါ်သင်းသင်းအောင်က ပြောသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013



မှိန်ဖျော့လာသည့် ဂျော့အော်ဝဲလ်၏ မြန်မာပြည်ရက်စွဲများ

စာမျက်နှာ(၇)သို့

# ငါးမန်းကိုက်ကြသူများ

ပြည်သိမ်း၊ ချစ်ဝိုင်း

"ငါးမန်းပွက်ပြီ . . ငါးမန်းပွက်ပြီ"

မီးစက်သံ တဖုန်းဖုန်းကို ကျော်ထွက်လာသော အသံဖြစ်၏။ ပင်လယ်ကမ်းစပ်မှ လာသည့် အသံမဟုတ်။ ဆယ်ပေပတ်လည် အခန်းကျဉ်းတစ်ခုဆီမှဖြစ်သည်။

စီးကျနေသည့် ချွေးသီး ချွေးပေါက်များကိုသုတ်နေချိန်လည်းမရှိ။ မီးရောင်စုံလင်းလာသည့် စက်ခုံပေါ်မှ ကိန်းဂဏန်းများနှင့်အတူ ကိုတင်လှ(အမည်ပြောင်း) စိတ်လှုပ်ရှားစွာထအော်မိခြင်း ဖြစ်သည်။

ငါးမန်းပွက်သည်ဆိုသည်က လှိုင်၊ ကမာရွတ်၊ အင်းစိန်၊ တောင်ဥက္ကလာပစသည့် ရန်ကုန်မြို့ လူနေရပ်ကွက်များ၌ ခေတ်စားနေသည့်အရပ်ခေါ် ငါးမန်းရုံများ(ကာစီနိုရုံ) အောင်နိုင်ခြင်း စကားရပ်ဖြစ်သည်။

ရောင်စုံလိုက်ကာလေးများ ချထားပြီး ဆိုင်းဘုတ်မတင်၊ မထင်မရှားအခန်းကျဉ်းကလေးများတွင်ဖွင့်ထားသည့်ကာစီနိုလောင်းကစားရုံလေးများက တရားဝင်ခွင့်ပြုထားသလိုပင် ရန်ကုန်မြို့ လူနေထူထပ်သောနေရာများ၌တွင်တွင်ကျယ်ကျယ် ပြန်လည်ဖွင့်လှစ်လာနေခြင်း ဖြစ်သည်။

စိတ်အပန်းဖြေကစားခြင်းဟု ဆိုသော်လည်း စွဲစွဲလမ်းလမ်းဖြင့် အလောင်းအစားဆန်ဆန်ကစားလာခြင်းတို့ကြောင့် စီးပွား၊ လူမှုဘဝများ ဆုံးရှုံးကြရသည်အထိ ဖြစ်လာသည်။

"ဒီနေ့တော့ ကံကောင်းပြီ။ သူ့ကို စောင့်နေတာကြာပြီ။ ဘေးတိုက်တွေ ကျတာပဲ များတယ်" ဟု ချွေးပြိုက်ပြိုက်နှင့် အကျီပင်မကပ်နိုင်အောင် ဇောကပ်နေသည့် ကိုတင်လှက ပြောသည်။

"နိုင်ပြီဆိုတော့ ခပ်ပါးပါးပဲ။ ရှုံးပြီဆိုရင်တော့ တစ်နေကုန်ရှာထားသမျှ အုံနာခတောင် မကျန်ဘူး။ မိသားစုစားဝတ်နေရေး အလွန်ဒုက္ခရောက်တယ်"ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

ယခုဖွင့်လှစ်ကြသည့်ကာစီနိုဂိမ်းစက်များမှာ ငမန်း၊ စင်ရော်၊ ကျီးကန်း၊ ခို၊ ဝက်ဝံ၊ ခြင်္သေ့ စသည်ဖြင့် အရုပ်များစွာ ပါဝင်သည်။ အရုပ်တစ်ခုချင်းစီလိုက်၍ ခလုတ်ခုံပေါ်မှ လျော်ပေးမည့်ငွေပမာဏမှာတူညီမှု မရှိဘဲ ကွဲပြားသည်။ မိမိလောင်းကြေး ထိုးလိုက်သည့်ပမာဏပေါ် မူတည်၍ လျော်ကြေးငွေရပါက လေးဆ၊ ခြောက်ဆ၊ ရှစ်ဆ၊ ဆယ့်နှစ်ဆနှင့် ငါးမန်းပွက်ပါက ၂၄ ဆ အထိလျော်ကြေးရနိုင်ကြောင်း ယင်းကာစီနိုကိုစွဲမြဲစွာ ကစားသူက ပြောသည်။

ကာစီနိုစက်မှ ပေးလျော်မှုမှာ လျှပ်စစ်ကိန်းဂဏန်းလေးများဖြစ်ပြီး ယင်းကိုဆိုင်ရှင်လည်းဖြစ်၊ ဒိုင်လည်းဖြစ်သူက ငွေကြေးနှင့် ပြန်လည်ပေးလျော်သည်။ စက်တွင်ပါဝင်သော အကောင်များထဲမှ မိမိကြိုက်နှစ်သက်သည့် အကောင်ကို ရွေးပြီး ထိုးနိုင်သည်။ မိမိထိုးထားသည့် အကောင်ကျပါက လျော်ကြေးငွေကို သတ်မှတ်ပေးထားသည့် အဆပမာဏအတိုင်းရသည်။



ငါးမန်းရုံတစ်ခုအတွင်း ဆော့ကစားနေသူများ ဓာတ်ပုံ-ကျော်ဇင်သန်း

"မြို့နယ်တစ်မြို့နယ်မှာ ကာစီနိုဆိုင်လေးတွေ ငါးဆိုင်လောက်ရှိတယ်" ဟု တောင်ဥက္ကလာပမြို့နယ်မှ ငါးမန်းကာစီနိုဖွင့်လှစ်ထားသည့် ဆိုင်ရှင်တစ်ဦးက ဆိုသည်။

ကာစီနို လောင်းကစားဆိုင်များကို ယခင်က ဂိမ်းစင်တာကြီးများ၌သာ ဖွင့်လှစ်ကြသည်။ မိမိကစားလိုသည့်ပမာဏကိုငွေကြေးပေး၍ ဝယ်ယူရသော်လည်းအနိုင်ရပါက တန်ဖိုးနှင့်ညီမျှသည့် လက်ဆောင်ပစ္စည်း အစားအစာများသာ ပြန်လည်လဲလှယ်ပေးသည်။ ငွေကြေးထုတ်ပေးခြင်းမရှိပေ။

"ငွေပြန်လဲပေးရင် အလောင်းအစား ဝိုင်းကြီးလိုဖြစ်ပြီး ပြဿနာများလို့ အခုလို ပြောင်းလိုက်တာ။ ပိုင်ရှင်ကငွေပိုလိုချင်တာပေါ့"ဟု ရန်ကုန်မြို့ ကလေးကစားကွင်းတစ်ခုမှ ကာစီနိုတာဝန်ခံဟောင်းတစ်ဦးက ဆိုသည်။

ယခုကာစီနိုဂိမ်းစက်များမှာ လူနေရပ်ကွက်များသို့ ရောက်ရှိချိန်တွင် ငွေကြေးနှင့် အလျော်အစားပြုလုပ်လာသဖြင့် လူတန်းစားမျိုးစုံနှင့် လက်လှမ်းမီရာသို့ ရောက်လာသည်။

စာမျက်နှာ(၆)သို့



7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

စာမျက်နှာ(၅)မှ

## ငါးမန်းကိုက်ကြသူများ

နေ့စဉ်ဝင်ငွေကောင်းသူများ၊ အလောင်းအစား ဝါသနာပါသူများအတွက် ကာစီ နိုဂိမ်းဆိုင်များမှာ ကွန်းခိုရာနေရာ တစ်ခု ဖြစ်လာသည်။

ကစားစဉ်တွင် အနိုင်ရတတ်သော်လည်း စွဲစွဲလမ်းလမ်း ကစားမိပါက အရှုံးဆက်တတ်သည်။ ထိုသို့ အရှုံးဆက်သည့်အခါ လောင်းကစားသူများက မကျေနပ်မှုများကြောင့် စက်များ၊ ခလုတ်ခုံများ ထုရိုက်ချိုးဖဲ့ဖျက်ဆီးမှုများရှိကြောင်း တောင်ဥက္ကလာပမြို့နယ်မှ ဆိုင်တာဝန်ခံမန်နေဂျာတစ်ဦးက ရှင်းပြသည်။

"ကျောင်းဝတ်စုံနဲ့ဆိုရင်တော့ လုံးဝလက်မခံဘူး။ လူကြည့်ပြီးတော့ ဖွင့်ပေးရတာပေါ့။ ဒီအလုပ်က အရမ်းသည်းခံရတယ်"ဟု ယင်းမန်နေဂျာက ဆိုသည်။

ယခု ဖွင့်လှစ်ထားသည့် ကာစီနိုဂိမ်းများမှာ စတင်ကစားမည်ဆိုပါက အနည်းဆုံး ကျပ်တစ်ထောင်ခန့်ပေးရသည်။ ၂၀၀၀ပြည့်နှစ် ဝန်းကျင်က ကာစီနိုဂိမ်းများ ကစားရာတွင် အကြွေစေ့များဝယ်ယူ၍ ကစားခဲ့ရသည်။ ယင်းအချိန်က အကြွေစေ့တစ်စေ့လျှင် တစ်ဆယ်ကျပ် ဝန်းကျင်သာရှိပြီး အနည်းဆုံး ကျပ် ၅၀ မှ ကျပ် ၁၀၀ အတွင်း စတင်ကစားနိုင်သည်။ ယင်းအချိန်မှာ လောင်းကြေးအနိုင်ရမည်ဆိုပါက အကြွေစေ့များကို စက်မှထုတ်ယူပြီး ဆိုင်ရှင်ထံ၌ပြန်လည် လဲယူရသည်။ ယခုကာစီနိုဂိမ်းများမှာတော့ စက်ခရင် အကွက်လေးထဲမှ ဒစ်ဂျစ်တယ်ကိန်းဂဏန်းများကိုသာ အတိုးအလျော့ပြုလုပ်ပေးသည်။ ကာစီနိုဂိမ်းစက်များကို လျှို့ဝှက်ဂဏန်းများဖြင့်တည်ဆောက်ထားပြီး ပိုင်ရှင်က နေ့စဉ်ပြောင်းလဲပေးလေ့ရှိသည်။

"ဆော့တာကြာတော့ တွက်လို့ရမယ်ထင်ပေမယ့်တကယ်မဲပြီးဆော့ရင် ပါသမျှကုန်တာပဲ" ဟု တောင်ဥက္ကလာ ကာစီနိုဂိမ်းဆိုင်တွင် ကစားနေသူတစ်ဦးက ဆိုသည်။

ကာစီနိုဂိမ်းများကို ကစားသူများမှာ စိတ်ထွက်ပေါက် အနေဖြင့် အပျင်းပြေစတင်ကစားကြသည်။ ငွေကြေးအနည်းငယ်ဖြင့် စတင်ကြသည်။ စက်နှင့်အပြိုင်ဉာဏ်စမ်းကစားရသည့် ဂိမ်းမျိုးဖြစ်သည့် အပြင်ငွေကြေးပါထည့်ဝင်လောင်းရသည့်အတွက် ပိုမိုအာရုံစိုက်ပြီး စွဲလမ်းတတ်ကြောင်း ၎င်းက ရှင်းပြသည်။

တရားဝင်ခွင့်ပြုချက်မရှိ ဖွင့်ထားသည့် ရပ်ကွက်များအတွင်းမှ ကာစီနိုဂိမ်းဆိုင် အသေးလေးများမှာ ရပ်ကွက်မြို့နယ်မှသက်ဆိုင်ရာ အဖွဲ့အစည်းများကို တစ်လလျှင် ကျပ်ငါးသိန်းမှ ခုနစ်သိန်းကြားပေး၍ ဖွင့်လှစ်ကြခြင်းဖြစ်သည်။ ဂိမ်းဆိုင်တစ်ဆိုင်၏ တစ်ရက်ဝင်ငွေမှာ အနည်းဆုံးကျပ်သုံးသိန်းမှ ဆယ်သိန်းကြားရှိကြောင်း သိရသည်။

ဂိမ်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ရန်အတွက်တရုတ်နိုင်ငံထုတ်ဂိမ်းစက်ရှစ်လုံးတစ်တွဲကို ကျပ် သိန်း ၃၀ ဝန်းကျင်ဖြင့် နယ်စပ်မှ တစ်ဆင့်တင်သွင်းကြကြောင်း သိရသည်။

နှစ်လုံး၊ သုံးလုံးထီများ အနည်းငယ်ငြိမ်သက်ချိန်တွင် ဘောလုံးပွဲများက နေရာယူခဲ့သည်။ ယခုလည်း ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ကာစီနိုဂိမ်းများက ကြီးစိုးနေသည်။ ကျေးလက်ဒေသများတွင်လည်း ချဲထီ၊ နှစ်လုံးထီများနှင့် လောင်းကစားများ၏နှိပ်စက်မှုများက နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကပင်နှုတ်မှဖွင့်ဟတားဆီးရသည်အထိ ဖြစ်လာသည်။

"မိုးစပါး၊ နွေစပါးပဲဖြစ်ဖြစ် စိုက်ပျိုးရေးအတွက် ထောက်ပံ့ကြေးပေးရင် ချဲမထိုးဖို့၊ လောင်းကစားမလုပ်ဖို့ သတိပေးရတယ်" ဟု ဆန်စပါးအထူးပြုကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ဦးကပြောဖူးသည်။




## မန်ကျည်းဖူးကြော်

ဒီတစ်ပတ်လည်း ဝိုက်ဖီက မိုးဦးလေဦးမှာ ရာသီပေါ် စာလေးတစ်ခွက် ပြင်ဆင်ထားပါတယ်။

ဈေးထဲက မန်ကျည်းဖူး (မန်ကျည်းသီးသီးမယ့်အဖူး)လေးတွေကို ရေနွေးဖြောပြီးသား (ဒါမှမဟုတ်) အစိမ်းအတိုင်းကို နို့ဆီတစ်ဘူး (ဒါမှမဟုတ်) ၁၀ ကျပ်သားလောက် ဝယ်ပါမယ်။ အစိမ်းလိုက် ဝယ်ယူရင်တော့ အိမ်ရောက်မှ ရေနွေးဖြောပါမယ်။

ကြက်သွန်ဖြူနီကို နန္ဒင်းလေးနဲ့ဆီသတ်ပါမယ်။ ငါးပိလက်သည်းခွံလောက်လည်း ထည့်ပေးပါ။ ပြီးရင် ငရုတ်သီးစိမ်းထက်ခြမ်းခွဲထားတာလေးကို ထည့်ပါ။ ရေနွေးဖြောထားတဲ့ မန်ကျည်းဖူးထည့်ပါမယ်။ နောက်ဆုံးမှာ ငံပြာရည်၊ ဟင်းခတ်မှုန့်ထည့်ပါမယ်။

ဒါဆိုရင်တော့ အင်မတန်အရသာရှိတဲ့ ရာသီပေါ် အရံဟင်း တစ်ခွက်ရပြီပေါ့။








| Procedures | | Fixed Price Packages* |
|---|---|---|
| Angiogram# | Day Surgery | S$ 3,785.66 |
| Angiogram# | 4 - bedded | S$ 3,946.16 |
| Percutaneous Coronary Intervention^ | 4 - bedded | S$ 18,404.00 |
| Angiogram with Percutaneous Coronary Intervention#^ | 4 - bedded | S$ 18,725.00 |

* Fixed price packages inclusive of doctors' fees and stent. Call for details.

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# မှိန်ဖျော့လာသည့် ဂျော့အော်ဝဲလ်၏ မြန်မာရက်စွဲများ

**ထားထားမြင့်**

ဗြိတိသျှစာရေးဆရာကြီး ဂျော့ အော်ဝဲလ်က သူကျင်လည်ခဲ့သည့် ဧရာဝတီမြစ်ကမ်းဘေး ကိုလိုနီ နယ်မြေကနေ ဗြိတိသျှအင်္ဂလိပ်တို့၏ မောက်မာဝင့်ကြွားသည့် ပုံရိပ်ကို သူ၏ပထမဆုံး ဝတ္ထုစာအုပ်ဖြစ်သည့် မြန်မာရက်စွဲများ စာအုပ်တွင် ရေးသားပုံဖော်ခဲ့ဖူးသည်။

၎င်းက မောက်မာသော အင်္ဂလိပ်ဇာတ်ဆောင်များကို မျက်နှာဖြူများသာ ဝင်ရောက်ခွင့်ရှိသည့် ကလပ်မှ ရေလိုသွန်မတတ် ဝီစကီများ၊ အငွေ့ပျံမတတ် အပူရှိန် စသည်တို့ဖြင့် သူကတန်ဆာဆင်ပေးခဲ့သည်။ တောနက်ကြီးထဲကို ဖြတ်မောင်းလာသည့် မန္တလေးမြို့မှ ရထားတစ်စင်းသည်သာလျှင် ပြင်ပကမ္ဘာနှင့် သူနေသော ဒေသကို ဆက်သွယ်ထားသည့် လမ်းကြောင်းဖြစ်ခဲ့သည်။

ဗြိတိသျှနယ်ချဲ့များ စွန့်ခွာသွားသည်မှာ ကြာပြီဖြစ်သော်လည်း သူ၏ဝတ္ထုထဲမှ ကျောက်တံတားအဖြစ် ဂျော့အော်ဝဲလ်ပုံဖော်ခဲ့သည့် ကသာမြို့မှာ မြန်မာနိုင်ငံ၏ မြောက်ပိုင်းမှ သွားလာရခက်ခဲသော နေရာတစ်ခုအဖြစ် ဝေးလံအထီးကျန်စွာ ရှိနေမြဲဖြစ်၏။

ဗြိတိသျှရဲအရာရှိ တစ်ဦးအဖြစ် မြန်မာနိုင်ငံအဝန်း၌ ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ဂျော့အော်ဝဲလ်က ၁၉၂၇ တွင် ကသာမှာ နောက်ဆုံးတာဝန်ကျခဲ့ပါသည်။ ထိုဒေသ၌ ဂျော့အော်ဝဲလ် ကြွင်းကျန်ခဲ့သည့် နောက်ဆုံးအငွေ့အသက်များမှာ မီးလင်းဖိုနှင့် တစ်ချိန်က ခံ့ညားခဲ့သည့် လှေကားထစ်များ ရှိရာ နှစ်ထပ်သစ်သားအိမ်တစ်လုံးသာ ဖြစ်သည်။ အိမ်နံရံများမှာ ဆေးကွာကျနေပြီး အိမ်ထဲမှာလည်း ဖုန်မှုန့်များ ဖုံးအုပ်နေသည်။ တစ်ချိန်က ဂျော့အော်ဝဲလ်၏ အစေခံများ ချက်ပြုတ်ခဲ့ရာ မီးဖိုချောင်မှာလည်း ပျက်စီးနေပြီး အမိုးများပင်မရှိတော့ပါ။ သစ်ရွက်ကြွေများ ကကြမ်းပြင်ပေါ်မှာအပြည့်။ အစိုးရအရာရှိတစ်ဦး၏ မိသားစုဝင်များက အိမ်အဆောင်တစ်ခု အတွင်းမှာ ရှိနေကြပြီး အိမ်ရှေ့တံခါးမကြီး၏ အပြင်ဘက်တွင် သူတို့၏ အဝတ်များကိုလှန်းထားကြသည်။

လူဦးရေ ၂၃,၈၃၀ ရှိသည့်ထို ကသာမြို့လေးမှ လူအများစုမှာ ဂျော့အော်ဝဲလ် အကြောင်းကို ကောင်းကောင်း မသိကြပါ။



*ကမ္ဘာကျော် ဗြိတိသျှ စာရေးဆရာ ဂျော့အော်ဝဲလ် နေထိုင်ခဲ့သောအိမ်*  *ဓာတ်ပုံ* -NewYork Time

မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် စစ်ဗိုလ်ချုပ်များက ဂျော့အော်ဝဲလ်ရေးသားခဲ့သည့် မြန်မာရက်စွဲများ စာအုပ်မှ ဗြိတိသျှများကိုဆန့်ကျင်ရေးသားထားသည့်အကြောင်းအရာများကို သဘောကျနှစ်ခြိုက်ခဲ့သော်လည်း ထိုဝတ္ထုမြန်မာဘာသာပြန်ကို သိပ်မတွေ့ရပါဟု ကာတွန်းဆရာနှင့် ဒီဇိုင်းနာ ညိုကိုနိုင်က ပြောကြားသည်။

ကာတွန်းဆရာညိုကိုနိုင် က စာရေးဆရာ ဂျော့အော်ဝဲလ်၏ အိမ်နှင့်ဥယျာဉ်ကိုပြန်လည်ထိန်းသိမ်းရန် သက်ဆိုင်ရာတာဝန်ရှိသူများကို တွန်းအားပေးနေသော အဖွဲ့တစ်ခု၏ အသင်းဝင်ဖြစ်သည်။ တရုတ်စကားပင်များ၊ စိန်ပန်းပင်များ ပေါက်ရောက်နေသည့် ဂျော့အော်ဝဲလ်နေထိုင်ခဲ့ရာ သုံးဧကရှိခြံကြီးမှာ ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့နေသည်။

ကာတွန်းဆရာ ညိုကိုနိုင်က ဝန်ကြီးချုပ် စိတ်ဝင်စားလာစေရန်အတွက် ဂျော့အော်ဝဲလ်အကြောင်း အမှတ်တရပုံများကို သူ့အမျိုးသမီး၏ စားသောက်ဆိုင်၌ ခင်းကျင်းပြသခဲ့သည်။ ခင်းကျင်းပြသထားသည့်အရာများအနက် မြန်မာရက်စွဲများ ဝတ္ထုစာအုပ်၏မျက်နှာဖုံးဟောင်းလည်း ပါဝင်ပါသည်။ မျက်နှာဖုံး ပုံမှာ ထိုင်နေသော အင်္ဂလိပ်လူမျိုးတစ်ဦး၏ ဘေးကခုံပေါ်တွင် ဖိနပ်ကျကျ အနားယူနေသော ခွေးတစ်ကောင်နှင့် ထိုအရာရှိကို သူ့အစေခံမလေးက ယပ်တောင်ခတ် ပေးနေသည့် ပုံဖြစ်သည်။

"အစိုးရဆီက အခုထိတော့ တရားဝင်ဘာအကြောင်းမှ မပြန်သေးပါဘူး။ သူတို့ ဒီအိမ်ကို ပြန်လည်ထိန်းသိမ်းမယ်လို့ မျှော်လင့်ပါတယ်" ဟု ညိုကိုနိုင်က ဆိုသည်။

နိုင်ငံရပ်ခြားမှ ဂျော့အော်ဝဲလ်၏ စာဖတ်ပရိသတ်များကမူ ဧရာဝတီမြစ်မှ ဇိမ်ခံသင်္ဘောခရီးစဉ်ဖြင့် ကသာမြို့ကို ဆန်တက်၍ ရောက်လာတတ်ကြသည်။ ကသာမြို့ကိုရောက်နိုင်သည့် အခြားခရီးလမ်းတစ်ခုကမူ ဗန်းမော်မြို့မှ ခြောက်နာရီကြာ ကားဖြင့် သွားရသည့် ဖုန်ထူလမ်းကြမ်းခရီး ဖြစ်သည်။

**စာမျက်နှာ(၃၂ )သို့**



TRI
LIVES BRILLIANTLY

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

မျက်နှာဖုံးမှ

## ဒီမိုကရေစီအင်အားစုများနှင့် တရုတ်၏ အိမ်ဦးကြမ်းပြင်ဆက်ဆံရေး

မြန်မာနိုင်ငံနှင့်ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်သွားမည်ဟုတရုတ်သံရုံးကဆိုသည်။ နယ်ပယ်ပေါင်းစုံမှ ဩဇာရှိသည့်သူများနှင့်လည်းထိတွေ့ဆက်ဆံရေးမူကိုလည်း ကျင့်သုံးမည်ဟုလည်း၎င်းကဆိုသည်။

"အတိတ်ကတရုတ်ကစစ်အစိုးရကို ထောက်ခံခဲ့ပြီး ကျွန်တော်တို့ ပြည်သူတွေရဲ့ သဘောထားကို လျစ်လျူရှုခဲ့တာတွေရှိတယ်။ အခုအပြောင်းအလဲမှာကျွန်တော်တို့ပြည်သူတွေရဲ့အခြေအနေတွေကိုသိအောင် လုပ်တဲ့ သူတို့မူဝါဒ သဘောထားပြောင်းလဲလာတယ်လို့ ထင်တယ်။ ဒါကရှင်းပါတယ်။ မြန်မာပြည်သူတွေရဲ့ သဘောထားတွေကို လျစ်လျူရှုလို့မရဘူးဆိုတာသူတို့သိလာတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုမြဲအေးကပြောသည်။

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတွင် ပိုမိုအရေးပါသည့်ဒီမိုကရေစီအင်အားစုများနှင့်ထိတွေ့ဆက်ဆံရေးကိုတရုတ်တို့ဘက်မှ အင်တိုက်အားတိုက်ပြုလုပ်လာကြောင်းမြန်မာ့ဒီမိုကရေစီအင်အားစုများကပြောသည်။

"စစ်အစိုးရလက်ထက်မှာရော အစိုးရအဆက်ဆက်လက်ထက်မှာရော အစိုးရချင်းဆက်ဆံရေးပဲပေါ့။ သူတို့(တရုတ်)ကျင့်သုံးတဲ့ မူကအဲဒါပဲလေ။ အခုကျတော့ ပြည်သူဗဟိုပြုတဲ့ ဒီမိုကရေစီခေတ်ကို တကယ်တမ်းပြောင်းတော့မယ်ဆိုတော့ သူတို့နိုင်ငံတကာဆက်ဆံရေးမှာလည်း မြန်မာနိုင်ငံအပေါ် ပြောင်းလဲဆက်ဆံရမယ်ဆိုတာသိမြင်လာတာပေါ့" ဟု NDFခေါင်းဆောင်ဦးခင်မောင်ဆွေက မြန်မာဒီမိုကရေစီအင်အားစုများအပေါ် ပြောင်းလဲလာသည့် တရုတ်၏သဘောထားကို ဧပြီလအတွင်း 7Day နှင့် တွေ့ဆုံမေးမြန်းချိန်ကပြောကြားထားသည်။

မြန်မာ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အမေရိကန်ပြည်ထောင်စုနှင့်အနောက်ကမ္ဘာတို့ကလက်ကမ်းကြိုနေချိန်တွင် မြန်မာနိုင်ငံတွင် တရုတ်တို့၏ အရေးပါမှုမှာလျော့ကျလာဖွယ်ရှိကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူများသုံးသပ်နေကြချိန်ဖြစ်သည်။

တရုတ်တို့ကအဆိုပါအချက်ကို သတိထားကိုင်တွယ်လာပြီး မြန်မာနိုင်ငံတွင် ၎င်း၏အရေးပါဆဲ အခန်းကဏ္ဍကို မပျောက်ပျက်ရန်ခြေလှမ်းကျဲကျဲဖြင့် လှုပ်ရှားနေကြောင်း မြန်မာ့နိုင်ငံရေးသမားများကပြောသည်။

ဘေဂျင်းသည် ပြုပြင်ပြောင်းလဲရေးများကိုမြန်မြန်ဆန်ဆန်လုပ်ခဲ့သည်။ မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် ဆက်ဆံရေးတွင် သဘောထားတင်းမာသည်ဟု ဝေဖန်ခံခဲ့ရသော သံအမတ်ဟောင်းကိုပြန်ခေါ်သည်။ ယခင်က သံအမတ်ဟောင်းကို မြန်မာနိုင်ငံအပေါ် တရုတ် မူဝါဒရေးရာနှင့်ပတ်သက်လျှင် သဘောထားတင်းမာသူအဖြစ် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်စဉ် အမည်ဆိုးဖြင့် ကျော်ကြားသည်ဟုဆိုကြသည်။

၎င်း၏နေရာတွင် အစားဝင်လာခဲ့သောသံအမတ်သစ်မစ္စတာ Yang Houla မှာ သဘောထားပျော့ပျောင်းပြီး အေးအေးဆေးဆေးရှိသည်ဟု သံတမန်အသိုင်းအဝန်းကဆိုသည်။

သံအမတ်သစ်သည် မြန်မာ့ဒီမိုကရေစီ၏ပြယုဂ်တစ်ခုအဖြစ်နိုင်ငံတကာကလက်ခံထားသော ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ အရောက်သွားကာ နိုဘယ်ဆုရှင်ကိုတွေ့ဆုံသည်။ ထိုမျှမကသေး။ ၂၀၀၈ခုနှစ်ရွေးကောက်ပွဲဝင်ဒီမိုကရေစီအင်အားစုများဖြစ်သော အမျိုးသားဒီမိုကရေစီအင်အားစု(NDF)အပါအဝင်တိုင်းရင်းသားပါတီများနှင့်လည်း မကြာခဏတွေ့ဆုံခဲ့သည်။

မြန်မာ့ဒီမိုကရေစီအင်အားစုများကို ထိတွေ့ဆက်ဆံရာတွင် မြန်မာ့မြေပေါ်မှာသာမက၎င်းတို့နိုင်ငံသို့ခေါ်ယူကာ နှစ်ဖက်အကြားဆွေးနွေးမှုများတရုတ်တို့ဘက်က သိသိသာသာပိုလာခဲ့သည်။ တစ်ပါတီအာဏာစနစ်သာ ကြီးစိုးရာ၊ ဒီမိုကရေစီလှုပ်ရှားမှုများကို ထိန်းချုပ်ကန့်သတ်ထားရာ တရုတ်နိုင်ငံဆီသို့မြန်မာဒီမိုကရေစီအင်အားစုများကိုခေါ်ယူကာ လေ့လာရေးခရီးများ၊ တရုတ်ကွန်မြူနစ်ပါတီနှင့် တွေ့ဆုံပွဲများကိုလည်း အကြိမ်ကြိမ်ပြုလုပ်လာခဲ့သည်။

အဆိုပါတွေ့ဆုံမှုများကို တရုတ်နိုင်ငံတွင် သုံးစွဲရန် ပိတ်ပင်ထားသော Facebookကဲ့သို့သော လူမှုကွန်ရက်များတွင် တင်ကာ ရန်ကုန်အခြေစိုက်တရုတ်သံရုံးက မြန်မာပြည်သူများထံချပြလာသည်။ ရန်ကုန်အခြေစိုက် တရုတ်သံရုံး၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် မြန်မာ့ဒီမိုကရေစီအင်အားစုများကနေရာယူလာကြသည်။ ပြုံးရယ်နေသည့် ၈၈မျိုးဆက်ကျောင်းသားများနှင့်တရုတ်သံအမတ်၊ဒေါ်အောင်ဆန်းစုကြည်နှင့်တရုတ်သံအမတ်၊NLD ခေါင်းဆောင်များနှင့် တရုတ်သံအမတ်၊ NDF ခေါင်းဆောင်များနှင့် တရုတ်သံအမတ်စသည့် မြန်မာ့အတိုက်အခံအင်အားစုများနှင့် တရုတ်သံအမတ်တို့၏ ပုံများသည် တရုတ်သံရုံး၏ Facebook စာမျက်နှာပေါ်တွင် ပြုံးပြုံးကြီးပေါ်လာပြန်သည်။

တရုတ်တို့ဘက်မှ မြန်မာ့ဒီမိုကရေစီအင်အားစုများ၊မြန်မာပြည်သူများနှင့် အပြုသဘောဆောင်သည့်ဆက်ဆံရေးကောင်းအောင်ကြိုးစားနေသော်လည်း မြန်မာပြည်သူတို့၏ အမြင်တွင် တရုတ်သည် ၎င်းတို့အတွက် မနှစ်မြို့စရာ အိမ်နီးချင်းအဖြစ်မြင်နေသေးသည်မှာအထင်အရှားပင်ဖြစ်သည်။

ဓာတ်ပုံအမှန်မဖော်ပြထားဘဲ ကျော်စွာဟုအမည်ပေးထားသော Facebook သုံးစွဲသူတစ်ဦးက တရုတ်နိုင်ငံ၏ မြန်မာပြည်တွင်းရင်းနှီးမြှုပ်နှံသော သတင်းတစ်ခု၏ အောက်တွင် "ကိုယ့်ကိုနှိပ်စက်ခဲ့တဲ့ အစိုးရကို ထောက်ခံသူကို ဘယ်သူမှမေ့မှာ မဟုတ်ဘူး" ဟု တရုတ်အပေါ် ၎င်း၏တေးမှတ်ထားသည့်သဘောထားမှတ်ချက်ပေးထားသည်။

မြန်မာသည် အခြားအိမ်နီးချင်းနိုင်ငံများထက် တရုတ်နှင့်နက်ရှိုင်းသော နှစ်နိုင်ငံဆက်ဆံရေးရှိခဲ့သည်။ ရှိနေဆဲလည်းဖြစ်သည်။ တရုတ်သည် မြန်မာအတွက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၅၀၀၀ ဝန်းကျင်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ ကန်ဒေါ်လာ သန်းပေါင်း ၅၀၅၂ ဒသမ ၃၂ရှိခဲ့ကြောင်း မြန်မာဘက်က ထုတ်ပြန်ခဲ့သည်။ ယင်းပမာဏသည် မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ကုန်သွယ်မှုစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်း ခန့်ဖြစ်ပြီးအမေရိကန်နှင့် မြန်မာအကြားကုန်သွယ်မှု၏ ၁၇ဆခန့်ဖြစ်သည်။

သို့သော်လည်း မြန်မာပြည်သူအများစုသည် အရည်အသွေးမပြည့်ဝသော တရုတ်ထုတ်ကုန်များအပေါ် စိတ်ကုန်နေကြပြီး တရုတ်ဆီသို့ ဈေးသက်သက်သာသာဖြင့် တင်ပို့နေရသော ၎င်းတို့နိုင်ငံ၏ သယံဇာတများအပေါ်တွင် လည်းနှမြောတသဖြစ်လျက်ရှိသည်။

မိုးမျှော်တိုက်ကြီးများ၊ ခေတ်မီလမ်းတံတားများရှိရာ တရုတ်နိုင်ငံဆီသို့မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးပါတီများကိုဖိတ်ခေါ်ဆွေးနွေးရာတွင်လည်း မြန်မာနိုင်ငံရေးအင်အားစုများက အမြဲလို တရုတ်ထံတောင်းဆိုသည့် အချက်ထဲတွင် အရည်အသွေးမမီသည့် တရုတ်ထုတ်ကုန်များကို စိစစ်ရေးသည်လည်း အပါအဝင်ဖြစ်သည်။

နိုင်ငံရေးပါတီများ၊ ကွန်မြူနစ်တိုင်းပြည်ထဲရောက်လျှင်မဖြစ်မနေပြောဆိုသည့်အချက်မှာ မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသည့် တရုတ်စီမံကိန်းများအကြောင်းလည်း အပါအဝင်ဖြစ်သည်။ တရုတ်သည် မြန်မာတွင် အဓိကရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားသောနိုင်ငံဖြစ်သည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံ မှုများမှတိုင်းပြည်တိုးတက်ရေးကိုအထောက်အကူပြုမည်ဟု နိုင်ငံရေးသမားများနှင့် မြန်မာပြည်သူများက မကြာခဏထုတ်ဖော်ပြောနေသော်လည်း တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများကို သဘောမတူကြ။ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများမှာ စစ်အစိုးရအရာရှိကြီးများနှင့် ၎င်းတို့နှင့် နီးစပ်သည့် စီးပွားရေးသမားများသာ အကျိုးအမြတ်ရနေပြီး ကျန်ပြည်သူအများစုမှာ စိုက်ပျိုးမြေများ သိမ်းဆည်းခံရခြင်းအပါအဝင် လူ့အခွင့်အရေးများ ချိုးဖောက်ခံရသည်ဟု ဆိုကာဝေဖန်ခံနေရသည်။

"တရုတ်ကုမ္ပဏီတွေအနေနဲ့ အစိုးရနဲ့ချုပ်ဆိုခဲ့တဲ့စာချုပ်တွေက ပွင့်လင်းမြင်သာမှုမရှိဘူး။ နစ်နာတဲ့ပြည်သူတွေကိုလည်းထိုက်တန်တဲ့ လျော်ကြေးတွေပေးတာမရှိခဲ့ဘူး။ အရင်တုန်းက စစ်အစိုးရနဲ့ နားလည်မှုယူပြီ တစ်ဖက်သတ်ချုပ်ခဲ့တဲ့ စာချုပ်တွေကို ပြင်ဖို့လိုတယ်" ဟု တရုတ်စီမံကိန်းများအပေါ် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအေးသာအောင်ကဝေဖန်သည်။

မြန်မာပြည်သူများ၏တရုတ်စီမံကိန်းများအပေါ် အထင်ရှားဆုံးဆန့်ကျင်မှုနှစ်ခုမှာ မြစ်ဆုံစီမံကိန်းနှင့် လက်ပံတောင်းတောင်စီမံကိန်းတို့ပင်ဖြစ်သည်။ ပြည်သူများ၏ ကန့်ကွက်မှုကြောင့် ရင်းနှီးမြှုပ်နှံငွေခန့်မှန်း အမေရိကန်ဒေါ်လာ သန်း ၃၆၀၀၀ခန့်ရှိသည့် မြစ်ဆုံစီမံကိန်းကို သမ္မတက ခေတ္တဆိုင်းငံ့ထားခဲ့ရသည်။ အလားတူ မြန်မာနိုင်ငံအလယ်ပိုင်းရှိလက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည်လည်း ကန့်ကွက်ခံရကာ NLD ဒေါ်အောင်ဆန်းစုကြည်ကြားဝင်မှုကြောင့်သာ ရပ်ဆိုင်းရမည့် အရေးမှ လက်မတင်လေးလွတ်မြောက်ခဲ့သည်။

နိုင်ငံရေးအင်အားစုများကို တရုတ်တို့ဘက်မှ ထိတွေ့ဆက်ဆံရာတွင် ၎င်းတို့စီမံကိန်းများကို လူထုကလက်ခံလာအောင် ကူညီရန်အ ကူအညီတောင်းလေ့ရှိကြောင်း နိုင်ငံရေးအင်အားစုများကပြောသည်။ ရပ်ဆိုင်းခံထားရသောမြစ်ဆုံစီမံကိန်းကိုပြန်စလိုကြောင်းလည်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံတိုင်းတရုတ်ဘက်က စကားစသည်။

တရုတ်စီမံကိန်းများကိုလက်ခံပေးရန် စည်းရုံးနေသည့်ကြားမှ တရုတ်အတွက်လွန်စွာအရေးပါသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှစ်ခုမြန်မာနိုင်ငံမှဖြတ်သန်းသွယ်တန်းထားသည့် စီမံကိန်းသည်လည်း ဒေသခံများ၏ ကန့်ကွက်မှုများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။

ထို့အပြင် တရုတ်နယ်စပ်တစ်လျှောက်တပ်စွဲထားသော မြန်မာတိုင်းရင်းသားလက်နက်ကိုင်များအရေးကလည်း နှစ်နိုင်ငံဆက်ဆံရေးအတွက်ထိလွယ်ရှလွယ်ပြဿနာများဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည်လည်း အဆိုပါလက်နက်ကိုင်များ၏ နယ်မြေအချို့ကိုဖြတ်သန်းသွားပြီး ယင်းပိုက်လိုင်းကြောင့် မြန်မာ့တပ်မတော်နှင့် တိုင်းသားလက်နက်ကိုင်များအကြားပစ်ခတ်မှုအချို့ဖြစ်ခဲ့သည်ဟု စွပ်စွဲမှုများလည်းထွက်ပေါ်ခဲ့သည်။

မြန်မာပြည်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင် များအရေးသည်နယ်စပ်တည်ငြိမ်ရေးအတွက် တရုတ်၏ အဓိကပူပန်မှုဖြစ်ကြောင်း တရုတ်သံရုံးပြောရေးဆိုခွင့်ရှိသူကဆိုသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် အတူတရုတ်တို့ကို သာမိုခိုအားထားခဲ့ရသော မြန်မာသည် တရုတ်လောင်းရိပ်အောက်က ထိုးထွက်သွားရန်ပြင်ဆင်နေကြောင်း နိုင်ငံရေးအကဲခတ်များကပြောသည်။ ထိုအခွင့်အခါသည် အရှေ့တောင်အာရှတွင် မဟာမိတ်သစ်ရှာနေသော အမေရိကန်အတွက် အခွင့်အလမ်းတစ်ခုအဖြစ်မိမိရရအသုံးပြုနေကြောင်း ၎င်းတို့ကပြောသည်။

ပြီးခဲ့သည့်နှစ်က မြန်မာ့ဒီမိုကရေစီအရေးအစဉ်အဆက်အားပေးခဲ့သောအမေရိကန် သမ္မတအိုဘားမား မြန်မာနိုင်ငံသို့ နာရီပိုင်းမျှလာသောခရီးတွင် တစ်စုံတစ်ယောက်၏ ပယောဂမပါဘဲ မြန်မာပြည်သူများက ရန်ကုန်လမ်းမများပေါ် အိုဘားမားကိုထွက်ကြိုကြသည်။ တရုတ်သမ္မတသစ် ရှီကျင်းပင်တစ်ယောက်မြန်မာပြည်ကို အလည်ရောက်လျှင် အိုဘားမားအလည်လာသလိုမြန်မာပြည်သူများထွက်ကြိုမည်လားဆိုတာကမူ ၎င်း၏မြန်မာ အပေါ်ထားရှိသည့်မူဝါဒများအပေါ်သာ မူတည်နေလိမ့်မယ်ဖြစ်သည်။

မြန်မာနိုင်ငံအကြောင်း သတင်းရေးသားရာတွင် ထင်ရှားသည့် ဆွီဒင်သတင်းစာဆရာဘာတေးလင့်တနာကတော့ မြန်မာသည် အင်အားကြီးသည့်နှစ်နိုင်ငံ၏ အားပြိုင်မှုအကြားဆွဲသွင်းခံထားရပြီး နှစ်ဖက်စလုံး၏ လွှမ်းမိုးမှုခံရကာ ကိုင်ရတွယ်ရမလွယ်သည့်အခြေအနေတွင် ရောက်နေကြောင်း၎င်း၏ဆောင်းပါးတစ်ပုဒ်တွင်သုံးသပ်ထားခဲ့သည်။ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျလှသော တည်နေရာတွင်ရှိသည့်မြန်မာတို့အတွက် ဆယ်စုနှစ်နှင့်ချီ၍ ခေတ်နောက်ကျခဲ့သည်ကို ချန်ထားပြီး နိုင်ငံသစ်တည်ထောင်နိုင်ရန်အတွက် စူပါပါဝါများအကြားစမတ်ကျကျကစားတတ်ရန်လိုကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။

TRADEMARK CAUTION
HYUNDAI MOBIS, a company incorporated in Republic of Korea at 140-2, Kye-dong, Chongro-gu, Seoul, is the Owner and Sole Proprietor of the following Trademark :

MOBIS

Reg. No.4/5682/2002
In respect of : "International class 12".
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 951371990 29 May 2013

စာ(၃)မှ

## အလယ်ပိုင်းဒေသ မိုးနည်းနိုင်၍ရာသီဥတုနှင့် ကိုက်ညီသော သီးနှံရွေးချယ်စိုက်ရန် ဦးထွန်းလွင် အကြံပြု

ဖြစ်ကြောင်း၊ မိုးဦးကာလတွင် ရေအလုံအလောက်မရပါက နွေစပါးရော၊ မိုးစပါးအတွက်ပါ အခက်အခဲရှိကြောင်း ဆန်စပါးသုတေသနပညာရှင် ဦးမျိုးအောင်ကျော်ကပြောသည်။

"အခုဆိုရင် ဆည်ကလည်း ရေမပေးနိုင်ဘူး။ မိုးကလည်းမရွာသေးတော့ စိုက်ထားတဲ့စပါးတွေအတွက် ရေမရဘူးဖြစ်နေတယ်" ဟု ရွှေဘိုမြို့နယ်မှ တောင်သူဦးလှမြိုင်ကပြောသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် နွေစပါးစိုက်ဧကများစွာရှိပြီး ရွှေဘိုခရိုင်တစ်ခုတည်း၌ပင် ဧကတစ်သိန်းခွဲခန့်ရှိကာစပါးခင်းများအတွင်းသို့ဒေသအခေါ် အောင်ရေပေးသွင်းရန် လိုအပ်နေကြောင်း ခရိုင်စိုက်ပျိုးရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးဦးကာလတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် ရေလိုက်ချက်မများသော နှမ်း၊ နေကြာကဲ့သို့ သီးနှံများကို တောင်သူများစိုက်ပျိုးသင့်ပြီး အကယ်၍ စပါးစိုက်ပျိုးမည်ဆိုပါက ရက်ပေါင်းကိုးဆယ်အတွင်း ရိတ်သိမ်းနိုင်သော သက်ငယ်စပါးမျိုးကိုသာ စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက အကြံပြုသည်။

"မသေချာမရေရာတဲ့မိုးကိုမျှော်ပြီး စိုက်ပျိုးနေရတာထက် သေချာတဲ့ မြေအောက်ရေကို အကျိုးရှိရှိအသုံးချနိုင်အောင် အစိုးရအနေနဲ့ အကောင်အထည်ဖော်သင့်တယ်" ဟု ၎င်းကဆိုသည်။

၂၀၀၆ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် မုတ်သုံ အဝင်နောက်ကျခြင်း၊ အထွက်စောခြင်း စသည့်ဖြစ်စဉ်များကြုံတွေ့ခဲ့ရ၍ မိုးရွာသွန်းသည့်ရက်သတ်မှတ်ချက်သည်လည်း ပြောင်းလဲခဲ့ရသည်။ ယခင်က မေ ၁၅ မှ အောက်တိုဘာ ၁၀ရက်အထိ ၁၄၅ ရက်မိုးရွာသွန်းခဲ့သော်လည်း ယခုအခါ ဇွန်လဆန်းမှ စက်တင်ဘာ ၁၅ရက်အထိ ၁၀၅ရက်သာမိုးရွာသွန်းသောကြောင့် ရက် ၄၀ခန့် လျော့ပါးသွားကြောင်း မိုးလေဝသပညာရှင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ယခုနှစ်တွင်လည်း မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ အဝင်နောက်ကျခဲ့ပြီး တောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် တစ်ပတ်ခန့်နှင့် အလယ်ပိုင်းဒေသကို ပုံမှန်ထက်သုံးရက်ခန့် နောက်ကျပြီးမှ ဝင်ရောက်ခဲ့ကြောင်း မိုး/ဇလညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

# Health

7DAY NEWS JOURNAL

Vol.12, No.12 • MAY 29 , 2013

## အေ့ဒ်စ်ကယ်ဆယ်ရေးဂေဟာ နေရာမလုံလောက်၍ ထပ်မံတိုးချဲ့မည်

**ရဲနောင်၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ-၂၂**

တောင်ဒဂုံနှင့် မြောက်ဒဂုံမြို့နယ်များရှိ အေအိုင်ဒီအက်စ် ကယ်ဆယ်ရေးဂေဟာများ၌ ရောဂါခံစားနေရသူ ၃၀၀ ကျော်မှာ နေရာမလုံလောက်မှုကြောင့် အရှေ့ဒဂုံမြို့နယ်တွင် စောင့်ရှောက်ရေးစင်တာတစ်ခု တည်ဆောက်၍ ပြောင်းရွှေ့သွားမည်ဟု အဆိုပါလုပ်ငန်းကို ဦးစီးလုပ်ဆောင်နေသူ ဒေါ်ဖြူဖြူသင်းကပြောသည်။

ပြောင်းရွှေ့မည့်အဆောက်အအုံမှာ သုံးထပ်တိုက်အဆောက်အအုံဖြစ်ပြီး စတင်တည်ဆောက်နေပြီဟု သိရသည်။ လက်ရှိအချိန်တွင် တောင်ဒဂုံ၌ အိမ်သုံးလုံး၊ မြောက်ဒဂုံတွင် တဲအိမ်အကြီးနှစ်လုံးဖြင့် ဝေဒနာရှင်များအား စောင့်ရှောက်ထားသည်။

"လူနာကများတော့ နေရာမလောက်ဘူး။ နွေမှာပြဿနာမရှိပေမယ့် မိုးတွင်းမှာ အဆင်မပြေနိုင်ဘူး"ဟု ဒေါ်ဖြူဖြူသင်းက ပြောသည်။

ကယ်ဆယ်ရေးဂေဟာများကို ၂၀၀၂ ခုနှစ်မှစ၍ တောင်ဒဂုံမြို့နယ်၌ စတင်ခဲ့ခြင်းဖြစ်၍ အစပိုင်းတွင် အားပေးမှုသာ ဆောင်ရွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လူနာများအား ARV ဆေးတိုက်ကျွေးနိုင်ခဲ့ပြီး HIV ရောဂါပိုးရှိသူပေါင်း ၅,၀၀၀ ကျော်ကို အခမဲ့ဆေးဝါးတိုက် ကျွေးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ အေအိုင်ဒီအက်စ်ရောဂါ ခံစားရသူ သုံးသိန်းခြောက်သောင်းကျော်တွင် ၃၀ ရာ ခိုင်နှုန်းခန့်သာ ARV (အေအာဗီ) ဆေးတိုက်ကျွေးနိုင်သည်ဟု ဖော်ပြထားသည်။



ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

*ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း ဦးစီးသည့် အေ့ဒ်စ်ကယ်ဆယ်ရေးဂေဟာ အတွင်းပိုင်းအား တွေ့ရစဉ်*

## ဖိလစ်ကုမ္ပဏီနှင့် ဓာတ်ရောင်ခြည်ကုထုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

**ရဲနောင်**

**ရန်ကုန်၊ မေ-၂၂**

ကွန်ပျူတာဓာတ်မှန်စနစ်တစ်မျိုးဖြစ်သည့် PET-CT Scan နှင့် ဓာတ်ရောင်ခြည်ကုထုံး (Radio Pharmacology) တို့ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချရေးအတွက် မြန်မာနိုင်ငံဓာတ်ရောင်ခြည်အဖွဲ့အစည်း (Myanmar radio society) နှင့် Philips ကုမ္ပဏီတို့ ပူးပေါင်း၍ ဆေးဝါးကုသမှုဆိုင်ရာ ပညာရေးအစီအစဉ်ကို ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။

ဆေးဝါးကုသမှုပညာရေးဆိုင်ရာ အစီအစဉ်တွင် ပါဝင်သူများအနေဖြင့် PET-CT အပါအဝင် ပုံရိပ်ဖတ်ခြင်းနည်းပညာ အခြေခံ၊ ဒုတိယအဆင့်တွင် အဆင့်မြင့် အသုံးချမှုနှင့် တတိယအဆင့်တွင် ပြည့်စုံသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ ကျွမ်းကျင်မှု ရလဒ်များကို လေ့လာရမည်ဖြစ်ပြီး ပထမအဆင့်ကို ၂၀၁၃ မေလမှ စတင်သွားမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ကျန်းမာရေးစောင့်ရှောက်မှု ပညာရပ်လေ့လာမှုအပြင် အရည်အသွေးမြင့် ဆေးပညာဆိုင်ရာ သင်ရိုးများနှင့် ဆေးကုသမှုဆိုင်ရာအချက်အလက်များကို အင်တာနက်မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်ရန် Philips ကုမ္ပဏီ၏ လေ့လာသင်ကြားရေးဌာနမှ ပြုလုပ်ပေးထားသည်ဆိုသည်။

"ဒီအစီအစဉ်ဟာ အာဆီယံဒေသအတွင်းမှာ မကြာသေးခင်က တည်ထောင်လိုက်တဲ့ ကုးစက်နိုင်ခြင်းမရှိသော ရောဂါများဆိုင်ရာ အာဆီယံကျန်းမာရေး ကွန်ရက်ကိုလည်း အားဖြည့်ရာရောက်ပါတယ်"ဟု အာဆီယံဒေသဆိုင်ရာ Philips ကုမ္ပဏီ အထွေထွေမန်နေဂျာ Vincent Chan က ပြောသည်။

ထို့အပြင် ကင်ဆာရောဂါ၊ ဦးနှောက်နှင့်အာရုံကြောရောဂါများနှင့် နှလုံးသွေးကြောရောဂါများကဲ့သို့သော ရောဂါများ ကုသရာတွင် ပိုင်နိုင်စိတ်ချစွာ အမျိုးအမည်ဖော်ထုတ်နိုင်မည့် Position Emission Tonography (PET) Computer Tomography(CT) Sacn ဖတ်ခြင်းစနစ်ကို ရန်ကုန်ဆေးရုံကြီးတွင် တပ်ဆင်သွားမည်ဟု သတင်းရရှိသည်။

မြန်မာ၊ အိန္ဒိယ၊ ဩစတြေးလျ၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဆေးပညာရှင်များသည် PET-CT Scan နည်းပညာဆိုင်ရာ ကျင့်သုံးမှုများ၊ ချူကလီးယားဆေးပညာဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ Philips Healthcare ၏ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ မေလ ၁၉ ရက်တွင် စာတမ်းဖတ်ပွဲ ကျင်းပခဲ့သည်။




## နားကြောဖြတ်ကြဦးမလား

**ရဲနောင်**

လေဖြတ်မည်ကိုစိုးရိမ်ကြသူများ၊ အခြားသောသွေးတိုး၊ ဆီးချို၊ နှလုံးရောဂါစသည့်ရောဂါများရှိလျှင် ပြန်လည်သက်သာကောင်းမွန်သည်ဟု ယုံကြည်ကြသူများကြား နားကြောဖြတ်သည်ဆိုသောကိစ္စမှာ တွင်တွင်ကျယ်ကျယ်ကြားနေရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိနားကြောဖြတ်ပေး သည်ဆိုသောနေရာများသို့တစ်ဆင့်စကားတစ်ဆင့်နားဖြင့် စုံပြုံ ရောက်ရှိခဲ့သည်။

"နားရွက်ရဲ့အနောက်ဘက်အပေါ်ပိုင်းနေရာလေးကို ဘရိတ်ဓားနဲ့ခွဲလိုက်တာ။ စပါးလုံးတစ်ထောက်စာလောက်ပဲ ရှိတယ်။ မနာပါဘူး၊ စပ်ဖျဉ်းဖျဉ်းလေးပဲဖြစ်သွားတာ"ဟု နားကြောဖြတ်ပေးသည်ဆိုသော သဃ်န်းကျွန်းမြို့နယ် ဘုန်းတော်ကြီးကျောင်းတစ်ခုသို့ သွားရောက်၍ ဆေးကုသမှုခံယူခဲ့သူဒေါ်အေးသန်းကဆိုသည်။

ကုသပေးသူများမှာ မန္တလေးမြို့မှ ဘုန်းတော်ကြီးများဖြစ်ပြီး သဃ်န်းကျွန်းမြို့နယ်၌ ယင်းကုသမှုပြုလုပ်ပြီးနောက် တောင်ဒဂုံမြို့နယ်၌ဆက်လက်ကုသပေးခဲ့သည်ဟုသိရသည်။

"လူတွေက အများကြီးဆိုတော့ မနက်စောစောကတည်းကလာပြီးတန်းစီခဲ့ရတယ်။ ပိုက်ဆံလည်းတစ်ပြားမှမပေးရပါဘူး"ဟု သဃ်န်းကျွန်းမြို့နယ်ဘုန်းတော်ကြီးကျောင်းသို့ နားကြောဖြတ်ရန် သွားရောက်ခဲ့သည့် ဇနီးမောင်နှံနှစ်ဦးကပြောသည်။

နားကြောဖြတ်၍ ဆေးကုသလျှင် အခကြေးငွေမယူဘဲ ကုသပေးသူများရှိသကဲ့သို့ အချို့နေရာများတွင် ဆေးကုသခအဖြစ် ငွေကျပ် တစ်သောင်းအထိ ကုန်ကျလေ့ရှိသည်။

ယခုကဲ့သို့ နားကြောဖြတ်၍ ကုသခြင်းသည် မြန်မာ့ဆေးနည်းတစ်ခုပင်ဖြစ်သည်ဟု နားကြောဖြတ်၍ ဆေးကုသပေးနေသော ရန်ကုန်မြို့ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှ မြန်မာဆေးဆရာတစ်ဦးက ပြောသည်။

ယင်းကုသနည်းကြောင့် ရောဂါ သက်သာသွားသည်ဟု အချို့သောသူများကဆိုသည်။ မည်သို့မျှထူးခြားမှုမခံစားရဟု ပြောဆိုသူများလည်းရှိသည်။

"ခေါင်းရင်းအိမ်က အဒေါ်ကြီးကတော့ သက်သာတယ်ပြောတာပဲ။ ဒါပေမဲ့ ကျွန်မတို့က ဘယ်လိုမှမထူးခြားဘူး။ အရင်ကလည်း သွေးတိုးရှိတယ်။ အခုလည်း သွေးတိုးအတွက် ဆေးခန်းပြ၊ ဆေးသောက်နေရတုန်းပဲ"ဟုနားကြောဖြတ်ဖူးသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

သို့သော် အနောက်တိုင်းဆေးပညာနယ်ပယ်တွင်မူ ယင်းသို့ပြုလုပ်ခြင်းကို လက်ခံခြင်းမရှိဘဲ အထောက်အထားမခိုင်မာသည့် ကုထုံးတစ်ရပ်ဟုသာ လက်ခံထားကြသည်။

လေဖြတ်ခြင်းသည် သွေးတိုးရောဂါရှိသူများ၊ နှလုံးရောဂါရှိသူများ၊ ဆီးချိုဝေဒနာရှင်များ၊ အဝလွန်သူများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲသူများ၊ အရက်အလွန်အကျွံသောက်သုံးသူများတွင် ဖြစ်ပွားလေ့ရှိပြီး လေဖြတ်ခြင်းမှ ကာကွယ်လိုပါက ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရမည့်အပြင် သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများရှိပါက ကျန်းမာရေးစစ်ဆေးမှုအမြဲပြုလုပ်၍ ဆေးပုံမှန်သောက်သင့်သည်ဟု ဆေးပညာရှင်ဆရာဝန်များအကြံပြုသည်။

နားကြောဖြတ်ခြင်းနှင့်ပတ်သက်၍ အထွေထွေရောဂါကုဆရာဝန်တစ်ဦးက"ဘယ်လိုမှစဉ်းစားလို့မရဘူး။ အဲဒီလိုနားအပေါ်လေးကိုဓားနဲ့နည်းနည်းလေးခွဲရုံနဲ့ လေဖြတ်တာကိုကာကွယ်တယ်ဆိုတာ"ဟုပြောသည်။

ရောဂါအမျိုးအမည်ပေါင်းစုံဖြစ်ပွားနေသောယနေ့ခေတ်အခါတွင် ကုသနည်းအမျိုးမျိုးရှိနေကြပြီး ယုံကြည်သူများနှင့် မယုံကြည်ကြသူများကြား အငြင်းပွားဖွယ်ရာများရှိနေမည်သာဖြစ်သည်။

လူတို့၏နားကို မျက်စိဖြင့်မြင်နိုင်သော နား၏အပြင်ဘက်အလယ်ပိုင်းနှင့် နားအတွင်းဟူ၍ ခွဲခြားထားပြီး ယခုကဲ့သို့နားကြောဖြတ်ခြင်းမှာ နား၏အပြင်ဘက်ပိုင်းတွင်သာဖြစ်ကြောင်း၊ နား၏အပြင်ဘက်အပိုင်းသည် နားစည်အား ကာကွယ်ပေးရန်နှင့် အသံလှိုင်းများနားစည်သို့ရောက်ရှိစေရန်အတွက်ဖြစ်၍ အရိုးနုများဖြင့် ဖွဲ့စည်းထားကာ သွေးကြောများ၊ အာရုံကြောများ ယင်းနေရာတွင်မရှိကြောင်း နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဒုတိယနှစ်သင်တန်းသားဆရာဝန်တစ်ဦးက ပြောသည်။


ယုံကြည်စိတ်ချနေ့စဉ်အာဟာရ
အတည်ပြုပြီး
အရပ်ပိုရှည်
ဉာဏ်ပိုကောင်း*
အားပိုရှိ**
Horlicks
"Taller, Sharper, Stronger" Claim based on Study at a famous boarding school in India using 2 servings per day of micronutrient enriched beverage v/s placebo over 14 months (Year 1999) in 869 school children. Horlicks is a nourishing beverage which when consumed as a part of regular diet can help meet nutritional requirements.
Sharper* - Improved Attention & Concentration, Stronger** - More muscles

Vol.12, No.12 • MAY 29 , 2013

## နေပြည်တော်ရှိ တပ်သိမ်းလယ်များတွင် မူလပိုင်ရှင်များ ဝင်ရောက်လုပ်ကိုင်

**သန်းထူး**

**နေပြည်တော်၊ မေ-၂၄**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ၂၀၀၄ ခုနှစ်ခန့် ကတည်းက တပ်ရင်းတပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်မြေများ၏ မူလပိုင်ရှင်လယ်သမားများသည် မိုးသီးနှံအတွက် ယနေ့မှစတင်၍ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စု၊ ညောင်မုတ်ဆိတ်၊ ရွာသစ်၊ ဂုတောင်နှင့် သာယာအေးကျေးရွာများမှ လယ်သမား ၁၀၀ ကျော်က နွား ၂၈ ရှဉ်းဖြင့် ၎င်းတို့၏ လယ်မြေဧက ၅၀၀ ခန့်တွင် စတင်၍ထွန်ယက်လုပ်ကိုင်ခြင်းဖြစ်သည်။ သီးနှံများ စိုက်ပျိုးရိတ်သိမ်းချိန်အထိ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း လယ်သမားများက ပြောသည်။

"စစ်တပ်က လာပါတယ်။ အရာရှိအဆင့်လည်းပါတယ်။ မှတ်တမ်းဓာတ်ပုံရိုက်ယူသွားတယ်။ လယ်သမားတွေကိုတော့ဘာမှလုပ်မသွားဘူး"ဟု တောင်သူလယ်သမားအကျိုးဆောင် ဦးကျော်ဆွေလတ်က ပြောကြားသည်။ ယင်းဒေသတွင် လေယာဉ်ကွင်း လုံခြုံရေးအတွက် အမှတ် (၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အောက်ရှိ ခြေမြန်တပ်ရင်း (ခမရ) ၄၁၃ နှင့် ၄၁၄ တို့က ၂၀၀၄-၂၀၀၅ ခုနှစ်ကတည်းက အဆိုပါလယ်ယာမြေများကိုသိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

"အခုထယ်ထိုးတာက ခ. မ. ရ တပ်ရင်း ၄၁၄ က သိမ်းထားတဲ့ လယ်တွေပါ။ ၄၁၃ က သိမ်းထားတဲ့ လယ်တွေကတော့ မူလပိုင်ရှင်တွေကို လုပ်ကိုင်ခွင့်ပြန်ပေးထားတယ်"ဟု လယ်သမားတစ်ဦးက ပြောသည်။ယမန်နှစ်က မူလ ပိုင်ရှင်များကို သီးစားစနစ်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သော်လည်း ယခုနှစ်တွင်မူ လက်သင့်ရာလယ်သမားများကို လုပ်ကိုင်စေသောကြောင့် ယခုကဲ့သို့ ၎င်းတို့၏ ဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



*နေပြည်တော်အနီးရှိ လယ်ယာမြေများတွင် စပါးရိတ်သိမ်းနေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"မတရားဘူးဗျာ။ လိုအပ်တာထက်ပိုသိမ်းတယ်။ နောက်ပြီး မူလပိုင်ရှင်ကိုပြန်မပေးဘဲ အခြားနီးစပ်ရာကို လုပ်ခွင့်ပေးတယ်"ဟု ဦးကျော်ဆွေလတ်က ထပ်မံပြောသည်။ လယ်သမားများ ပြန်လုပ်ခွင့် ရသည်ဟုဆိုသော်လည်း သီးစားခအဖြစ် တစ်ဧကလျှင်စပါး ခုနစ်တင်းပေးရသည်ဟု လယ်သမားများက ဆိုသည်။

အထက်ပါ တပ်ရင်း၊ တပ်ဖွဲ့များက သိမ်းဆည်းထားသောလယ်ယာမြေများအတွက်လယ်တစ်ဧကလျှင်ကျပ်နှစ်သိန်း၊ ယာတစ်ဧကလျှင်ကျပ်တစ်သိန်းနှုန်းဖြင့် ၂၀၁၀ ပြည့်နှစ်က နစ်နာကြေးထုတ်ပေးခဲ့ကြောင်း၊ အဆိုပါနစ်နာကြေးသည် ဒေသပေါက်ဈေး၏ ၂၀ ရာခိုင်နှုန်းပင် မပြည့်သည့်အတွက် လယ်ပိုင်ရှင်များနှင့် ဆက်စပ်လုပ်သားများပါ အခက်အခဲများကြုံတွေ့လျက်ရှိကြောင်း ဒေသခံ ကိုမင်းဇော်က ပြောသည်။

လယ်ဝေးမြို့နယ်အတွင်း ပါဝင်သော အောင်ချမ်းသာကျေးရွာမှလယ်သမားများမှာမူ တပ်ရင်းတစ်ခုက နှစ်ပေါင်းနှစ်ဆယ်ခန့် သိမ်းဆည်း၍ သီးစားခယူလျက်ရှိသော ၎င်းတို့၏ လယ်ယာမြေအများစုကို ပြီးခဲ့သည့်နှစ်မှစ၍ ပြန်လည်လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း အဆိုပါရွာမှ ကိုမျိုးဝင်းက ပြောသည်။

## စစ်ကိုင်းတိုင်းဒေသကြီးတွင် သူတစ်ပါးထိခိုက်မှု အာမခံကြေး လျှောက်ထားသူနည်းပါး

**မျိုးမင်းဦး**

**ရန်ကုန်၊ မေ-၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိယာဉ်မတော်တဆမှုများတွင် မြန်မာ့အာမခံလုပ်ငန်း၌ သူတစ်ပါးထိခိုက်မှုအာမခံကြေးလျှောက်ထားသူနည်းပါးနေဆဲဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းမှ သတင်းရရှိသည်။

"ယာဉ်တိုက်မှုဖြစ်တယ်ဆိုရင် ပရီမီယံကြေး (သူတစ်ပါးထိခိုက်မှုအာမခံကြေး)လျှောက်ထားနိုင်ပါတယ်။ မော်တော်ယာဉ်မှတ်ပုံတင် ဆောင်ရွက်ချိန်ကစပြီး မြန်မာ့အာမခံလုပ်ငန်းမှာ သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးပေးသွင်းထားပြီး ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံ ဒေါ်အေးအေးသွင်က ပြောသည်။

ယာဉ်နှင့်ပတ်သက်သည့် သူတစ်ပါးထိခိုက်မှု အာမခံ၊ အလုံးစုံမော်တော်ယာဉ် အာမခံနှင့် ခရီးသွားအာမခံစသည့် မြန်မာ့အာမခံလုပ်ငန်းအကြောင်းသိကောင်းစရာ ဟောပြောပွဲကို မေလ ၂၀ ရက် နံနက်က စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီရုံးခန်း၌ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သူတစ်ပါး ထိခိုက်မှု အာမခံထားရှိသော စက်တပ်ယာဉ်များ အနေဖြင့် ယာဉ်မတော်တဆမှု၊ ထိခိုက်မှုများ ဖြစ်ပေါ်ချိန်တွင် အာမခံထားရှိသော မြန်မာ့အာမခံလုပ်ငန်းရုံးသို့ အကြောင်းကြားခြင်း၊ လိုအပ်သော လျှောက်လွှာပုံစံဖြည့်ခြင်းများ ဆောင်ရွက်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ သူတစ်ပါးထိခိုက်မှုအာမခံလျော်ကြေးမှာ ယခင်က သေဆုံးသူတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း ပေးခဲ့ရာမှ ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ သေဆုံးသူတစ်ဦးလျှင် ကျပ်ငါးသိန်းအထိ တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်ဟု ဆိုသည်။

၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် သူတစ်ပါး ထိခိုက်မှုအာမခံလျော်ကြေးတွင် ဒဏ်ရာရရှိသူ တစ်ဦး၊ သေဆုံးသူ ၁၄ ဦးအတွက် လျော်ကြေးငွေ ၇,၀၆၄,၀၀၀ ကျပ်ပေးလျော်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း စာရင်းဇယားများတွင် ဖော်ပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်ကဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများနှင့် ဒဏ်ရာရရှိသူ၊ သေဆုံးသူစာရင်းဇယားများအရ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ တမူး၊ ကသာ၊ ကလေး၊ မော်လိုက်၊ ခန္တီးစသည့် ခရိုင်ရှစ်ခရိုင်တွင် စုစုပေါင်းယာဉ်အမှု ၁,၁၃၂ မှု၊ ဒဏ်ရာရရှိသူ ကျား ၁,၃၀၈ ဦး၊ မ ၅၂၆ ဦး၊ သေဆုံးသူ ကျား ၂၄၄ ဦး၊ မ ၁၀၀ ဦးတို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ စာရင်းဇယားများအရ သိရသည်။




7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

## ချင်းပြည်နယ်တွင် ကျပ်၁၅၀၀ တန် ဆင်းမ်ကတ် သုံးထောင်ရောင်း

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၅**

CDMA 800MHZ မိုဘိုင်းစနစ် တပ်ဆင်ထားခြင်းမရှိသေးသည့် ချင်းပြည်နယ်တွင်WCDMA (3G) မိုဘိုင်းဆင်းမ် ကတ်များရောင်းချပေးသွားမည်ဟုမေလဆန်းပိုင်းက ကြေညာထားသော်လည်း အလုံးရေ ၃,၀၀၀ခန့် ပင် ရောင်းချပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မေ ၂၀ ရက်တွင် ရောင်းချပေးမည့် ဆင်းမ်ကတ် သုံးသိန်းခွဲတွင် CDMA 800 နက်ဝ့ခ်မမိသည့် ချင်းပြည်နယ်အတွက် WCDMA (3G)များရောင်းချပေးမည်ဟု ကြေညာထားသော်လည်း ပထမအသုတ်စတင်ရောင်းသည့် မေ ၂၃ရက်ကပင် အလုံးရေ ၁,၅၀၀ခန့်ကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စတင်ရောင်းချပေးခဲ့ကြောင်း ချင်းပြည်နယ်ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မေ ၂၃ ရက်က ပထမအသုတ် ၁,၅၀၀ရောင်းပေးတယ်။ မေ ၁၃ ရက်ကလည်း မေ၂၀ရက် ရောင်းမယ့် ဒုတိယအသုတ် အတွက် ၁,၅၀၀ရောင်းပေးပြီးပြီ"ဟု ၎င်းကပြောသည်။

မေ ၂၄ ရက်တွင် ရောင်းချရန်အတွက် ခွဲတမ်းအနေဖြင့် ချင်းပြည်နယ်၌အလုံးရေ ၁,၅၀၀ ရရှိခဲ့ခြင်းဖြစ်ပြီး ထိုနေ့၌ပင် မေလအတွက် ခွဲတမ်းအပါအဝင် အလုံးရေ ၃,၀၀၀ကို တစ်ပါတည်းထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောသည်။ ပြည်နယ်အစိုးရအဖွဲ့မှ ကော်မတီများဖွဲ့စည်း၍ လျှောက်လွှာခေါ်ယူကာ ရောင်းချပေးခဲ့ခြင်းလည်းဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

"ပထမအသုတ်၊ ဒုတိယအသုတ်တော့ရောင်းပြီးပြီ။ တတိယအသုတ်ကတော့ မသိရသေးဘူး။ အခုလောလောဆယ်တော့ ၂၀ ရက်ကစပြီး လျှောက်လွှာတွေခေါ်ထားတယ်" ဟု အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။တတိယအသုတ်အဖြစ် ရောင်းချသွားရန်အတွက် မေ ၂၁ ရက်တိုင် အကြောင်းကြားချက်တစ်စုံတစ်ရာမရသေးဘဲ ချင်းပြည်နယ်မှာ ကျပ် ၁,၅၀၀ တန် WCDMA(3G)ရောင်းချပေးသည့် ပထမဦးဆုံးပြည်နယ်ဖြစ်ကြောင်း သတင်းရရှိသည်။

# အပူပိုင်းဇုန် ရေအသုံးချမှုစီမံကိန်း ဇူလိုင်တွင်စတင်မည်

**သန်းထူး**

**နေပြည်တော်၊ မေ-၂၅**

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသ၌ ရေအရင်းအမြစ်အကျိုးရှိစွာ အသုံးချရေးစီမံကိန်းတစ်ခုကို လာမည့်ဇူလိုင်တွင်စတင်အကောင်အထည်ဖော်သွားရန်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

နှစ်စဉ် ပွင့်လင်းရာသီ၌ သောက်သုံးရေအခက်အခဲများနှင့်ကြုံတွေ့လာရသော စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများပါဝင်သည့် အဆိုပါအပူပိုင်းဇုန်ဒေသ ရေစီမံခန့်ခွဲရေးစီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ကပံ့ပိုးမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် ၅၀ ဝန်းကျင်က ဂျပန်နိုင်ငံတွင်လည်း မြန်မာနိုင်ငံအပူပိုင်းဇုန်ကဲ့သို့ကြုံတွေ့ဖူးကြောင်း၊ ကမ္ဘာ့ဘဏ်မှ နည်းပညာ ငွေကြေးအကူအညီများ ဆောင်ရွက်ခဲ့ရာယနေ့အချိန်တွင်သစ်သီးဝလံနှင့် ဆန်အဓိကထွက်သောဒေသဖြစ်နေကြောင်း အထက်ပါ စီမံကိန်းအတွက် အတိုင်ပင်ခံအဖြစ် ဆောင်ရွက်သူ ဂျပန်ပညာရှင်က ပြောသည်။



*ရေတုံကင်မှ ရေနှိပ်ယူနေသည့်ကလေးငယ်နှစ်ဦးအား ရွှေစက်တော်ဘုရားအနီးတွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"အဲဒီတုန်းကမြန်မာနိုင်ငံမှာ ဒီနေ့ပြုလုပ်နေသလို ရေမြောင်းတွေဖောက်၊ ရေကန်တူး၊ မြေပြင်လုပ်ငန်းတွေလုပ်ခဲ့တယ်"ဟု နေပြည်တော်တွင် ယခုလ ၁၄ ရက်က ပြုလုပ်သော အခမ်းအနားတစ်ခု၌ အထက်ပါပညာရှင်က ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ ရေအရင်းအမြစ်စီမံခန့်ခွဲရေးသိပ္ပံတစ်ခု အကောင်အထည်ဖော်ရန် ရှိကြောင်းလည်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ယခုလအစောပိုင်းက ပြောကြားခဲ့သည်။

အဆိုပါ အပူပိုင်းဇုန်ဒေသတွင် ပါဝင်သော ပျော်ဘွယ်မြို့နယ်မှ တောင်သူဦးကျော်လင်းကလည်း "ကျွန်တော်တို့ကတော့ ရေရမယ်ဆိုရင် ဝမ်းသာတာပဲ၊ ဒီလိုအခြားနိုင်ငံတစ်ခုကနေပါ လုပ်ပေးမယ်ဆိုတော့ ရေပိုရှားတဲ့အရပ်တွေက ပိုပြီးဝမ်းသာမှာပဲ။ အစိုးရကလည်း ဆက်လက်ပြီးလုပ်ပေးစေချင်တယ်"ဟု ၎င်း၏အမြင်ကို ပြောပြသည်။ အပူပိုင်းဒေသသည် ရေအတွက် ငွေအင်အားရော၊ လူအင်အားပါ များစွာသုံးစွဲနေရပြီး ရေရှားပါးမှုသည်လည်း နှစ်စဉ်ဆိုးရွားလာနေကြောင်း ဒေသခံအချို့နှင့် ပညာရှင်အချို့ကပြောဆိုလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# သုဝဏ္ဏဘူမိမြို့ဟောင်း ထိန်းသိမ်းရေး ပြင်ပစာတမ်းရှင်များဖိတ်ခေါ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

သုဝဏ္ဏဘူမိမြို့ဟောင်းထိန်းသိမ်းရေးအတွက် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ ပထမဆုံးအကြိမ် ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြင်ပစာတမ်းရှင်များ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်များဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် ပတ်သက်၍ အထောက်အထားများ၊ အကြံပြုချက်များ တင်ပြလိုပါက ဇွန်လဆန်းပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပမည်ဖြစ်သောကြောင့် စာတမ်းများကို အလုပ်ရုံဆွေးနွေးပွဲမတိုင်မီ နေပြည်တော်ရုံးချုပ်သို့ ပေးပို့နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

ရှေးဟောင်း သုတေသနပညာရှင်များ၊ သမိုင်းသုတေသနပညာရှင်များ၊ ပထဝီနှင့် ဘူမိဗေဒပညာရှင်များ၊ သုတေသီများ၊ ဒေသခံများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ ပေးပို့နိုင်ပြီး ရွေးချယ်ထားသော စာတမ်းများကို ဆွေးနွေးပွဲတွင် ဖတ်ကြားခွင့်ပြုမည်ဖြစ်သည်။

ယခုကဲ့သို့ ကျင်းပရခြင်းမှာ သုဝဏ္ဏဘူမိနှင့် ရာမညစကားရပ်သည် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ယုံကြည်ကိုးကွယ်မှုနှင့် မြန်မာ့ရိုးရာထုံးတမ်းဓလေ့တို့တွင် အရေးပါရုံသာမက အရှေ့တောင်အာရှဒေသတွင်း၌လည်း အရေးပါသော ယဉ်ကျေးမှုအမွေဖြစ်သောကြောင့် ပြန်လည်လေ့လာဆန်းစစ်ခြင်းကို ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

မွန်ပြည်နယ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကိုလိုနီခေတ် လွတ်လပ်ရေးရပြီးနောက် အစိုးရက ထိန်းသိမ်းကာကွယ်ခြင်းများ လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

ထို့အပြင် အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ် အထိမ်းအမှတ်အဖြစ်လည်း သတ်မှတ်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

# မြွေနှင့်လိပ်မျိုးစိတ်များ မှောင်ခိုဈေးကွက်မှ အများဆုံးတင်ပို့နေ

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

တရားမဝင်မှောင်ခိုဈေးကွက်တွင် မြွေမျိုးစိတ်များ၊ လိပ်မျိုးစိတ်များနှင့် တောက်တဲ့များ အများဆုံးတင်ပို့ရောင်းချနေကြကြောင်းသစ်တောဦးစီးဌာန၊ ဝန်းကျင်/ သားငှက်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းချမှုများကိုဖမ်းဆီးရာတွင် လင်းမြွေ၊ မြွေပွေး၊ မြွေဟောက်များကို အများဆုံးဖမ်းဆီးရမိပြီး သဘာဝပေါက်ပင်သစ်ခွများကိုလည်း ဖမ်းဆီးရမိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

တရားဥပဒေစိုးမိုးပြီး အစိုးရရုံးများလက်လှမ်းမီသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အများဆုံးဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



*တရားမဝင်မှောင်ခိုသယ်ယူရောင်းချသော လိပ်များကိုတွေ့ရစဉ်*

"ကချင်ပြည်နယ်ကတော့ လုံခြုံရေးအရ ကန့်သတ်ချက်ရှိထားတော့ တက်လာတဲ့စာရင်းမှာ နည်းပါတယ်။ တတ်နိုင်သမျှတော့ ဖမ်းဆီးအရေးယူဆောင်ရွက်မှုတွေလုပ်ဖို့နယ်စပ်ဖြတ်ကျော်ဂိတ်တွေမှာ ရွှေ့လျားစစ်ဆေးရေးအဖွဲ့တွေဖွဲ့စည်းထားပါတယ်" ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ရွှေ့လျားဖမ်းဆီးသည့် အဖွဲ့များကို အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံနယ်စပ် ဖြတ်ကျော်လမ်းများတွင် နေရာချထားကာ အရေးယူဖမ်းဆီး ဆောင်ရွက်မှုများပြုလုပ်သည်ဟုဆိုသည်။တရားမဝင်သားရဲတိရစ္ဆာန် တင်ပို့ရောင်းချခြင်းကို ဖမ်းဆီးရာတွင် ၂၀၁၃ ခုနှစ်တွင် ၂၄ မှုဖြစ်ပွားခဲ့ပြီး ယခု ဘဏ္ဍာနှစ်တွင် ၂၅ မှုဖြစ်ပွားခဲ့၍ ယခင်နှစ်ထက် တစ်မှုပိုလာသည်ဟု ဆိုသည်။

အများဆုံး ဖမ်းဆီးရမိသည့် တောရိုင်းတိရစ္ဆာန်စာရင်းတွင် ဆင်မပါသော်လည်း ယခုနှစ်အတွင်းတောရိုင်းဆင်များသတ်ဖြတ်၍ တရားမဝင်တင်ပို့ရောင်းချမှုသည်ယခင်ထက်များပြားလာခဲ့ပြီး ဖမ်းဆီးအရေးယူ ဆောင်ရွက်မှုများလည်း ရှိခဲ့သည်။ ယခုနှစ်အတွင်း တောရိုင်းဆင် တရားမဝင်အမဲလိုက်ခြင်း သုံးကြိမ်ရှိခဲ့သော်လည်း သစ်တောဦးစီးဌာနက တစ်မှုသာ ဖမ်းဆီးရမိသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေပိတောက် အထူးကုဆေးရုံ

Open Daily
AM(8:00)- PM(8:00)
ဆေးရုံခွဲမရှိပါ

အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ် ဆေးဝါးကုသရေးနည်းပညာရပ် (၈) မျိုး

၂။ အမေရိကန်နိုင်ငံမှ superconducting microwave နည်းပညာ
၃။ ဩစတေးလျနိုင်ငံမှ CH-2 ultrashort wave နည်းပညာ
၆။ ED ...

အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်သောရောဂါအမျိုးမျိုး

...လိင်အင်္ဂါကြွက်နို့(HPV)...

အမျိုးသမီး မီးယပ်ရောဂါအမျိုးမျိုး

...လိင်အင်္ဂါကြွက်နို့ (HPV)...

စအို၊ အူမကြီးအောက်ပိုင်းရောဂါအမျိုးမျိုး

... PPH ...



အမှတ် ၃၄/၃၅ ၊ ရွှေပိတောက်ရိပ်မွန် ၊ ဘုရင့်နောင်လမ်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Hot Line - 01 515202

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# မြို့ကြီးသုံးမြို့ရှိ အခြေခံပညာကျောင်းတစ်ရာကျော်တွင် နို့တိုက်ကျွေးမည်

**သန်းဌေး**

**ရန်ကုန်၊ မေ- ၂၅**

ရန်ကုန်-မန္တလေးနှင့် နေပြည်တော်ရှိအခြေခံပညာကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများကိုလာမည့် ဇွန် ၁၈ရက်မှ စတင်ကာ သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ယင်းအစီအစဉ်မှာ ၂၀၀၆ ခုနှစ်တွင်ပုဂ္ဂလိကအလှူရှင်များက စတင်တိုက်ကျွေးခဲ့ပြီး ပြည်ပနိုင်ငံမှ အလှူရှင်နှင့်ပြည်တွင်းမှကုမ္ပဏီတို့ ချိတ်ဆက်ကာ အမေရိကန်ဒေါ်လာရှစ်သန်းဖိုး လှူဒါန်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအခြေခံကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်းဦးဆောင် ကော်မတီအတွင်းရေးမှူး ဒေါက်တာအောင်ကြီးက ပြောသည်။

"ကလေးတွေကို စနစ်တကျ နို့တိုက်ကျွေးမယ်။ သောက်တဲ့ကလေးတွေ မတိုက်ခင်မှာ အရပ်အမောင်းနဲ့ ကိုယ်အလေးချိန်ကို မှတ်တမ်းတင်ထားမယ်။မသောက်ချင်ဘူးဆိုရင်တော့အတင်းမတိုက်ပါဘူး။နို့သောက်တဲ့ ကလေးတွေမှာလည်းနို့နဲ့မတည့်တဲ့ ခေါင်းမူးတာ၊ အော့အန်တာ၊ဗောက်မတည့်တာဖြစ်သလားဆိုတာပါကြည့်မယ်"ဟု ဒေါက်တာအောင်ကြီးက ပြောသည်။

နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် နှစ်စဉ်ပညာသင်ကြားနေသောကျောင်းသားကျောင်းသူများမှာငါးသန်းကျော်ရှိသောကြောင့် ယခုနို့တိုက်ကျွေးမည့် ပမာဏသည်မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းသားအားလုံး၏တစ်ရာခိုင်နှုန်းပင် မပြည့်မီသေးပေ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၂,၇၀၀ ကျော်ရှိရာ ယခုအစီအစဉ်၌ ကျောင်းပေါင်း ၁၁၀ ရှိကျောင်းသား၊ကျောင်းသူ ၁၇,၅၀၀ အတွက်သာစီစဉ်နိုင်သဖြင့်ငါးရာခိုင်နှုန်းပင်မပြည့်သေးကြောင်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေး ဝန်ကြီးဒေါက်တာမြင့်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့ကလေးတွေဟာအခုနောက်ပိုင်းမှာဖွံ့ဖြိုးမှုတွေ နိမ့်ကျလာတာတွေ့ရပါတယ်။အခုလို နို့ကို စနစ်တကျတိုက်ကျွေးမယ်ဆို အနာဂတ်မှာဖွံ့ဖြိုးတဲ့ ကလေးတွေ ဖြစ်လာနိုင်ပါတယ်။ အခုဟာက ရန်ကုန်တိုင်းမှာရှိတဲ့ ကျောင်းပေါင်းရဲ့နှစ် ဆယ့်ခုနစ်ပုံ တစ်ပုံကိုပဲနို့တိုက်နိုင်ပါသေးတယ်" ဟု ဒေါက်တာမြင့်သိန်းကပြောသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့တိုက်ကျွေးရန် မြို့နယ် ၄၃ မြို့နယ်ရှိကျောင်းပေါင်း ၁၁၀ ကို ပညာရေးဌာနမှ ရွေးချယ်ရာတွင် အချို့သောကျောင်းများမှာဆင်းရဲနွမ်းပါးသူ အများစု၏သားသမီးများတက်ရောက် ပညာသင်ကြားနေကြသော်လည်း စာရင်းထဲပါမလာရခြင်းအတွက် နားမလည်နိုင်ကြောင်း ၂၀၀၆မှ ၂၀၁၂ ခုနှစ်အထိ မင်္ဂလာဒုံမြို့နယ် အခြေခံပညာကျောင်းအမှတ် (၁၆) တွင် နို့တိုက်ကျွေးလှူဒါန်းခဲ့သော ငွေစင်ပုလဲနို့လုပ်ငန်းမှဦးတင်ဝင်းက ပြောသည်။

# နဝဒေးတံတားအောက် လူသတ်လုယက်ရာတွင် လွတ်မြောက်ခဲ့သူ ရှင်းလင်းမည်

**ဇော်မင်းထိုက်၊ နန်းအောင်**

**ရန်ကုန်၊ မေ- ၂၅**

နဝဒေးတံတားအောက်မှလူသတ်လုယက်မှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်ပေးနိုင်ရေးနှင့် ပတ်ဝန်းကျင်၏ ထင်ကြေးပေး ပြောဆိုမှုအပေါ် အသက်ရှင် ကျန်ရစ်သူမအိဇင်မိုးက နှစ်ပတ်အတွင်း သတင်းစာရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်မြို့၊ နဝဒေးတံတားအောက် လူသတ်လုယက်မှုမှာ မေ ၂၃ ရက်တွင် တစ်လပြည့်ပြီဖြစ်သော်လည်း အမှုမှန်ဖော်ထုတ်နိုင်ခြင်းမရှိသည့်အပြင် အသက်ရှင်ကျန်ရစ်သူမိန်းကလေးမိသားစုကိုပတ်ဝန်းကျင်ကထင်မြင်လွဲမှားစွာ ပြောဆိုမှုများရှိနေကြောင်း မအိဇင်မိုးက ပြောသည်။

"အမှုမှန်ကိုလည်း အမြန်ဆုံးဖော်ထုတ်စေချင်တယ်။ ဘာမှမဟုတ်ဘဲ ပတ်ဝန်းကျင်က တောင်ပြော၊ မြောက်ပြော ပြောနေကြတဲ့ အမြင်တွေကို ရှင်းလင်းပွဲ လုပ်သွားမယ်"ဟု မအိဇင်မိုး၏ ဖခင် ဦးမြင့်ကိုက ပြောသည်။

နဝဒေးတံတားအောက်မှ လူသတ်မှုနှင့်ပတ်သက်၍ တရားခံဟု စွပ်စွဲခံရသော တပ်မတော်သားသုံးဦးမှာလည်း ငြင်းဆန်လျက်ရှိပြီး အမှုနှင့်ပတ်သက်၍ အရပ်သားများကိုလည်း ခေါ်ယူစစ်ဆေးမှုများရှိနေကြောင်း သတင်းရရှိသည်။

ရပ်ကွက်ထဲတွင် ထင်ကြေးအမျိုးမျိုးပေးကာ ပြောဆိုမှုကို မိမိမှတ်မိသမျှ ပြောပြမည်ဖြစ်ကြောင်း၊ စစ်တပ်မှ အရပ်သားများကို ခေါ်စစ်နေခြင်းမှာလည်း မိမိပြောပြချက်ကြောင့် မဟုတ်ကြောင်း၊ မိမိတို့ကိုအမြင် မကြည်လင်ဖြစ်နေပြီး ယင်းကိစ္စနှင့် ပတ်သက်၍မိမိတို့မှာငွေကြေးတစ်စုံတစ်ရာလက်ခံ ထားခြင်းမရှိကြောင်း၊ အခင်းဖြစ်ပွားစဉ် ကာမကျူးလွန်ခံခဲ့ရသည်ဟု ထင်မြင်မှုများကို ရှင်းလင်းသွားမည်ဟု မအိဇင်မိုးက ဆိုသည်။

"ကျွန်တော်နဲ့သမီးလက်မှတ်ထိုးပြီး အမှုမှန်အမြန်ပေါ်ပေါက်ဖို့ သမ္မတထံ စာတင်ထားပါတယ်။ မေ ၂၀ ရက်က ကျွန်တော့်ကို စစ်တပ်အရာရှိရိပ်သာမှာ အရာရှိနှစ်ဦးခေါ်မေးတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခုံရုံးအသစ် ဖွဲ့တယ်လို့ပြောတယ်။ သမ္မတည္ဆွန်ကြားချက်နဲ့ လာတာလို့လည်း ပြောတယ်။ ထွက်ဆိုချက်နဲ့ပတ်သက်ပြီး လက်မှတ်ထိုးပေးရမယ်ဆိုပြီး ခုထိတော့ လက်မှတ်ထိုးခိုင်းဖို့ မရောက်လာသေးဘူး"ဟု ဦးမြင့်ကိုက ပြောသည်။

ယင်းအမှုနှင့်ပတ်သက်၍ အခင်းဖြစ်ပွားရာနေရာအနီးရှိစားသောက်ဆိုင်မှ စားပွဲထိုးတစ်ဦးကို စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှ ခုနစ်ရက်ကြာခေါ်ယူစစ်ဆေးခဲ့ပြီး မေ ၂၂ ရက် ညတွင် နေအိမ်သို့ ရောက်ရှိလာကြောင်း စစ်ဆေးခံခဲ့ရသူ ကိုမိုးဇော်က ပြောသည်။






# Education

7DAY NEWS JOURNAL

Vol.12, No.12 • MAY 29 , 2013




*ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များရောင်းသည့်ဆိုင်တွင် ဝယ်ယူနေသူတစ်ဦး တွေ့ရစဉ်* ဓာတ်ပုံ-ကျော်ဇင်သန်း

## အလယ်တန်းနှင့်အထက်တန်းပြဋ္ဌာန်းစာအုပ်များ အနည်းငယ်ဈေးတက်ဖွယ်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ - ၂၃**

ယခုပညာသင်နှစ် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ဈေးနှုန်းများ အနည်းငယ်မြင့်တက်သွားဖွယ်ရှိကြောင်း သတင်းရရှိသည်။

ပြဋ္ဌာန်းစာအုပ်များကို မူလတန်းအဆင့်ကျောင်းသား၊ကျောင်းသူအားလုံးသို့ အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်သော်လည်း အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား သတ်မှတ်နှုန်းထားများအတိုင်း ရောင်းချပေးသွားမည်ဖြစ်သည်။

"ကျောင်းသုံးစာအုပ်ဈေးနှုန်းတော့ မထွက်သေးပါဘူး။ နည်းနည်းတက်မယ်လို့ကြားထားတယ်။ ဘယ်လောက်ထိတက်မယ်ဆိုတာတော့ မသိသေးဘူး။ ကျောင်းသုံးစာအုပ်တွေကိုတော့ သက်ဆိုင်ရာကျောင်းတွေဆီ ဖြန့်ဝေထားပါပြီ" ဟု ပညာရေးဝန်ကြီးဌာနတွင် တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းသုံး စာအုပ်များကို အရည်အသွေး၊ ဒီဇိုင်းပုံစံများ ပြောင်းလဲရိုက်နှိပ်ပြီး ပုဂ္ဂလိကလုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနက စီစဉ်နေသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ကျောင်းအပ်နှံရေး သီတင်းပတ်ကာလမှစ၍ ကျောင်းသုံးစာအုပ် ၅၄ ဒသမ ၁၀သန်းကိုဖြန့်ဝေသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ ကျောင်းသုံးစာအုပ် အရောင်းဆိုင် ၈၂ဆိုင်သို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်းသတင်းရရှိသည်။

## အဆင့်မြင့်ပညာရေး နိုင်ငံတကာအဖွဲ့အစည်း ၂၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ- ၂၃**

ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်း ၂၆ခုတို့နားလည်မှု စာချွန်လွှာ(MOU) လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် စီစဉ်နေသည့် နိုင်ငံများတွင် အနောက်နိုင်ငံများဖြစ်သော ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီ၊ ဆွဇ်ဇာလန်နှင့် အာရှနိုင်ငံများဖြစ်သော စင်ကာပူ၊ ထိုင်း၊ တရုတ်၊ မလေးရှား၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ အီဂျစ်တို့မှ တက္ကသိုလ်နှင့် အဖွဲ့အစည်းများ ပါဝင်သည်ဟု ဆိုသည်။

အစိုးရသစ် လက်ထက်တွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်များ၊ပညာရေးအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများလက်မှတ်ရေးထိုးထားပြီ ဖြစ်သည်။

ပြည်တွင်းတက္ကသိုလ်များသည် နားလည်မှုစာချွန်လွှာများကြောင့် နိုင်ငံတကာနှင့် ပိုမိုထိတွေ့လာနေပြီး ပညာရေးဆိုင်ရာ အခွင့်အလမ်းအချို့ ပိုမိုရရှိလာနေသော်လည်း နိုင်ငံခြားတက္ကသိုလ်၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ခွင့် မရရှိသေးကြောင်း ရန်ကုန်တက္ကသိုလ်ဆရာများအသင်းမှ လက်ထောက်ကထိက ဆရာ တစ်ဦးက ဆိုသည်။

"နားလည်မှုစာချွန်လွှာလက်မှတ်ထိုးထားတဲ့အတွက် နိုင်ငံခြားကဆရာတွေလာရောက်သင်ကြားပို့ချပေးတာတွေ ရှိလာတယ်။ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ရှိလာတယ်။ ထိတွေ့မှု ပိုများ လာတယ်ပေါ့။ ဒါပေမဲ့ အချို့နိုင်ငံခြားတက္ကသိုလ်တွေက လာရောက်ပူးပေါင်းချင်ပြီး ဝန်ကြီးဌာနထိ တင်နေရတဲ့အတွက် တပ်ဆုတ်သွားတာတွေလည်းရှိနေတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး စုစုပေါင်း ၇၂ဦးကို နိုင်ငံတကာပညာရေးစနစ် ပိုမိုသိရှိလာစေရန်နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာပညာရေးအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုကောင်းမွန်စေရန် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ဆွေးနွေးပွဲများ၊ အစည်းအဝေးများ စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

## အဆင့်မြင့်ပညာဦးစီးဌာန ဝက်ဘ်ဆိုက်လွှင့်တင်

**ရန်ကုန်၊ မေ - ၂၄**

ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)က myanmar.education.edu. mm အမည်ဖြင့်ဝက်ဘ်ဆိုက်ကို မေလဆန်းက စတင်လွှင့်တင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာတွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်၊ အဆင့်မြင့်ပညာရေးမူဝါဒ၊ အဆင့်မြင့်ပညာရေးအဆင့်မြှင့်တင်မှုစသည့်အချက်အလက်များနှင့် သတင်းထုတ်ပြန်မှုများကိုဖော်ပြထားသည်။

"သတင်းကဏ္ဍပါလာတာ။အခုတော့တက္ကသိုလ်တွေမှာဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် တင်ဒါကြေညာချက် ထုတ်ပြန်ထားတာကိုပဲတွေ့ ရတယ်။ တခြားသတင်းအချက် အလက်တွေ ဖော်ပြပေးနိုင်မယ် ဆိုရင်တော့ပိုကောင်းမှာပါ" ဟု တက္ကသိုလ်မှ ဆရာတစ်ဦးက သုံးသပ်သည်။

ပညာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာတက္ကသိုလ်များတွင်လည်း ဝက်ဘ်ဆိုက်များတည်ထောင်ပြီး တက္ကသိုလ်အလိုက် ဖွင့်လှစ်နိုင်သော ကျွမ်းကျင်မှုသင်တန်းများ သတ်မှတ်ရေး၊ စီးပွားရေးလုပ်ငန်းများလိုအပ်ချက်နှင့် ကိုက်ညီသော သင်ရိုးပုံစံများရေးဆွဲနိုင်ရေးတို့အတွက် သတင်းအချက်အလက်များ ရယူစုဆောင်းသွားရန် စီစဉ်နေ ကြောင်းသတင်းရရှိသည်။

## အခြေခံပညာအဆင့် ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများ တိုးမြှင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ - ၂၃**

ယခုပညာသင်နှစ်မှစ၍ အခြေခံပညာပညာသင်ဆုနှင့်ပညာသင်ထောက်ပံ့ကြေးတိုးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။

အထက်တန်းပညာသင်ဆုအတွက်ကျောင်းသား၊ကျောင်းသူ၊ ၄၁၄ ဦးနှင့် အလယ်တန်းပညာသင်ဆုအတွက် ၁,၀၀၂ ဦးကို ချီးမြှင့်မည်ဖြစ်ပြီး တစ်လချီးမြှင့်ငွေမှာ အလယ်တန်းအတွက် ကျပ်နှစ်သောင်းနှင့် အထက်တန်းအတွက် ကျပ်သုံးသောင်းတိတိ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ယခင်နှစ်က စတင်ဆောင်ရွက်ခဲ့သော ပညာသင်ဆုအစီအစဉ်တွင် အလယ်တန်းအတွက် ကျပ်တစ်သောင်းနှင့် အထက်တန်းအတွက် ကျပ်တစ်သောင်းခွဲချီးမြှင့်ရန် သတ်မှတ်ထားခြင်းဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ အခြေခံပညာအဆင့် အတန်းတစ်တန်းလျှင် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၁,၀၂၂ ဦးနှုန်းဖြင့် သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူပေါင်း၁၁,၀၂၂ဦးကို ချီးမြှင့်မည်ဖြစ်သည်။

ယခင်နှစ်ကအတန်းတစ်တန်းလျှင် ကျောင်းသား၊ ကျောင်းသူ ၁,၀၀၀ ဦးနှုန်းဖြင့် စုစုပေါင်း ၁၁,၀၀၀ ဦးကိုပညာသင်ထောက်ပံ့ကြေး တစ်လလျှင် မူလတန်းအဆင့် ကျပ်ငါးထောင်၊ အလယ်တန်းအဆင့် ကျပ်ခြောက်ထောင်နှင့် အထက်တန်းအဆင့် ကျပ်ရှစ်ထောင်ကို ဇွန်လမှမတ်လအထိ ခံစားခွင့်ပြုရန် သတ်မှတ်ထားခြင်းဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက် စတင်ဆောင်ရွက်ခဲ့သော အခြေခံပညာအဆင့် ပညာသင်ဆု နှင့် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်တွင် ပညာသင်ဆုနှင့် ပညာသင် ထောက်ပံ့ ကြေးရရှိသော ကျောင်းသားဦးရေနည်းပါးနေပြီး ပညာသင်ဆုကြေးငွေပေးအပ်မှုလည်း နည်းပါးနေကြောင်း သုံးသပ်မှုထွက်ပေါ်ပြီးနောက် ယခုနှစ်တွင် တိုးမြှင့်ပေးအပ်သော အစီအစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။



အစာရွေးသောမူကြိုအရွယ်ကလေးငယ်များအတွက်
အသက်အရွယ်နဲ့ကိုက်ညီတဲ့စံမှန်သောအာဟာရ
HORLICKS NUTRITION ACADEMY
အရပ်အမြင့်
ကိုယ်အလေးချိန်
ဦးနှောက်ဖွံ့ဖြိုးမှု
1 အာဟာရဓါတ် A မှ Z ထိပြည့်စုံစေခြင်း
2 တစ်နေ့တာ အာဟာရသတ်မှတ်ချက် ၁၀၀% ပါဝင်ခြင်း
3 ဦးနှောက်ဖွံ့ဖြိုးမှုအတွက် DHA
အသက်အရွယ်နဲ့ကိုက်ညီတဲ့ စံမှန်သောအာဟာရ
junior Horlicks
DHA ပါဝင်ခြင်း
junior Horlicks®
Junior Horlicks is a nutritional food powder which as part of a regular daily diet helps meet your child's nutritional requirements. Nutrition is one of the many factors that influence growth and development of Children. This product is not an infant milk substitute or infant food for less than 2 years old. As per US guidelines 2000-2001 for 2-3 year olds.

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# Commodity Watch

စာမျက်နှာ(၂၇)မှ

## ဂျပန်-မြန်မာ အချစ်ဇာတ်လမ်း

နိုင်ငံများကဲ့သို့မဟုတ်ဘဲ ၂၀၁၁ ခုနှစ်တွင် စစ်ဘက်အုပ်ချုပ်ရေး အဆုံး သတ်ခဲ့သော မြန်မာနိုင်ငံ အပေါ် ကုန်သွယ်ရေးဆက်ဆံမှု ဆက်လက်ထားရှိခဲ့သည်။ ဂျပန်-မြန်မာ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံချိန်တွင်လည်း ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကြေးနှင့် နည်းပညာ အကူအညီ ယန်းငွေ ၄၀ ဘီလီယံဖိုးအထိ ပေးအပ်ရန် သဘောတူညီခဲ့သည်။ ချေးငွေသစ် ယန်း ၅၁ ဘီလီယံနှင့် ပေါင်းလိုက်ပါက ဂျပန်ဝန်ကြီးချုပ် ခရီးစဉ်အတွင်း စုစုပေါင်းယန်းငွေ ၉၁ ဘီလီယံ အကူအညီပေးအပ်သွားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ရန် ရည်မှန်းထားသော သီလဝါဆိပ်ကမ်း တည်ဆောက်မှုကို မစ်ဆူဘီရှီ၊ မာရူဘီနီ၊ ဆူမီတိုမို စသော ဂျပန်ကုမ္ပဏီကြီးများက ပါဝင်ကူညီ အကောင်အထည်ဖော်ပေးနေပြီး ဂျပန်ဝန်ကြီးချုပ်လည်း သွားရောက်ကြည့်ရှုခဲ့သည်။

"လတ်တလော ရေပန်းစားနေတဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မျှော်လင့်ချက်တွေ မြင့်မားပါတယ်"ဟု ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟီဒီဆူဂါက မေလ ၂၂ ရက်တွင် ပြောကြားခဲ့ပါသည်။

ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများတွင် အလုပ်သမားခများ မြင့်တက်လာသလို နယ်မြေအငြင်းပွားမှုကြောင့် တရုတ်နိုင်ငံနှင့်လည်း ဆက်ဆံရေးထိခိုက်ခဲ့သဖြင့် ဂျပန်ကုမ္ပဏီများမှာ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများချဲ့ထွင်ရန် စဉ်းစားနေကြသည်။

မြန်မာနိုင်ငံမှာလည်း တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးနှစ်နိုင်ငံကြား တည်ရှိနေပြီး ဒေသတွင်း၌လုပ်အားခဈေးအချိုဆုံးနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကုန်ထုတ်လုပ်ရေး လုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦး အတွက်လည်း ထိုင်း နိုင်ငံတွင် ကန်ဒေါ်လာ၆,၇၀၄၊ ဗီယက်နမ်တွင် ၂,၆၀၂ ဒေါ်လာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကန်ဒေါ်လာ ၁,၄၇၈ ကုန်ကျပြီး မြန်မာနိုင်ငံတွင် ၁,၁၀၀ ဒေါ်လာသာ ကုန်ကျကြောင်း ၂၀၁၂ခုနှစ် ဒီဇင်ဘာလက JETERO က ထုတ်ပြန်ထားသော စစ်တမ်း၌ ဖော်ပြထားသည်။

၂၀၁၀ခုနှစ်တွင် ဦးသိန်းစိန် တက်လာပြီးနောက်ပိုင်းဂျပန် နိုင်ငံက မြန်မာနိုင်ငံနှင့် ဆက်ဆံရေး နွေးထွေးရန်ကြိုးစားလာခဲ့ပြီး ယမန်နှစ်က ဦးသိန်းစိန်ကို ဂျပန်နိုင်ငံသို့ဖိတ်ခေါ်ခဲ့သလို ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုမှာလည်း ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံလာရောက်ခဲ့သည်။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ADBသို့ မြန်မာနိုင်ငံကပေးဆပ်ရန် ကျန်ရှိသော ကြွေးမြီများဆပ်နိုင်ရန် ကူညီခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်းဂျပန်နိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ ဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်၍ မြှင့်တင်ပေးသွားမည်ဖြစ်သလို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများတွင် ပါဝင်ကူညီမည်ဟု ပြောကြားသည်။

ထို့အပြင် မြန်မာနှင့် ဂျပန်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပိုင်း ပူးပေါင်းဆောင်ရွက်ရေး စောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး လုပ်ဆောင်သွားကြရန်လည်း ဝန်ကြီးချုပ် အာဘေးနှင့် မြန်မာ သမ္မတတို့က သံန္နိဋ္ဌာန် ပြုခဲ့ကြသည်။

ထို့အပြင် နိုင်ငံရေးနှင့် လုံခြုံရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးအတွက် လုံခြုံရေးနှင့် ဒေသဆိုင်ရာ အရေးကိစ္စများကို တိုးမြှင့်ဆွေးနွေးရန် ခေါင်းဆောင်နှစ်ဦးက ဆုံးဖြတ်ခဲ့ကြသလို ကာကွယ်ရေးတာဝန်ရှိသူများ အပြန်အလှန်လည်ပတ်ရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လည်း သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံကြား လူမှုရေးနှင့် ပုဂ္ဂလိကဆက်ဆံရေး ခိုင်မာစေရန် အလို့ငှာ မြန်မာလူငယ်တစ်ထောင်ခန့်ကို ဖိတ်ကြားသွားမည်ဟုလည်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားပါသည်။

ဂျပန်ဝန်ကြီးချုပ်သည် ၎င်း၏ ခရီးစဉ်အတွင်း ၂၀၀၇ ခုနှစ် ရန်ကုန်မြို့ ဒီမိုကရေစီအရေး ကန့်ကွက်ဆန္ဒပြမှုများကို ဓာတ်ပုံရိုက်ကူးနေစဉ် ပစ်ခတ်ခံရ၍ သေဆုံးခဲ့သော ဂျပန်နိုင်ငံသားဓာတ်ပုံသတင်းထောက် ကင်ဂျိနာဂါအိ သေဆုံးမှုကိုလည်း စုံစမ်းစစ်ဆေးပေးရန် ပြောကြားခဲ့ပါသည်။

—Ref: Japan Times/Bloomberg

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

မေ(၂၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 560,000 |
| Panasonic(LCD) | 32SC4S | 260,000 |
| Sony (LCD) | 35BX | 265,000 |
| Sony (LED) | 32EX33 | 315,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | RA20F17 | 175,000 |
| Hitachi | 190W | 235,000 |
| Panasonic | NR.BT224 | 235,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP | 240,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 245,000 |

အထက်ပါဈေးနှုန်းများမှာ မေ(၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၆,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၆,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၇,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၃၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၃၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၂၅)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

မေ(၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May(19) | 814 | 860 | 860 | 880 |
| May(20) | 814 | 860 | 860 | 880 |
| May(21) | 814 | 860 | 860 | 880 |
| May(22) | 814 | 860 | 860 | 880 |
| May(23) | 814 | 860 | 860 | 880 |
| May(24) | 814 | 860 | 860 | 880 |
| May(25) | 814 | 860 | 860 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **HP** | |
| IntelCore i3 1.4 GHz, 2GB DDR3,500GB HDD, HD,14" | 418,000 |
| Intel Core i5 1.7 GHz, 6GB DDR3, 640GB HDD, HD, 15.6" | 665,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 14" | 750,000 |
| Intel Core i7 2.4 GHz, 6GB DDR3, 750GB HDD, 15.6" | 997,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 559,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 603,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 1,064,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB, 17.3" | 1,130,000 |
| **Asus** | |
| Intel Core i3 2.5 GHz, 2GB, 500GB HDD, 14" | 459,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 569,000 |
| Intel Core i5 1.7 GHz, 6GB D3, 500GB HDD, 14" | 768,000 |
| Intel Core i7 2.0 GHz, 4GB DDR3, 750GB HDD, 14" | 873,000 |

# လူထုစိန်ဝင်းတစ်နှစ်ပြည့် အမှတ်တရပွဲ ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ မေ-၂၆**

သတင်းစာဆရာ၊ စာရေးဆရာ လူထု စိန်ဝင်းကွယ်လွန်ခြင်း တစ်နှစ်ပြည့်အမှတ်တရပွဲကိုဇွန်လ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အမှတ်တရပွဲနေ့တွင် လူထုဦးစိန်ဝင်းပညာသင်ဆုများကိုလည်း ထပ်မံဖိတ်ခေါ်သွားမည် ဖြစ် သည်။

၂၀၁၂ခုနှစ်ဇွန်လ၁၇ရက်က အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သော ဆရာလူထုစိန်ဝင်း၏ တစ်နှစ်ပြည့်အမှတ်တရပွဲတွင် ဆရာတော် အရှင်ဆေကိန္ဒ၊ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်တို့က အမှတ်တရစကားများ ပြောကြားကြမည် ဖြစ်သည်။ စာပေအသိုင်းအဝိုင်း၊ သတင်းစာ အသိုင်းအဝိုင်းမှ မိတ်ဆွေများ၊ ရေးဖော်ရေးဖက်များ၊ တပည့်များက တစ်နှစ်ပြည့် အမှတ်တရ ရေးသားထားသော စာအုပ်ကို ထိုနေ့တွင် ထုတ်ဝေမည်ဖြစ်ကြောင်း ဆရာလူထုစိန်ဝင်း၏ သမီးဖြစ်သူက ပြောသည်။

လူထုစိန်ဝင်းကွယ်လွန်ချိန်မှစ၍ တည်ထောင်ခဲ့သော လူထုစိန်ဝင်း ပညာသင်ဆုမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အတွက် ကျောင်းသား ၁၇ ဦးကို ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ဆုလျှောက်လွှာများကို လူထုစိန်ဝင်း၏ အင်တာနက်ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တက္ကသိုလ်ဝင်တန်းအောင်စာရင်းထွက်သည့်နေ့၌ လွှင့်တင်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပညာသင်ဆုအတွက်အမှန်တကယ်လိုအပ်နေပြီး စာတော်တဲ့ တက္ကသိုလ်ဝင်ကျောင်းသားတိုင်း လျှောက်ထားနိုင်ပါတယ်။ ဘယ်တက္ကသိုလ်ရယ်လို့ ကန့်သတ်ချက်မရှိပါဘူး။ အမှတ်တရပွဲနေ့မှာလည်း လျှောက်လွှာတွေ ဖိတ်ခေါ်ဦးမှာပါ" ဟု လူထုစိန်ဝင်း၏သမီးက ပြောသည်။

# အဝေးပြေးယာဉ်များ ဆိုက်ရောက်ထွက်ခွာ သီးခြားရပ်နားရန် စီစဉ်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၂၆**

ရန်ကုန်မြို့ရှိ အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် အဝေးပြေးယာဉ်များ ဆိုက်ရောက် ထွက်ခွာ သီးခြားရပ်နားနိုင်မည့် နိုင်ငံတကာအဆင့်မီယာဉ် ရပ်နားစခန်းစီမံကိန်းမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဆိုက်ရောက်အဆောက်အအုံကိုဖေဖော်ဝါရီလမှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီ Myint and Paing ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေပြီး ဩဂုတ်လအတွင်း ဖွင့်လှစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့တော်စည်ပင် အခွန်ဌာနမှ ဒုဌာနမှူးက ပြောသည်။

"ဆိုက်ရောက်ကတော့ အခုဩဂုတ်လဆိုရင် ပြီးမှာ ထွက်ခွာကတော့ လုပ်ဖို့ စီစဉ်နေတုန်းပဲ ရှိသေးတယ်"ဟု ၎င်းက ပြောသည်။

ခေတ်မီအဆင့်မြင့်အဆောက်အအုံတွင် ဆိုက်ရောက်၊ ထွက်ခွာယာဉ်များ သီးခြားရပ်နားနိုင်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

ထိုဆိုက်ရောက်စနစ်ဆောင်ရွက်မှု ပြီးစီးပါက အဝေးပြေးကားကြီးအစီး ၃၀ တစ်ပြိုင်နက် ရပ်နားနိုင်မည်ဖြစ်ပြီး နားနေနိုင်ရန် ထိုင်ခုံများ၊ ပစ္စည်းသယ်လက်တွန်းလှည်းများ၊ လုံခြုံရေးအတွက် စီစီတီဗီကင်မရာများ၊ အယ်လ်အီးဒီ လမ်းညွှန်ဆိုင်းဘုတ်များ၊ ငွေလဲကောင်တာ (Money Changer)၊ အင်တာနက် WiFi ၊ ကျန်းမာရေးအတွက် ရှေးဦးသူနာပြုဆေးခန်း တစ်ခု ပါဝင်မည် ဖြစ်သည်။

ကြိုပို့ဆောင်ရွက်သည့်ကိုယ်ပိုင်နှင့် အငှားယာဉ်စီးရေ ၅၀ ရပ်နားနိုင်ရန်အတွက် ကားပါကင်ပါရှိမည် ဖြစ်ပြီး ဘတ်စ်ကားဂိတ်ကိုလည်း အနီးဆုံးနေရာတွင် ထားရှိပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီမှ သတင်း ရရှိသည်။



*အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းကို တွေ့ရစဉ်* ဓာတ်ပုံ-ကျော်ဇင်သန်း

လက်ရှိတွင် အောင်မင်္ဂလာ အဝေးပြေး ကားဝင်း၌ ယာဉ်အသွားအလာ များပြားခြင်းနှင့် စည်းစနစ်မကျမှုများရှိပြီး စည်းကမ်းမဲ့သူများကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် အသွားအလာကျပ်တည်းမှုများ အဓိက ဖြစ်နေကြောင်း မထသအဝေးပြေးလက်အောက်ရှိ အောင်မင်္ဂလာ အဝေးပြေးကားဝင်းမှအရာရှိတစ်ဦးက ပြောသည်။

"ရုံးပိတ်ရက်တွေဆိုရင် အသွားအလာလည်းများတော့ ကားကျပ်တဲ့ ပြဿနာကတော်တော်ဖြစ်တယ်။ ယာဉ်ထိန်းရဲတွေ ရှင်းပေးရင်တော့ အဆင်ပြေသွားပေမယ့်ဝင်းထဲမှာ အချို့စည်းကမ်းမရှိတဲ့ လူတွေ၊ ဈေးဆိုင်တွေရဲ့ ကားတွေကြောင့် ဒုက္ခရောက်တယ်"ဟု ၎င်းက ပြောသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် အဝေးပြေးကားအစီးရေ ၅၀၀ ခန့် ရပ်နားနိုင်ရန်အတွက် ထိုဝင်းနှင့်ကပ်လျက်ရှိသည့် အမှိုက်ပုံဟောင်းနေရာကို မြေတိုင်းတာမှုများ ပြုလုပ်နေကြောင်းလည်းသိရသည်။ လက်ရှိ အောင်မင်္ဂလာအဝေးပြေးဝင်း ယာဉ်ရပ်နားစခန်းတွင် ယာဉ်လိုင်းပေါင်း ၂၀၀ ကျော်ရှိပြီး နေ့စဉ် အဝေးပြေးယာဉ် စီးရေ ၈၀၀ ခန့် ဝင်ထွက်သွားလာလျက်ရှိသည်။



# Technology

7Day News Journal

Vol.12, No.12 • MAY 29 , 2013


# Telenor Group အမှုဆောင်ဒုဥက္ကဌနှင့် တွေ့ဆုံခြင်း

**နိုင်ချို**

မြန်မာနိုင်ငံတွင်တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ကမ္ဘာ့ထိပ်သီးမိုဘိုင်း ဖုန်းကုမ္ပဏီများအပါအဝင် နိုင်ငံတကာကုမ္ပဏီများက အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ ဆက်သွယ်ရေးအော်ပရေတာ နှစ်နေရာအတွက် ပဏာမရွေးချယ်ခံရသောကုမ္ပဏီအချို့ကလည်း ပြည်တွင်းမီဒီယာများမှတစ်ဆင့် ထိတွေ့ပြောဆိုခွင့်ရရန် ကြိုးပမ်းနေကြသည်။

ယင်းကုမ္ပဏီများအနက် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် Telenor Group မှ အမှုဆောင်ဒုဥက္ကဌ Mr.Sigre Brekke နှင့် ဆက်သွယ်ရေးဆိုင်ရာ အစီအစဉ်များမေးမြန်းခဲ့မှုကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။



*Telenor အမှုဆောင် ဒုဥက္ကဌ Mr.Sigre Brekke*

**တယ်လီကွန်းအော်ပရေတာအဖြစ် လုပ်ကိုင်ခွင့် ရရှိမယ်ဆိုရင် မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု ငွေအင်အားဘယ်လောက်သုံးမယ်မှန်းပါသလဲ။**

ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးအင်အားကိုမပြောနိုင်ပေမယ့် ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ အသေးစားရင်းနှီးမြှုပ်နှံမှု၊ ရေတိုကာလ ရင်းနှီးမြှုပ်နှံမှုမဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ Telenor Group ဟာ အာရှဒေသတွင်း အစိုးရနဲ့ ပူး ပေါင်းလုပ်ကိုင်ပြီး မိုဘိုင်းဝန်ဆောင်မှုပေးတာ ၁၆ နှစ်ကျော်သွားပါပြီ။ မြန်မာနိုင်ငံမှာသာ မိုဘိုင်းအော်ပရေတာ အနေနဲ့ ဆောင်ရွက်ခွင့်ရရင်နှစ်ပေါင်းများစွာ လက်တွဲလုပ်ကိုင်သွားမှာပါ။

**ရွေးချယ်ခံရပြီဆိုရင် 4G စနစ်ကိုပါ ဆောင်ရွက်ဖို့ရှိ၊ မရှိလည်း သိလိုပါတယ်။**

ရှိပါတယ်။ Telenor အနေနဲ့ 3G အပြင် 4G ကိုပါ အသုံးပြုနိုင်မယ့်နည်းပညာတွေနဲ့ဆောင်ရွက်သွားမှာပါ။ 4G ကို အသုံးပြုသူဟာ ဗီဒီယိုပါတွဲသုံးလို့ရတဲ့ စနစ်တွေပါရှိမှာပါ။

**အင်တာနက် မြန်နှုန်းကိစ္စအတွက် ကျေးလက်တောရွာတွေပါ အင်တာနက်အသုံးပြုနိုင်အောင်ရော ကြိုတင်တွက်ဆစီစဉ်ထားပါသလား။**

အင်တာနက် မြန်နှုန်းကတော့ ပြောစရာမရှိအောင်ပေါ့။ ကျေးလက်ဒေသတွေမှာရော မြို့ပေါ်တွေမှာပါ အင်တာနက် မြန်နှုန်း အဆင်ပြေပြေသုံးနိုင်အောင် ဆောင်ရွက်သွားမှာပါ။ သုံးစွဲသူတွေရဲ့လက်တစ်ကမ်းမှာ Telenor ရဲ့ အော်ပရေတာတွေ၊ ဖြန့်ချိရေးအဖွဲ့တွေက ကူညီပေးသွား မှာပါ။

**မြန်မာနိုင်ငံမှာရှိတဲ့ အခြားစီးပွားရေးလုပ်ငန်းတွေမှာရော ရင်းနှီးမြှုပ်နှံဖို့ ရှိပါသလား။**

မိုဘိုင်းဖုန်း ဝန်ဆောင်မှုအပြင်အခြားစီးပွားရေး လုပ်ငန်းတွေတော့ ရင်းနှီးမြှုပ်နှံဖို့ မရှိပါဘူး။

**လုပ်ကိုင်ခွင့် လိုင်စင်ရပြီဆိုရင် ဘယ်အချိန်လောက် စတင်လုပ်ကိုင်နိုင်မယ်ခန့်မှန်းသလဲ။**

မြန်မာ့ဆက်သွယ်ရေးက သတ်မှတ်ထားတာတော့ လိုင်စင်ရပြီး ကိုးလအတွင်း လုပ်ငန်းစတင်လုပ်ကိုင်ရမယ်ပြောတယ်။ ဒါပေမဲ့ ကျွန်တော်တို့ Telenor အနေနဲ့ လုပ်ငန်းစတင်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။

**ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းကို Telenor က ဘယ်လိုစဉ်းစားထားပါသလဲ။**

လုပ်ငန်းစတင်လုပ်ကိုင်စဉ်မှာတော့ Telenor အနေနဲ့ပြည်ပက နည်းပညာရှင်တွေနဲ့ပြည်တွင်းနည်းပညာရှင်တွေကို ပူးတွဲလုပ်ကိုင်စေမှာပါ။ နောက်ပိုင်းမှာပြည်တွင်းက နည်းပညာရှင်တွေ၊ အလုပ်လုပ်ကိုင်နိုင်သူတွေကိုပဲ ဦးစားပေးသွားမှာပါ။

**မြန်မာနိုင်ငံအတွက် လူမှုဝန်ဆောင်မှုတွေ လုပ်ဖို့ရော အစီအစဉ်ရှိပါသလား။**

အဲဒီလိုမျိုးတော့ သီးသန့်မရှိပါဘူး။ အခုဆိုရင် မြန်မာမိုဘိုင်းတွေမှာ Call Centre က ဝန်ဆောင်မှုအတွက်အခကြေးငွေပေးရတယ်။ Telenor မှာတော့ အဲဒီလိုပေးစရာ မလိုပါဘူး။ ဥပမာ- ဒေါ်လာဈေးနှုန်း၊ ရွှေဈေးနှုန်းတွေကို အချိန်နဲ့တစ်ပြေးညီ ပို့ပေးတဲ့ပုံစံပေါ့။

**လုပ်ကိုင်ခွင့်မရရင် Telenor Group အနေနဲ့ ဘာဆက်လုပ်သွားမလဲ။**

Operator အဖြစ် လုပ်ကိုင်ခွင့် မရရင်တော့ တခြားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ကြိုးစားရမှာပေါ့။

# အသုံးမပြုသော ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များ လိုင်းပိတ်မည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊မေ-၂၃**

ရောင်းချပြီးချိန်မှ ယခုအထိ အသုံးမပြုသေးသော တန်ဖိုးနည်းဆင်းမ်ကတ်များကို ကြိုတင်ကြေညာထားသည့် စည်းမျဉ်းများအတိုင်း ဖုန်းလိုင်းပိတ်သိမ်းမည် ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ရောင်းချပေးပြီးသော မိုဘိုင်းဖုန်း ၃၅၀,၀၀၀တွင် အသုံးမပြုသေးသော ဖုန်းလိုင်း ၆၀၀၀ ခန့်ကျန်ရှိနေပြီးထိုလိုင်းများကို မကြာမီ ပိတ်သိမ်းမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ဆိုသည်။

"ဖုန်းကတ်ရပြီးတဲ့နေ့ကစပြီး ၁၅ရက်အတွင်း မိုဘိုင်းဖုန်း ဆင်းမ်ကတ်ကို မူလထည့်သွင်းပေးထားတဲ့တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ကျပ်မကုန်ခင်ဖုန်းသုံးစွဲသူက အနည်းဆုံး ကျပ် ၅,၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ကို သုံးစွဲရမယ်။ ၁၅ ရက်အတွင်း အသုံးမပြုရင် အသုံးမပြုတဲ့ ဖုန်းကတ်ကို အလိုအလျောက်လိုင်းပိတ်သိမ်းသွားမှာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန် ရှိသူတစ်ဦးက ပြောသည်။

"လောလောဆယ်တော့ အသုံးမပြုသေးတဲ့ ဖုန်းကတ်တွေ မပိတ်သေးဘူး။ ဒါပေမဲ့ စည်းမျဉ်းအတိုင်း မကြာခင် ပိတ်သိမ်းတော့မှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်မေလ ၂၀ ရက်မှ စတင်၍ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ဒုတိယအသုတ် မိုဘိုင်းဆင်းမ်ကတ် ၃၅၀,၀၀၀ ကိုထပ်မံရောင်းချနေပြီဖြစ်သည်။

# အင်တာနက်လွတ်လပ်ခွင့်ဖိုရမ် ကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊မေ-၂၅**

မြန်မာနိုင်ငံ၏ ပထမဆုံးပြည်တွင်း အင်တာနက်လွတ်လပ်ခွင့်ဖိုရမ်ကို ဇွန် ၁ရက်နှင့် ၂ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အင်တာနက်သဘောတရားနှင့် ပြည်တွင်း ဥပဒေများအပါအဝင် အစိုးရ၏ တာဝန်ယူမှုအပိုင်းများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း စီစဉ်ကျင်းပသည့် Mido (မြန်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်စီတီ)မှ သတင်းရရှိသည်။

အဆိုပါဖိုရမ်ပထမနေ့၌ အင်တာနက်လွတ်လပ်ခွင့်နှင့် လက်ရှိမြန်မာနိုင်ငံအခြေအနေ၊ အင်တာနက်ချိတ်ဆက်ဆက်သွယ်နိုင်မှု၊ အခြေခံလူ့အခွင့်အရေးများကို အင်တာနက်ပေါ်တွင် ရရှိစေရန်အတွက် ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး အင်တာနက်ဆင်ဆာဖြတ်တောက်ခြင်း၊ ဒီဂျစ်တယ်လုံခြုံရေးနှင့်ဆိုက်ဘာဥပဒေများ အတွက်လည်း ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

"IT နဲ့ပတ်သက်ပြီးပြောနေကြပေမယ့် သိပ်အရေးမကြီးဘူးလို့ထင်နေကြတယ်။ သိပ်မကြာခင်အချိန်မှာ IT နဲ့ပတ်သက်ပြီး ပြဿနာတွေရှိလာမှာဖြစ်သလို အွန်လိုင်းကိုအသုံးပြုပြီးလှုံ့ဆော်တဲ့ကိစ္စတွေ၊ အွန်လိုင်းကိုအသုံးပြုပြီး အနိုင့်ကျင့်စော်ကားတဲ့ကိစ္စတွေ ဖြစ်လာနိုင်တယ်" ဟု Mido မှ အမှုဆောင်ဒါရိုက်တာဦးနေဘုန်းလတ်ကပြောသည်။

ထို့အပြင်အွန်လိုင်းမှလိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုများ၊အွန်လိုင်းဘဏ်စနစ်များဖြစ်လာသည့်အခါ ဟက်ကာများမှ ငွေခိုးမှု၊ အစိုးရဝက်ဘ်ဆိုက်များသို့ဝင်၍ နိုင်ငံတော်လုံခြုံရေးကို ထိပါးသည့်ကိစ္စများနှင့်အွန်လိုင်းကို အသုံးပြု၍ကျူးလွန်သည့်ပြစ်မှုများ ရှိလာပါက ထိုအခြေအနေမျိုးတွင် ကာကွယ်နိုင်ရန်နှင့်ဖြေရှင်းနိုင်ရန်အတွက် လည်းရည်ရွယ်ထားကြောင်းကို နေဘုန်းလတ်က ဆက်လက်ပြောသည်။

အဆိုပါဖိုရမ်ကို လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမနေ့တွင်လူတိုင်းပါဝင်ဆွေးနွေးနိုင်မည်ဖြစ်သော်လည်းဇွန် ၂ရက်တွင်မူ မြန်မာနိုင်ငံရှိအင်တာနက်လွတ်လပ်ခွင့်နှင့် ပတ်သက်သည့်စောင့်ကြည့်လေ့လာသင့်သောအချက်များနှင့် လေ့လာပုံများကို Mido နှင့်နယ်မှစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်၍ ဆွေးနွေးမှုများပြုလုပ်သွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။




# Hisense နှင့် Nvidia ကုမ္ပဏီ ပူးပေါင်း၍ တန်ဖိုးနည်း သင်ပုန်းကွန်ပျူတာများ ထုတ်လုပ်

**နယူးယောက်၊ မေ-၂၄**

တန်ဖိုးနည်း HDTV များ ထုတ်လုပ်သည့် Hisense ကုမ္ပဏီသည် Nvidia ကုမ္ပဏီနှင့် ပူးပေါင်း၍ Android သင်ပုန်းကွန်ပျူတာ နှစ်လုံးကို မေလ ၂၃ ရက်က ထုတ်ဖော်ပြသလိုက်သည်။ Google Nexus 7 နှင့် Amazon Kindle Fire ကဲ့သို့သော သင်ပုန်းကွန်ပျူတာများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် Sero 7LT နှင့် Sero 7 Pro တို့ကို ပြင်ဆင်ထားပြီး ပထမဆုံး Google အသိအမှတ်ပြုလက်မှတ် ရရှိမည်ဖြစ်သည်။

Hisense မှ ထုတ်လုပ်သည့် Sero 7 Pro မှာ ယင်းသင်ပုန်းကွန်ပျူတာ နှစ်လုံးနှင့် ပိုမိုယှဉ်ပြိုင်နိုင်ပြီး ဈေးနှုန်းမှာ ၁၄၉ ဒေါ်လာသာ ပေးရမည်ဖြစ်သည်။ ထိုခုနစ်လက်မ သင်ပုန်းကွန်ပျူတာကို 1280x 800 pixel IPS. LCD မျက်နှာပြင် တပ်ဆင်ထားပြီး quad-core Nvidia Tegra 3 ပရိုဆက်ဆာ 1GB RAM နှင့် အတွင်းပိုင်း 8GB ထည့်သွင်းထားသည်။ Sero 7 Pro တွင် Android 4.2 Jelly Bean ထည့်သွင်းအသုံးပြုထားသည်။ ယင်းသည် Google မှ ထုတ်သည့် ဒေါ်လာ ၂၂၉ ဒသမ ၃၁ တန်ဖိုးရှိ Amazon သင်ပုန်းကွန်ပျူတာတွင် ပါရှိသည်များနှင့် တစ်ထပ်တည်းတူညီသည်။

ထို့အပြင် Sero 7 တွင် အသေးစား မှတ်ဉာဏ်ကတ် (Micro SD Card)များ ထပ်တိုးနိုင်ပြီး ပိုမို ကောင်းသည့် HDTV များကို ကြည့်ရှုနိုင်ရန် HDMI စနစ်အသေးစားပါရှိသည်။ ယင်းနှစ်ခုလုံးမှာ Nexus 7 တွင် မပါဝင်ပေ။ နောက်ကင်မရာမှာ 5MP ရှိပြီး ရှေ့ကင်မရာမှာ 2MP ရှိသည်။ Nexus 7 တွင်မူ 1.2 MP ရှေ့ကင်မရာတစ်လုံးသာပါရှိသည်။ Sero 7 တွင် 802.11b/g/n Wifi, Bluetooth 3.0 1 GPS နှင့် NFC တို့ပါဝင်သည်။ Hisense Sero 7 LT မှာ ဖော်ပြထားသည့်အချက်များ စိတ်ဝင်စားမှုလျော့နည်းနိုင်



သော်လည်း ဈေးနှုန်း ၉၉ ဒေါ်လာဆိုသည်မှာမူ လူအများစိတ်ဝင်စားမည်မှာ သေချာသည်။ Sero 7 LT သည် မျက်နှာပြင် ခုနစ်လက်မရှိပြီး 1024 by- 600 pixel ရုပ်ထွက်ရှိကာ 1.66 GHz Dual-Core ပရိုဆက်ဆာပါရှိသည်။ 1GB RAM နှင့် 4GB အတွင်းပိုင်းမှတ်ဉာဏ်ပါရှိသည်။ Sero 7 Pro ကဲ့သို့ Sero 7 LT သည်လည်း အသေးစားမှတ်ဉာဏ်ကတ် (Micro SD Card)များ ထပ်တိုးနိုင်ပြီး Mini HDMI Output ပါရှိသည်။

Sero 7 LT တွင် နောက်ကင်မရာ မရှိသော်လည်း ရှေ့ကင်မရာမှာ 0.3 MP ရှိသည်။ သို့သော် Android 4.1 ကိုသာ သုံးစွဲထားသည်။ ယင်းသင်ပုန်းကွန်ပျူတာ နှစ်မျိုးလုံးအား ဒေါ်လာ ၁၉၉ တန်ဖိုးရှိ Google Nexus 7 နှင့် ဒေါ်လာ ၁၄၉ တန်ဖိုးရှိ Amazon Kindle Fire တို့နှင့် ယှဉ်ပြိုင်နိုင်ရန် စိတ်ဝင်စားဖွယ် ဈေးနှုန်းဖြင့်ရောင်းချသွားမည်ဖြစ်သည်။

—Ref: CNet

# ၁၄၅၆ ဝန်ဆောင်မှု အဆင်မပြေ

**ခိုင်ချို၊ ဖွဲ့မာန်**

**ရန်ကုန်၊ မေ-၂၄**

MecTel CDMA-800 MHz မိုဘိုင်းဖုန်းများ၏ ကတ် ပျောက်ဆုံးမှု၊ ကတ်ပျက်စီးမှု အပြင် မိုဘိုင်းဖုန်းနှင့်ပတ်သက်သော မေးမြန်းမှုများမှာ အဆင်ပြေမှုမရှိကြောင်း မိုဘိုင်းဖုန်းသုံးစွဲသူများထံမှ စုံစမ်းသိရှိရသည်။

"၁၅၀၀ တန် ဆင်းမ်ကတ်က မသုံးတတ်တော့ ဘာဖြစ်သွားလဲ မသိဘူး။ အဲဒါ ၁၄၅၆ ကို ဖုန်းဆက်တော့ ဖုန်းနံပါတ်တွေပေးတယ်။ အဲဒီဖုန်းနံပါတ်တွေကခေါ် လိုက်တိုင်းမအားဘူး" ဟု အင်းစိန်မြို့နယ်မှ ကိုသီဟဇော်က ပြောသည်။

အဆိုပါ ဖုန်းများ ပျောက်ဆုံးပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးများတွင် ကျပ်နှစ်သောင်းပေးသွင်း၍ ပြန်လည်လျှောက်ထားနိုင်ပြီဖြစ်သည်။

"ကျွန်တော်တို့လည်း မသိပါဘူး။ ဆက်သွယ်ရေးက ၁၅၀၀ တန် ဖုန်းနဲ့ပတ်သက်ပြီး စုံစမ်းရင် ဖုန်းနံပါတ်တွေပေးထားတာ။ ဒီဖုန်းနံပါတ်တွေပဲ စုံစမ်းလို့ရတယ်။ ဒီဖုန်းနံပါတ်တွေခေါ်လို့ရ၊ မရတော့ ကျွန်တော်တို့လည်း မပြောတတ်ဘူး" ဟု ၁၄၅၆ Call Centre မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"၁၄၅၆ ကို ၁၅၀၀ တန်ဖုန်းလိုင်းကပဲဆက်လို့ရတယ်။ ဖုန်းနဲ့ပတ်သက်တဲ့အချက်အလက် မေးဖို့ဖုန်းခေါ်တာတစ်ခါမှမရဘူး။ အခု ၁,၅၀၀ တန်ဖုန်းက လုပ်ဆောင်ရမှာတွေ အရမ်းရှုပ်တယ်" ဟု ပုဇွန်တောင်မြို့နယ်မှ တန်ဖိုးနည်းဖုန်းကိုင်ဆောင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက "ဆက်သွယ်ရေးက ထုတ်ပြန်ထားတဲ့ ဖုန်းနံပါတ်တွေ အများကြီးရှိတယ်။ တစ်ခုမရ တစ်ခုတော့ ဆက်လို့ရမှာပါ။ ဆက်သွယ်ရေးက တရားဝင်ထုတ်ပြန်ထားတဲ့ နံပါတ်တွေဆိုတော့ ရမှာပါ" ဟုပြောသည်။

မြန်မာ့ဆက်သွယ်ရေးမှ တရားဝင်ကြေညာထားသော ဖုန်းနံပါတ်များမှာ ၀၁-၆၅၆၉၉၄၊ ၀၁-၆၅၆၉၉၅၊ ၀၁-၆၅၆၉၉၆ နှင့် ၁၄၅၆ တို့ဖြစ်သည်။



# ၂ နှစ်အတွင်းမှာ လူမှုရေးပြဿနာတွေကလည်း တော်တော်များတယ်။ များတော့ ဒါကို အမြန်ဖြေရှင်းစေချင်တယ်

## ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(KBC)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်နှင့်တွေ့ဆုံခြင်း



**အေးမြကျော်**

၁၇နှစ်ကြာ အပစ်အခတ်ရပ် စဲခဲ့ပြီးမှ ကချင်ပြည်နယ်တွင် တိုက်ပွဲများပြန်ဖြစ်ခဲ့သည်မှာ ဇွန်လ ၉ ရက်ဆိုလျှင် ၂ နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။ ၂နှစ်အတွင်း အစိုးရနှင့်ကချင်လွတ် မြောက်ရေးတပ်မတော်(ကေအိုင်အို) တို့အကြားဖြစ်ပွားခဲ့သော ရာနှင့်ချီသည့်တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခသည်အရေအတွက်မှာ ၂နှစ်ပြည့်တော့ မည့်အချိန်တွင် တစ်သိန်းကျော်အထိရှိလာခဲ့လေသည်။ မေလ ၂၈ရက်တွင်မူ ၂နှစ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့ သော ရလဒ်တစ်ခုအနေဖြင့် ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီး နားမြို့တွင် နှစ်ဖက်တွေ့ဆုံကာ ငြိမ်းချမ်းရေးအ တွက် ဆွေးနွေးနိုင် ခဲ့ပြီဖြစ်သည်။ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော အစိုးရဘက်မှ ဝန်ကြီးဦးအောင်မင်း၊ ကေ အိုင်အိုဘက်မှ ကေအိုင်အေဒုစစ်ဗိုလ်ချုပ် ဂွန်မော်တို့ကို တွေ့ဆုံခဲ့သူ၊ စစ်ဘေးဒုက္ခသည်များကို အစဉ်တစိုက် အကူအညီပေးနေသော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အထွေထွေအတွင်းရေးမှူးဒေါက်တာခလမ် ဆမ်ဆွန်ကို မြစ်ကြီးနားဆွေးနွေးပွဲ စစ်ဘေးဒုက္ခသည်များအရေးတို့ကို မြစ်ကြီးနားမြို့တွင် မေလ ၂၇ ရက်က တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး- အရင်ဆုံးအစိုးရနဲ့ကေအိုင်အိုတို့ရဲ့ မြစ်ကြီးနား ဆွေးနွေးပွဲကို ဘယ်လိုမြင်ပါသလဲ။**

ဖြေ- ဒီတစ်ခေါက်ဆွေးနွေးပွဲကတော့ ရွှေလီဆွေးနွေးပွဲရဲ့ အဖြေပေါ့။ နောက်ဆုံးတွေ့တဲ့ အချိန်မှာ UN ဦးဆောင်မှုနဲ့ဆိုရင် ဘယ်မှာဖြစ်ဖြစ်တွေ့မယ်လို့ ကေအိုင်အိုကပြောတော့ တွေ့ဖြစ်သွားတာပါ။ တနင်္ဂနွေနေ့(မေ-၂၆)က ဦးအောင်မင်းတို့ရောက်တဲ့အခါဒီက (မြစ်ကြီးနား)ဘာသာရေးခေါင်းဆောင်တွေအဖွဲ့တွေနဲ့တွေ့တဲ့အခါ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးမှသာလျှင် အဆင်ပြေမယ်လို့ ပြောခြင်းအားဖြင့် ခေါင်းစဉ်ကတော့ အပစ်အခတ်ရပ်စဲဖို့ လက်မှတ်ထိုးဖို့ဦးတည်မယ်လို့ယူဆရတယ်။ ဒီနေ့ (မေ ၂၇) ကေအိုင်အိုနဲ့တွေ့တော့လည်း ကေအိုင်အိုကတော့ အပစ်အခတ်ရပ်ရေးထက်စစ်အရှိန်လျှော့ဖို့လုပ်ပြီးမှ နိုင်ငံရေးဆွေးနွေးသွားမယ်လို့ သဘောရတာတွေ့ရတယ်။ အဖွဲ့အစည်းနှစ်ခုရဲ့ပန်းတိုင်က တစ်ခုစီဖြစ်နေတော့ အဖြေက မျှော်မှန်းသလောက်ဖြစ်လာမယ်မထင်ဘူး။

**မေး- ဒီဆွေးနွေးပွဲက ကချင်ပြည်နယ်ထဲမှာရှိနေတဲ့ စစ်ဘေးဒုက္ခသည်တွေရဲ့ အိမ်ပြန်ဖို့အတွက် မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ်လို့ထင်ပါသလား။**

ဖြေ- မထင်ဘူး။ ဘာလို့မထင်လဲဆိုတော့ အခုရွှေ့တန်းနေရာတွေမှာ တပ်မတော်ရဲ့ တပ်စခန်းတွေပိုများလာတယ်။ ကျေးရွာတွေမှာစခန်းတွေပိုများလာတယ်။ အဲဒီလိုများလာတာနဲ့အမျှ စစ်ပြေးဒုက္ခသည်တွေလည်း ရွာတွေကို မပြန်ရဲကြဘူး။ နောက်ပြီး တွေ့ဆုံပွဲအောင်မြင်ဖို့ကလည်း ငါးဆယ်၊ ငါးဆယ်(ရာခိုင်နှုန်း)ဆိုတော့ သူတို့အတွက် အိမ်ကိုပြန်ဖို့မစဉ်းစားနိုင်ကြသေးဘူး။

**မေး- အဲဒါဆို ဆရာအနေနဲ့က ဒီဆွေးနွေးပွဲကိုသိပ်မမျှော်လင့်ထားဘူးပေါ့။**

ဖြေ- မျှော်လင့်ချက်ကတော့ နည်းတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ဦးနှစ်ဖက်ရဲ့ ဦးတည်ချက်ကို သိနေရပြီလေ။ အဖွဲ့နှစ်ဖွဲ့ရဲ့ဦးတည်ချက်က တခြားစီဖြစ်နေတယ်။

**မေး- အခုဆိုရင် လာမယ့် ဇွန်လ ၉ ရက်မှာ စစ်ပွဲတွေဖြစ်ခဲ့တာ နှစ်နှစ်ပြည့်တော့မယ်။ ဒုက္ခသည် အရေးကို ဆက်တိုက်ကူညီလာတဲ့သူတစ်ယောက်အနေနဲ့နှစ်ဖက်စလုံးက ခေါင်းဆောင်တွေကို ဘယ်လိုများတိုက်တွန်းချင်ပါသလဲ။**

ဖြေ- အရမ်းကိုတိုက်တွန်းချင်တာပေါ့။ သမ္မတ ဦးသိန်းစိန်အစိုးရအဖွဲ့ကို တိုက်တွန်းချင်တာကတော့ နိုင်ငံရေးပြဿနာကြောင့်ဖြစ်လာတဲ့ ပြည်တွင်းစစ်ကို နိုင်ငံရေးအနေနဲ့ပဲ အဖြေရှာပြီးဆွေးနွေးစေချင်တယ်။ အပစ်အခတ်ရပ်စဲရေးတို့၊ ဖွံ့ဖြိုးရေးတို့ဆိုတာက ကေအိုင်အိုအတွက်ကတော့ ဒါတွေပြီးနေပြီ။ ၁၇နှစ်လုံးလည်း အပစ်အခတ်ရပ်ခဲ့ထားပြီးဆိုတော့ ကေအိုင်အိုက အဲဒီဘက်ကိုပြန်မသွားချင်တော့ဘူး။ ဒါကြောင့်မို့ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာတဲ့နည်းနဲ့ အမြန်ဆုံးဆောင်ရွက်ဖို့ တိုက်တွန်းချင်တယ်။ ကေအိုင်အိုကလည်း နိုင်ငံရေးအရဆွေးနွေးပြီး ကမ်းလှမ်းလာတယ်ဆိုရင်တော့ ကေအိုင်အိုအနေနဲ့လည်း လက်ခံသင့်တယ်လို့ မြင်တယ်။ ဒါပေမဲ့ အဲဒီအဆင့်မရောက်ဘူးဖြစ်နေတယ်။ ကေအိုင်အိုကတော့ နိုင်ငံရေးဆွေးနွေးဖို့အမြဲတံခါးဖွင့်ထားတာပဲ။ ဦးအောင်မင်းတို့အဖွဲ့က အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးဖို့တစ်ခုပဲ ဆန္ဒရှိနေတယ်လို့မြင်တယ်။ သူတို့ဆီမှာ နောက်တစ်ဆင့်အတွက် အစီအစဉ်က မရှိသလိုဖြစ်နေတယ်။ အဲဒါတွေက ကေအိုင်အိုအတွက်လည်း မရေရာမသေမချာဖြစ်စေတာပေါ့။ စစ်ပြေးဒုက္ခသည်တွေရဲ့ ၂ နှစ်တာကာလ ကချင်ရဲ့စစ်ပြေးဒုက္ခကကရင်နဲ့မတူဘူး။ ကရင်ဘက်မှာဖြစ်ရင် ထိုင်းနိုင်ငံက သူတို့ကိုကြိုဆိုတယ်။ နိုင်ငံတကာလည်းလွယ်တယ်။ ကျွန်တော်တို့ ကချင်ကတရုတ်က လက်မခံဘူး။ နိုင်ငံတကာသွားဖို့ကလည်းခက်တယ်။ ပြောရမယ်ဆိုရင် အခုထက်ထိ နိုင်ငံတကာရဲ့ အကူအညီ ထိထိရောက်ရောက်ဘာမှမရသေးဘူး။ KBC လို၊ ငြိမ်းချမ်းရေး ဖောင်ဒေးရှင်းတို့လို၊ ဂရုဏာတို့လိုပြည်တွင်း အဖွဲ့အစည်းတွေကနေ ရတဲ့ အကူအညီလောက်ပဲ ရှိသေးတယ်။ ဒါကြောင့် ကချင်မှာအခြေအနေက တခြားထက်စာရင် ဆိုးသွားတယ်။ ၂ နှစ်အတွင်းမှာ လူမှုရေးပြဿနာတွေကလည်းတော်တော်များတယ်။ များတော့ ဒါကို အမြန်ဖြေရှင်းစေချင်တယ်။

**မေး- ဘယ်လိုလူမှုရေး ပြဿနာတွေအဖြစ်များလဲ။**

ဖြေ- လူမှုရေးကတော့ အမျိုးမျိုးပေါ့။ အိမ်ထောင်ရေးပြဿနာတွေ။ စခန်းမှာက ကျပ်ကျပ်သိပ်သိပ်နဲ့ လိုင်းခန်းတွေကဆောက်ထားရတော့ သူ့သားသမီးအရေး၊ ကိုယ့်သားသမီးအရေး၊ လူပျို၊ အပျိုအရေးရှိတာပေါ့။ အိမ်ထောင်ဦးစီးတွေကလည်း အလုပ်မရှိတော့ အရက်မူး၊ ဘိန်းရှုပေါ့။ အဲလို လူမှုရေးပြဿနာတွေအများကြီး ဒုက္ခသည်စခန်းတွေမှာခံစားနေရတယ်။ စားဝတ်နေရေးကတော့ တစ်နေ့တစ်နေ့ကျော်လွှန်နိုင်တာပေါ့။ ဒါပေမဲ့ စိတ်ဒုက္ခတွေ စိတ်နဲ့ပတ်သက်တဲ့ ပြဿနာတွေမဖြေရှင်းနိုင်ခဲ့ဘူး။

**မေး- အခုအစိုးရထိန်းချုပ်နယ်မြေအတွင်းမှာ စစ်ဘေးဒုက္ခသည် အရေအတွက်ပေါင်းဘယ်လောက်ရှိသွားပြီလဲ။**

ဖြေ- အစိုးရထိန်းချုပ်ထားတဲ့ ဧရိယာမှာ သုံးသောင်းနီးပါးရှိတယ်။ အားလုံးစုစုပေါင်းဆိုရင်တော့ တစ်သိန်းကျော်တယ်။ ဖားကန့်ဘက်က ဒုက္ခသည်တွေနဲ့ ပေါင်းရင်ဒီထက်ကျော်ဦးမယ်။ ဖားကန့်မှာ ကျောက်တူးတဲ့သူတွေ များတော့ပြန်သွားကြတော့နည်းနည်းလျော့သွားတာပေါ့။

**မေး- နောက်တစ်ပတ်ဆို ကျောင်းတွေဖွင့်ကြတော့မယ်ဆိုတော့ စစ်ပြေးဒုက္ခသည်စခန်းက ကလေးတွေအတွက် ပညာရေးကိုရော ဘယ်လိုစီစဉ်ထားတာတွေရှိလဲ။**

ဖြေ- အခုစေတနာ့ဝန်ထမ်းဆရာ၊ ဆရာမအနေနဲ့တစ်ရာလောက်လိုနေတယ်။ စစ်ပြေးဒုက္ခသည်စခန်းတွေမှာကျောင်းတော့ရှိတယ်။ ကျောင်းမှာမတက်ချင်တဲ့ကျောင်းသားတွေလည်းရှိသေးတယ်။ ကျောင်းမှာအဆင်မပြေတာတွေပေါ့။ နယ်ခြားမှာရှိတဲ့စစ်ပြေးဒုက္ခသည်ကူညီရေးကော်မတီက အဲလိုပဲ ကျောင်းမပျော်တဲ့ ကလေးတွေစုထားတာ နှစ်ထောင်ကျော်လောက်ရှိတယ်။ အဲဒီနှစ်ထောင်ကျော်အတွက် ကျောင်းဆရာအကူအညီတောင်းတယ်။ ကျွန်တော်တို့ စေတနာ့ဝန်ထမ်းဆရာတွေ စုပေးနေရတယ်။ အစိုးရထိန်းချုပ်နယ်မြေမဟုတ်တဲ့နေရာမှာပညာရေးကတော့စိုးရိမ်ရတာပေါ့။ အစိုးရထိန်းချုပ်နယ်မြေမှာကြတော့ ဒီလောက်မစိုးရိမ်ရဘူး။ ဘာကြောင့်လဲဆိုတော့ အစိုးရကျောင်းတွေကတော့ လက်ခံလိုက်တယ်။ အခုမဲ့ပဲ။ နယ်စပ်စစ်ပြေးစခန်းတွေကတော့ အားလုံးကအခမဲ့။ ဒါတောင်ကလေးတွေက စိတ်လေတယ်။ စစ်ပြေးလာရတော့ စိတ်ဒဏ်ရာရပြီး ဗီဒီယိုတွေ ရုပ်ရှင်တွေကြည့်ပြီးမိုက်ချင်တဲ့သူ ပိုများလာတယ်။

**မေး- စစ်ပြေးဒုက္ခသည်တွေမှာ မူးယစ်ဆေးဝါးပြဿနာကရော ဘယ်လောက်တောင်ကြီးမားပါသလဲ။**

ဖြေ- ရှိတယ်။ ကန်ပိုက်တီးလမ်းပေါ်က ရှင်ဂျိုင်ဒုက္ခသည်စခန်းမှာဆိုရင် ဘိန်းပြဿနာအများကြီးပဲ။ အဲဒီနားမှာ ဘိန်းခင်းတွေချည်းပဲလေ။ သူတို့ရဲ့လုပ်ငန်းကလည်း အဲဒီ ဘိန်းသွားခြစ်တာပဲ။ ဘိန်းခြစ်တယ်ဆိုတာ ဘိန်းသွားစွတ်တာပေါ့။ လုပ်အားခက ဘိန်းပဲပေးတာကိုး။ အဲဒီတော့ ဘိန်းပဲရှူတာပေါ့။ တချို့ ဘိန်းမရှူတဲ့သူတွေကတော့ ရောင်းစားကြတယ်။ အဲဒါမျိုးတွေက နယ်ခြားမှာရှိတဲ့စစ်ပြေးဒုက္ခသည်စခန်းတွေမှာတော့ မူးယစ်ဆေးဝါးပြဿနာက အဆိုးဆုံးပဲ။ ကေအိုင်အေထိန်းချုပ်တဲ့ နေရာမှာတော့ နည်းနည်းသာတယ်။ ကေအိုင်အေက ဘိန်းကိုပြင်းပြင်းထန်ထန်ဆန့်ကျင်နေတယ်။ ဘိန်းပြဿနာ လျော့တယ်။ အဲဒီနယ်ခြားဒေသမှာ အဆိုးဆုံး။ တရုတ်ကလာစိုက်တယ်။ ဒီဘက်ကလူတွေက အလုပ်သမား။ ဘိန်းစိုက်တယ်ဆိုတာ ပိုက်ဆံရှိမှ။ စစ်ဖြစ်နေတာကို အခွင့်ကောင်းယူပြီး လာလုပ်ကြတာပေါ့။

**မေး- ဒီနှစ်နှစ်အတွင်းမှာ ဒုက္ခသည်တွေနေရပ်ပြန်ရေးအတွက် အစီအစဉ်ချတာတွေဘာတွေ မကြားမိဘူးနော်။ အဲဒါဘာကြောင့်လို့ထင်ပါသလဲ။**

ဖြေ- အစိုးရဘက်ကတော့ ဆွဲတယ်။ အကြိမ်ကြိမ်ဆွဲတယ်။ ကျွဲဘယ်နှကောင်၊ နွားဘယ်နှကောင်ပေးမလိုလိုနဲ့ ၊ စာရင်းကောက်တာတွေပဲရှိတယ်။ ကေအိုင်အိုဘက်ကတော့ ဘာမှတော့ မလုပ်ဘူး။

**မေး- တကယ်လို့များ ဒုက္ခသည်တွေ နေရပ်ပြန်နိုင်ရေးအတွက် ဘယ်လိုအချက်တွေက အဓိကလိုအပ်ချက်တွေဖြစ်မလဲ။ သူတို့တွေရဲ့ ဘဝတွေပြန်လည်ထူထောင်နိုင်ဖို့အတွက် အစိုးရအနေနဲ့ရော ဘာတွေလုပ်ပေးစေချင်လဲ။**

ဖြေ- အထူးသဖြင့်တော့ ဒီလူတွေနေရပ်ပြန်မယ်ဆိုရင် လုံခြုံရေးကတော့ အရေးအကြီးဆုံးပေါ့။ သူတို့ရွာတွေမှာ တပ်မတော်စခန်းတွေမရှိရင်တော့ သူတို့ပြန်ရဲတယ်။ တပ်မတော်စခန်းတွေ ရှိနေသရွေ့တော့ တိုက်ပွဲတွေပြန်ဖြစ်လာရင် သူတို့ပြန်ခံရပြီး ပြေးရမယ်ဆိုတဲ့ အသိတွေရှိနေတယ်။ အဲဒါကြောင့် သူတို့ရွာတွေမှာ စခန်းတွေမရှိတော့ဘဲ ဆုတ်သွားမယ်ဆိုရင်တော့ ပြန်ရဲကြလိမ့်မယ်။ နောက်ပြန်တဲ့အချိန်မှာ သူတို့အလိုအပ်ဆုံးကတော့ နေရေးပေါ့။ လောလောဆယ်မှာ သူတို့ရဲ့ အိမ်တွေကပျက်စီးဆွေးမြည့်သွားတော့ ဘယ်လိုပြန်ဆောက်ပေးမလဲဆိုတာပေါ့။ နောက်ထပ် အရေးကြီးတာကမိုင်းကိစ္စပေါ့။မိုင်းတွေကြောင့် အခုအချိန်ပြန်မယ်ဆို သိပ်လုံခြုံမှုမရှိဘူး။ UN ကလည်း ပါဝင်ဖို့လိုတယ်။ မိုင်းကို ဘယ်နေရာမှ ဘယ်လိုတွေ ထောင်ခဲ့သလဲ မသိကြတော့ ကိုယ်ထောင်တဲ့ မိုင်းကိုနင်းမိပြီးသေတာတွေလည်းရှိတယ်။

**မေး- ၂နှစ်လည်း ပြည့်တော့မယ်ဆိုတော့ အခုအချိန်မှာ စစ်ဘေးဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး အရေးတကြီးဖြေရှင်းဖို့လိုအပ်နေတဲ့ ပြဿနာက ဘာဖြစ်မယ်လို့ထင်ပါသလဲ။**

ဖြေ- အရေးတကြီးဖြေရှင်းရမယ့်ကိစ္စကတော့ ခုနကပြောတဲ့အတိုင်း မိဘတွေအတွက်ကတော့ သားသမီးတွေရဲ့ ပညာရေးပေါ့။ နောက်တစ်ခုကတော့ အိမ်ထောင်စုတိုင်းရဲ့ဝင်ငွေပြဿနာပေါ့။ နှစ်နှစ်တာကာလမှာ သူတို့အနေနဲ့ ဝင်ငွေကမရှိတော့ဘူး။ ဒုက္ခသည်အနေနဲ့နေ့စဉ်တော့စားရသောက်ရတာပေါ့။ ဒါပေမဲ့ အသေးသုံးပိုက်ဆံမဝင်တော့ဘူး။ ပိုက်ဆံမရှိတော့ လူကုန်ကူးမှုတွေဖြစ်လာတယ်။

**ကျေးဇူးတင်ပါတယ်။** ။

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013



# တန်ဖိုးနည်းအိမ်ရာရှာပုံတော်

မြင့်မိုရ်ဆွေ

တန်ဖိုးနည်းအိမ်ရာ ရှာပုံတော်မဖွင့်မီတန်ဖိုးနည်းအိမ်ရာဆိုတဲ့ အဓိပ္ပာယ်ကိုလေ့လာကြည့်ရာမှာ အခြေခံအချက်နှစ်ရပ်ကိုတွေ့ရှိရပါသည်။ ပထမအချက်က ဝင်ငွေနည်းပြည်သူတွေ ဝယ်ယူနိုင်ရမယ်ဆိုတဲ့အချက်ဖြစ်ပြီးဒုတိယအချက်ကတော့ အစိုးရက ထောက်ပံ့မှုပေးရမယ်ဆိုတဲ့အချက်ပါပဲ။အဓိပ္ပာယ်အပြည့်အစုံဖွင့်ဆိုရင်ဝင်ငွေနည်းပြည်သူတွေ ဝယ်ယူနိုင်ဖို့အတွက် အစိုးရရဲ့ ထောက်ပံ့မှုပါဝင်ပြီး တည်ဆောက်တဲ့ အိမ်ရာလို့ အဓိပ္ပာယ်ရရှိပါတယ်။ ဒါကြောင့် ဝင်ငွေနည်းအိမ်ရာ (Lowincome Housing)လို့တစ်မျိုး၊ တန်ဖိုးနည်းအိမ်ရာ (Low Cost Housing)လို့တစ်ဖုံ ခေါ်ဆိုကြပါတယ်။

အစိုးရရဲ့ ထောက်ပံ့မှုပါဝင်တဲ့အတွက် အထောက်အပံ့ခံအိမ်ရာ(Subsidized Housing) လို့လည်း ခေါ်ကြပါတယ်။ မျက်မှောက်ခေတ်အိမ်ရာ ပညာရှင်အချို့က ဝင်ငွေအရဝယ်ယူနိုင်စွမ်းရှိအိမ်ရာ (Affordable Housing)လို့လည်း ဖွင့်ဆိုကြပါတယ်။ အဲဒီဖွင့်ဆိုချက်မှာ ဝင်ငွေအလယ်အလတ်အိမ်ရာတွေလည်း အကျုံးဝင်နေတာ တွေ့ရပါတယ်။

အစိုးရရဲ့ ထောက်ပံ့မှုဆိုရာမှာလည်း တိုက်ရိုက်ထောက်ပံ့မှု (Direct Subsidy)၊ သွယ်ဝိုက်ထောက်ပံ့မှု (Indirect Subsidy)နဲ့ အခြားအိမ်ရာမှ အမြတ်ကိုဖြတ်သွယ်ထောက်ပံ့မှု (Cross Subsidy)လို့ နည်းလမ်းသုံးရပ်ခွဲပြီး ဆောင်ရွက်ပေးတာ တွေ့ရပါတယ်။ တန်ဖိုးနည်းအောင်ဘယ်လိုလုပ်မယ်၊ အစိုးရက ဘယ်ပုံထောက်ပံ့မယ်ဆိုတာ တန်ဖိုးနည်းအိမ်ရာမှာပါဝင်တဲ့ အောက်ပါ အစိတ်အပိုင်းများအလိုက် ခွဲခြားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

(၁)မြေဈေး၊ (၂)အိမ်ခန်းအကျယ်အဝန်းနဲ့ အိမ်ပုံစံ၊ (၃)ဆောက်လုပ်မှုနည်းစနစ်၊(၄)သုံးစွဲမည့်ပစ္စည်းအမျိုးအစားနှင့် ဈေးနှုန်း၊(၅)လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီးစသည့်အခြေခံအဆောက်အအုံများ၊ (၆)အခွန်အခနှင့် ဝန်ဆောင်မှုစရိတ်၊ (၇)ရောင်းချမှုစနစ်။ မြေဈေးနဲ့ပတ်သက်လို့မြန်မာနိုင်ငံမှာ အစိုးရပိုင်မြေကွက်လပ်များကို အသုံးပြုပြီး ဆောက်လုပ်ကြတာဖြစ်တဲ့အတွက် မြေဈေးနှုန်းကို စတိသဘော (Give away price) လောက်ပဲ ရယူခြင်းဖြင့် တိုက်ရိုက်ထောက်ပံ့မှုပေးအပ်သင့်ပါတယ်။ ယခင်က အလားတူထောက်ပံ့ခဲ့တဲ့သာဓကတွေလည်း ရှိပြီးဖြစ်ပါတယ်။

အိမ်ခန်းအကျယ်အဝန်းမှာလည်း အိပ်ခန်းနှစ်ခန်းပါပြီး စုစုပေါင်း စတုရန်းပေ ၆၀၀ ခန့် ကျယ်ဝန်းမှုရှိမယ်ဆိုရင် သင့်မြတ်မှုရှိပါတယ်။၁၉၉၈ခုနှစ်ကဆောက်လုပ်ခဲ့တဲ့ လှိုင်သာယာက ကျန်စစ်သားအိမ်ရာ၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ ဒဂုံမြို့နယ်(မြောက်ပိုင်း)ကတော်ဝင်အိမ်ရာစတဲ့ အိမ်ရာတွေဟာ ၆၀၀ စတုရန်းပေခန့်ရှိပြီး အလားတူ အိပ်ခန်း နှစ်ခန်းပါဝင်ပါတယ်။ ကျဉ်းမြောင်းသော်ငြားလည်း ဝင်ငွေနည်းမိသားစုအတွက် "သူ့အိုးနဲ့သူ့ဆန်"ဆိုတာလို အဆင်ပြေမှုရှိတာတွေ့မြင်နိုင်ပါတယ်။ အိမ်ပုံစံကတော့ အနုစိတ်တာ၊ကွန့်တာ လက်စွမ်းပြတာတွေလျှော့ပြီး ရိုးရိုးရှင်းရှင်းနဲ့ အကြည့်ခံတဲ့ပုံစံမျိုးကို မြန်မာဗိသုကာပညာရှင်များက ရေးဆွဲပေးနိုင်ပါတယ်။ အထပ်မြင့်အိမ်ပုံစံဆိုရင်တော့ ဝင်ငွေနည်းပြည်သူတို့နဲ့ အလှမ်းကွာအောင်ပြုလုပ်ရက်လေးခြင်းလို့ငိုချင်းချရမှာပါပဲ။ ဒီကိစ္စကို ရှေ့မှာဆက်ပြီးဆွေးနွေးပါ့မယ်။

ဆောက်လုပ်မှုနည်းစနစ်နဲ့ပတ်သက်၍ ၁၉၈၄ ခုနှစ်ခန့်က မြန်မာနိုင်ငံမှာ ဖင်လန်နိုင်ငံရဲ့နည်းပညာအကူအညီယူပြီးတန်ဖိုးနည်းလေးထပ်တိုက်တွေ ဆောက်ခဲ့ဖူးပါတယ်။အောင်ဆန်းကွင်းမြောက်ဘက်တန်းရှေ့က ကန်တော်ကလေးအိမ်ရာမှာ စကြၤန်ပုံစံ၊ (Hall Type)အိမ်ခန်းများဖြစ်ပါတယ်။ နည်းပညာက Pre Cast လို့ခေါ်တဲ့ကြိုတင် အားဖြည့်ကွန်ကရစ်အကာ၊ အခင်းများကို သီးခြားလောင်းပြီး အဆောက်အအုံမှာ တပ်ဆင်ပေးတဲ့ စနစ်ပါပဲ။ တိုက်လုံးရေများလေကုန်ကျစရိတ်နဲ့ဈေးနှုန်းသက်သာလေဖြစ်ကြောင်း သိရှိရပါတယ်။ အချိန်လည်းမြန်ဆန်မှုရှိတာတွေ့ရပါတယ်။မြန်မာနိုင်ငံမှာဖြစ်ကတတ်ဆန်းဆောက်လုပ်မှု (Substandard)နဲ့ တန်ဖိုးနည်းအောင်လုပ်တာမဟုတ်ဘဲ "ဆောက်လုပ်မှုကို စည်းမျဉ်း" (Buildingcode)များနှင့်အညီ "တန်ဖိုးနည်းဝန်ပါ"ဆိုတဲ့ တန်ဖိုးနည်းအိမ်ရာကို မြန်မာအင်ဂျင်နီယာတွေရဲ့ပူးပေါင်းဆောင်ရွက်မှုအားနဲ့ တည်ဆောက်လို့ ရပါတယ်။

သုံးစွဲမယ့်ပစ္စည်းအမျိုးအစားမှာလည်း တန်ဖိုးကြီးပစ္စည်းတွေကိုရှောင်ဖို့လိုပါမယ်။ ဥပမာ ပျဉ်းကတိုးကျည်းပေါင်နဲ့ ကျွန်းပြတင်းတံခါးထက် အလူမီနီယံက ကုန်ကျစရိတ်သက်သာပါလိမ့်မယ်။ ခြေကျော်တံခါးတွေမှာ ကျွန်းတံခါးအစားကြိတ်သား(Particle Board) နှင့် ပြုလုပ်ထားတဲ့ တံခါးက ဈေးလျော့မှာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံက မြန်မာငွေသိန်းပေါင်း ၁၀,၀၀၀ ခန့် ကာလတန်ဖိုးရှိတဲ့ ကွန်ဒိုအခန်းကျယ်တွေမှာ ခြေကျော်တံခါးကို ကြိတ်သားတံခါးပဲ သုံးစွဲကြတာတွေ တွေ့ရပါတယ်။ မသိရင်တော့ ကျွန်းပါပဲ။ ကြိတ်သားမှာလည်း ကိုရီးယားထက်မလေးရှားကပိုပြီး သက်သာတာတွေ့ရပါတယ်။

ဘိလပ်မြေ၊ သံချောင်းနဲ့ပတ်သက်လို့ အထူးစီမံကိန်းတစ်ရပ်အနေနဲ့ပြည်ပက တိုက်ရိုက်တင်သွင်းခွင့်ပြုပြီး အခွန်အခတွေကို လျှော့ပေါ့ပေးတဲ့ သွယ်ဝိုက်ထောက်ပံ့နည်းကို သုံးစွဲသင့်ပါတယ်။ ယခင်တဲပေါ်မှ တိုက်ပေါ်တင် အိမ်ရာစီမံကိန်းတွေမှာ ဒီနည်းနဲ့ထောက်ပံ့မှုပေးခဲ့လို့ ဈေးနှုန်းများစွာသက်သာစေခဲ့တာ အထင်အရှားတွေ့ရပါတယ်။

လမ်း၊ ရေမြောင်း၊ လျှပ်စစ်မီးစတဲ့ အခြေခံအဆောက်အအုံများတည်ဆောက်မှုကိုနိုင်ငံတော်အစိုးရက ဆင်းရဲနွမ်းပါးမှုဒဏ်ခံနေရတဲ့ အခြေခံလူတန်းစားများရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး တိုက်ရိုက်ထောက်ပံ့မှုပေးသင့်ပါတယ်။ ဒီနေရာမှာ နှစ်ထပ်၊ လုံးချင်းစတဲ့ အဆင့်မြင့်အိမ်ရာများကို ရတနာနဲ့ရေဝဏ်အိမ်ရာတွေမှာနေရာသီးခြားသတ်မှတ်ပြီး ထည့်သွင်းတည်ဆောက်ပေးလို့ရပါတယ်။ အဆိုပါအိမ်ရာများကို ရောင်းချလို့ရရှိတဲ့ အမြတ်ငွေကို တန်ဖိုးနည်းအိမ်ရာများထံ ဖြတ်သွယ်ထောက်ပံ့ပေးဖို့ အကြံပြုချင်ပါတယ်။ ရန်ကုန်မြို့လယ်ဒေသက အိမ်ရာအမြတ်အစွန်းတွေကိုလည်း အလားတူထောက်ပံ့မှုပြုပေးလို့ရပါတယ်။ အရေးကြီးတာက လှည့်ပတ်ရန်ပုံငွေစနစ်ရှိနေဖို့ပါပဲ။ ဈေး၊ စာသင်ကျောင်းစတဲ့ လူမှုရေးဝန်ဆောင်မှု အဆောက်အအုံတွေကိုလည်း အစိုးရကမြို့သစ်များနည်းတူဖြည့်ဆည်းပေးရပါမယ်။

အခွန်အခနဲ့စည်ပင်ကိုပေးရတဲ့ ဝန်ဆောင်မှုစရိတ်တွေကိုလည်းကန်ထရိုက်တာများအတွက်လျှော့ချပေးခြင်းဖြင့် ဆောက်လုပ်မှုစရိတ်ကို ကျဆင်းစေမှာဖြစ်ပါတယ်။ နောက်ဆုံးနည်းဖြစ်တဲ့တန်ဖိုးနည်းအိမ်ရာကိုဝင်ငွေနည်းပြည်သူတွေဝယ်နိုင်အောင် ဆောင်ကျဉ်းပေးမယ့် နည်းလမ်းကတော့ နှစ်ရှည်အရစ်ကျရောင်းချပေးမှုစနစ်ပဲဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာအနှစ် ၂၀ အထိအရစ်ကျရောင်း ချပေးတာ တွေ့ရပါတယ်။ အိမ်ရာဘဏ် (Hosing Bank)ထူထောင်ပြီး ချေးငွေပေးလျှင် သင့်လျော်မှုအရှိဆုံးဖြစ်ပါမယ်။

မျက်မှောက်ကာလ မြန်မာနိုင်ငံမှာ တန်ဖိုးနည်းအိမ်ရာတွေဆောက်လုပ်ပေးမယ်လို့ နိုင်ငံတော်သမ္မတကြီးက အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့ပြည်သူတွေဟာ တန်ဖိုးနည်းအိမ်ရာရှာပုံတော်ဖွင့်နေရတဲ့ဘဝမှာပဲရှိနေကြပါသေးတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက "တန်ဖိုးမျှတအိမ်ရာ"လို့ သုံးနှုန်းထားပါတယ်။ "စရိတ်မျှပေး ကျန်းမာရေး"ဆောင်ပုဒ်အရ လက်တွေ့မှာလူနာကပဲအကုန်လုံးပေးနေရတဲ့ အတွေ့အကြုံကြောင့် ပြည်သူတွေက "မျှ"ဆိုတဲ့ စကားလုံးသုံးရင် ယုံကြည်မှုနည်းပါးနေပါတယ်။

အစက တန်ဖိုးနည်းအိမ်ရာဂန္ထဝင်တေးလို့ ကြေညာပြီးကာမှ မြို့တော်ဝန်ကတန်ဖိုးမျှတအိမ်ရာဆိုတဲ့ ကိုယ်ပိုင်သံစဉ်ဟစ်ဟော့ကို ပြောင်းလဲသီဆိုလိုက်တယ်လို့ ကောက်ချက်ချမိပါရဲ့။ နောက်ပြီး စည်ပင်သာယာရယ်၊ ကန်ထရိုက်ရယ်၊အိမ်ခန်းဝယ်သူရယ် ဆိုပြီး ဇာတ်ကောင်သုံးဦးရှိတဲ့နေရာမှာ "တန်ဖိုးမျှတမှု"ဆိုတဲ့အဓိပ္ပာယ်ကိုဖွင့်ဆိုရင် အိမ်ခန်းဝယ်သူက နှစ်မဲတစ်မဲနဲ့ ရှုံးပြီးသားဖြစ်နေပါတယ်။ ဒီမိုကရေစီနည်းအရ လူနည်းစုဆန္ဒကို အများစုက လေးစားတဲ့ မျှတမှုဖြစ်ပါစေလို့ ဆန္ဒပြုမိပါတယ်။

မြို့/အိုးဌာနကလည်းတန်ဖိုးနည်းအိမ်ရာလို့ဆိုင်းဘုတ်မတပ်ပါဘူး။ ၁၈ ထပ်ဆိုတော့ တန်ဖိုးနည်းမှာ လုံးဝမဟုတ်နိုင်ပါဘူး။ ဓာတ်လှေကားတွေပါမယ်။ လျှပ်စစ်မီးက အပြည့်မရသေးဘူး။ ဘယ်လိုမောင်းကြမှာလဲ။ ကုန်ကျစရိတ်ကြီးတဲ့အပြင် စင်ကာပူလိုနိုင်ငံက လူလတ်တန်းစားအိမ်ရာမှာ ဓာတ်လှေကားအတွင်း ရမ်းကားမှု (Lift vandalism)ဆိုတာကို ၁၉၈၂ ခုနှစ်ဝန်းကျင်ကစပြီး ပညာပေးရုံမျှမက ဥပဒေနဲ့ပါ အပြင်းအထန်နှိမ်နင်းခဲ့တာ တွေ့ခဲ့ရပါတယ်။ ဓာတ်လှေကားထဲမှာ ရှူးရှူးပေါက်ချတယ်၊ အမှိုက်ပစ်တယ်၊ လုယက်တယ်၊အမျိုးသမီးများကာယိန္ဒြေပျက်အောင်ကျူးလွန်တယ်။ ရန်ကုန်က အချို့ဟိုတယ်တွေ၊ ကွန်ဒိုတွေမှာလည်း ဓာတ်လှေကား အစောင့်ခန့်ထားနေရပါတယ်။ ကန်စွန်းရွက်တစ်စည်း အတွက်တစ်ခေါက်၊ လက်ဖက်ရည်တစ်ခွက်အတွက်တစ်ခေါက်၊ အခေါက်ခေါက်အခါခါသေ ချာမလွဲ သုံးကြသူလည်းရှိပါမယ်။ နောက်ပြီးတော့ ပြင်ဆင်ထိန်းသိမ်းစရိတ်က ဝင်ငွေနည်းပြည်သူတွေအတွက် ဝယ်ယူပြီးကာမှ "ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်" မဖြစ်ရအောင် ကြိုတင်ထောက်ထား စဉ်းစားစေချင်ပါတယ်။ ဆင်းရဲစေချင်ရင် "ဆင်တစ်ကောင်လက်ဖွဲ့လိုက်"ဆိုတာလိုဝင်ငွေနည်းသူတွေဒုက္ခရောက်အောင်အထပ်မြင့်တိုက်ခန်း တစ်ခန်းဝယ်ပေးလိုက်လို့ ဆိုရိုးပေါ်လာနိုင်ပါတယ်။ ငလျင်ဒဏ်ခံနိုင်အောင်လည်း အထူးစပါယ်ရှယ်အကုန်အကျခံရပါမယ်။၁၆ ထပ်အထပ်အမြင့် ငလျင်ဒဏ်ခံအောင် ဆောက်လုပ်ရတဲ့အဆောက်အအုံတစ်လုံးရဲ့ (Structure)ကုန်ကျစရိတ်က ပုံမှန်ရှစ်ထပ်တိုက်သုံး လုံးဆောက်တာနဲ့ညီမျှတယ်လို့မှတ်သားဖူးပါတယ်။ နောက်ပြီး မြန်မာပြည်ကမီးသတ်စက်အင်ဂျင်က ရှစ်ထပ်တိုက်အထိပဲ ရေပက်လို့ရတယ်လို့ သိရပါတယ်။

၁၈ ထပ်ဆိုရင် မီးသတ်ပိုက်တွေထားရပါတယ်။ Dry riser လို့ခေါ်ပြီး အမေရိကန်ဒေါ်လာ သုံးသောင်းခန့်အထိ ကုန်မယ်လို့သိရပါတယ်။ ရေတင်စက်နဲ့ ရေလှောင်ကန်အပါအဝင် wet riser ဆိုရင် ဒေါ်လာတစ်သိန်းခန့်အထိ ကုန်မယ်လို့ သိရပြန်ပါတယ်။စင်ကာပူမှာ အဲဒီစနစ်ကျင့်သုံးတယ်လို့ သိရပါတယ်။ ဒါကြောင့် အိမ်ခန်းတစ်ခန်းတန်ဖိုးဟာ ကျပ်သိန်း ၂၀၀ ကို အရှိန်မြင့်မြင့်ကျော်မှာ က သေချာနေတော့ တန်ဖိုးနည်းနဲ့ လွဲကိုလွဲ ရပါပြီ။

နောက်ဆုံးတော့မြန်မာနိုင်ငံ တန်ဖိုးနည်းအိမ်ရာ ရှာပုံတော်ဖွင့်ရာမှာ ရတနာပုံမန္တလေးမြို့ကို ရောက်ရှိခဲ့ပြီး တန်ဖိုးနည်းအိမ်ရာအစစ်အမှန်ကိုဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ရပါတော့တယ်။ မင်္ဂလာဦးအောင်မောင်း တန်ဖိုးနည်းဇာတ်ရုံကြီးမှာ တစ်စတုရန်းပေ ဖျာတစ်ချပ်ကို ကျပ် ၁၈,၀၀၀ နှုန်းခန့်နဲ့ တစ်ခန်းစာကို ကျပ်သိန်း ၁၀၀ ဝန်းကျင်ပေးပြီးရမယ်ဆိုတာ အလွန်ကောင်းမြတ်တဲ့ မင်္ဂလာသတင်းပါပဲ။နောက်ပြီး တန်ဖိုးနည်းအိမ်ရာတွေရဲ့အမြင့်ကလည်း ငါးထပ်ပဲရှိတာ တွေ့ရပါတယ်။တန်ဖိုးနည်းအိမ်ရာအတွက် စာရေးသူတင်ပြခဲ့တဲ့အချက်များ အပါအဝင် အသေးစိတ်ဆွေးနွေးပွဲများတောင် ကျင်းပခဲ့တာလည်း အားရစရာပါပဲ။ဒါကြောင့် မြို့တော်ဝန်ကြီးကို မင်္ဂလာဦးအောင်မောင်းလို့ဂုဏ်ပြုခေါ်ဆိုရခြင်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ရပါတော့တယ်။



# ဆရာသိန်းဖေမြင့် စိုးရိမ်ခဲ့တဲ့ မင်္ဂလာပါ မဆရာ

■ မောင်သာချို

(တစ်)

ယခုလို နေ့စဉ်ထုတ် သတင်းစာတို့ ဟိုနားကတစ်စောင်၊ သည်နားက တစ်စောင်နှင့်ခေါင်းပြူကာ ထွက်ရှိလာကြသည့် ကာလကြီးထဲတွင် အကြောင်းတိုက်ဆိုင်စွာ မကြာခဏ ကျွန်တော်သတိရနေမိသော စာရေးဆရာတစ်ယောက်မှာ ဆရာသိန်းဖေမြင့်ပဲဖြစ်ပါသည်။

ဘုတလင်သား နာမည်ကျော် စာရေးဆရာကြီးတစ်ယောက်။ ၁၉၁၄ ဇူလိုင် ၁၀ တွင်မွေးကာ ၁၉၇၈ ဇန်နဝါရီ ၁၅ တွင် အနိစ္စရောက်ခဲ့သည့် စာရေးဆရာကြီး။ မွေးတော့သောကြာနေ့၊ ဆုံးတော့ တနင်္ဂနွေနေ့။

ဆရာသိန်းဖေမြင့်၏စာတွေက ကျွန်တော်တို့အဖို့ သင်ရိုးကုန်သလောက်ပင်ဖြစ်ပါသည်။ ဝတ္ထုရှည်ထဲကဆိုလျှင် တက်ဘုန်းကြီး၊တက်ခေတ်နတ်ဆိုး၊သပိတ်မှောက်ကျောင်းသား၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊သိတာပြုံး၊ သူတို့လင်မယား ၃၄ နှစ် စသည် စသည်။ ခရီးသွား စာပေထဲက ဆိုလျှင် ဝိသေသတိုင်းသမိုင်းအစ၊ အညာပြန် စသည် စသည်။ ကိုယ်ရေးမှတ်တမ်းထဲကဆိုလျှင် စစ်အတွင်းခရီးသည်၊ တော်လှန်ရေးကာလ နိုင်ငံရေး အတွေ့အကြုံများ စသည် စသည်။ အတ္ထုပ္ပတ္တိစာပေထဲကဆိုလျှင် သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိ၊ ဇာတ်ဆရာဦးဖိုးစိန်။ ပြဇာတ်တွင် ဦးစောဘိလပ်သွားပြဇာတ်။ ယခုအခါပေါင်းချုပ်၍ထွက်ထားပြီးဖြစ်သည့်ဝတ္ထုတိုများ စသည် စသည်ဖြင့် ဆရာသိန်းဖေမြင့်၏ စာများကို တော်တော့ကိုကုန်စင်အောင် ဖတ်ခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း လာပြန်ပြီလို စာအုပ်မျိုးကိုတော့ စိတ်ပျက်မိသည်မှအပ ဆရာသိန်းဖေမြင့်၏စာအုပ်များကို ကျွန်တော်စွဲပါသည်။

အခု ကျောင်းဖွင့်လုဖွင့်ခင်ရက်တွေထဲ လမ်းပေါ်၌ အဖြူအစိမ်းဝတ် ဆရာမများကို ခပ်စိပ်စိပ်တွေ့လာရာကဘာ့ကြောင့်မှန်းမသိ ဆရာသိန်းဖေမြင့်ကို သွားပြီးသတိရမိလိုက်ခြင်းဖြစ်ပါသည်။

ဟိုတုန်းက ဗိုလ်တထောင်သတင်းစာဟူ၍ ရှိခဲ့ရာ ၁၉၅၈ ဩဂုတ်၁တွင်အစိုးရကပြည်သူပိုင်သိမ်းခဲ့ပြီး ထိုသတင်းစာ၌ ဆရာသိန်းဖေမြင့်က အယ်ဒီတာချုပ်လုပ်ခဲ့ပါသည်။ ဆရာသည် ၁၉၇၅ အထိ ပင်တိုင်ဆောင်းပါးရှင် အဖြစ် ဗိုလ်တထောင်၌ ရေးခဲ့ရာ ထိုကဏ္ဍ၏ အမည်က 'ပွင့်ပွင့်လင်းလင်းပြောပါရစေဖြစ်ပါသည်။ ထို 'ပွင့်ပွင့်လင်းလင်း ပြောပါရစေ' ကဏ္ဍပါဆောင်းပါးခေါင်းစဉ်တစ်ခုကို ကျွန်တော် မှတ်မိနေပါသေးသည်။ 'မြန်မာ့ပညာရေးလောက မိန်းမများကြီးစိုး တော့မည်လော' ဟူ၍ဖြစ်ပါသည်။ ကျွန်တော် အမှတ်မှား၍လွဲလျှင်လည်း တစ်လုံးစနှစ်လုံးစပေါ့။ ကျွန်တော်သိပ်ကြိုက်ခဲ့ရသည့် ဆောင်းပါး။

(နှစ်)

ဆရာသိန်းဖေမြင့်က ပညာရေး လောကတွင်ဆရာမတွေများလာခြင်းကို ဝေဖန်သုံးသပ်ထားခဲ့ခြင်းပင်ဖြစ်ပါသည်။

မှန်ပါသည်။ ဘယ်နေရာကိုကြည့်ကြည့် အခုလည်းဆရာမတွေချည်း။ တက္ကသိုလ်ကောလိပ်ကျောင်းများရှိ အချို့သောဌာနတွေမှာ ဆရာဟူ၍ လုံးဝမရှိ။ ရှိခဲ့သော် ဆရာ၊ ဆရာမအစိတ်သုံးဆယ်မှာ အမျိုးသားဆရာက တစ်ယောက်စနှစ်ယောက်စသာ။ အုံ့ညြစရာကောင်းလောက်အောင် မူလတန်းကျောင်းကလေး တော်တော်များများတွင် အမျိုးသားဆရာဟူ၍မရှိ။

အလယ်တန်း၊ အထက်တန်းတွေမှာကလည်း အမျိုးသားဆရာ အင်အားက တစ်ယောက်စ နှစ်ယောက်စ။ ဆယ်တန်းအောင်ပြီး၍ ပညာရေးကောလိပ်တို့၊ ပညာရေးတက္ကသိုလ်တို့ကိုဝင်ရောက်လာသူအများစုကလည်း အမျိုးသမီးတွေချည်း။ စာသင်ခန်းတစ်ခန်း၌ စာသင်သား ငါးဆယ်ရှိလျှင် အမျိုးသားက လေးငါးယောက် ဝန်းကျင်သာ။

ယင်းသည် ဆရာသိန်းဖေမြင့် ရေးခဲ့သည့် အချိန်ကစလို့ ယခုအထိ သည်အတိုင်း။ မြန်မာ့ပညာရေးကို မိန်းမတို့ကြီးစိုးသလိုဖြစ်နေသည်မှာကား အမှန်ပဲ ဖြစ်ပါသည်။

(သုံး)

ဘာ့ကြောင့် အခုလိုဖြစ်ရသလဲနှင့်ပတ်သက်၍ ဆရာသိန်းဖေမြင့် သုံးသပ်ခဲ့ပုံကလေးတွေကိုလည်း ကျွန်တော်အမှတ်ရမိနေပါသေးသည်။

ဆရာ၊ဆရာမတို့၏လစာဝင်ငွေနည်းပါးခြင်းတဲ့။ မြန်မာ့လူ့အဖွဲ့အစည်း၌ အမျိုးသားများက အိမ်ထောင်ဦးစီး ဖြစ်လေ့ရှိရာ မိသားတစ်စု၏ စားဝတ်နေရေး၊ ပညာသင်ကြားရေး၊ လူမှုရေးကိစ္စအဝဝတို့ကို မိမိ လစာငွေဖြင့် ဦးဆောင်ဖြေရှင်းရန်မဖြစ်နိုင်တော့သောအခါ စာသင်ခန်းများကို သူတို့ကျောခိုင်းလိုက်ကြပါသည်တဲ့။ ဤသို့ဖြင့် သင်ကြားရေး၌ အားကောင်းမောင်းသန်ဆရာများကို ကျွန်တော်တို့ စွန့်လွှတ်လိုက်ကြရခြင်း ဖြစ်ပါသည်။ သင်္ချာအသင်ကောင်း၊ အင်္ဂလိပ်စာအသင်ကောင်း၊ ရူပဗေဒအသင်ကောင်း၊ မြန်မာစာ အသင်ကောင်း၊ ဆရာတို့၊ ဆရာတို့ ရေကြည်၍ မြက်နုရာ အသက်မွေးဝမ်းကျောင်းများရှိရာဆီသို့ ထွက်ခွာသွားခဲ့ကြပါသည်။

စာသင်ခန်းများထဲတွင် အမျိုးသမီးဆရာမအများစုသာ ကျန်ရစ်ခဲ့ကြပြီး တချို့တစ်ဝက်၏ အားနည်းချက်မှာသက်ဆိုင်ရာဘာသာရပ်ကို အမှန်တကယ် မချစ်ခြင်း၊ မကျွမ်းကျင်ခြင်း၊ ကျောင်းဆရာမအလုပ်ကိုပင်လျှင် ဘာလုပ်ပါသလဲဟုမေးလာသောအခါ ဆရာမပါဟု ဂုဏ်တစ်ရပ်အဖြစ် အဖြေပေးနိုင်ရုံသဘောထားခြင်း စသည် စသည်တို့ပင်ဖြစ်ပါသည်။

အမျိုးသားဆရာတို့အား ကောင်းမောင်းသန်ရှိနေခဲ့စဉ် ကာလတုန်းက ဆရာနှင့် ကျောင်းသား ဝုန်းဒိုင်းကြဲခဲ့ကြသည့်ဘောလုံးပွဲများ၊ ဘော်လီဘောပွဲများ၊ ဘတ်စကက်ဘောပွဲများသည်လည်း ဆရာမအများစု၏ကြား၌ သေးကွေးကြုံလှီကာသွားကြရပါသည်။ တစ်ခါတစ်ခါယောကျ်ားယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း စာသင်ခန်းပြင်ပ စကားများနှင့် ရင်းနှီးရယူကြရသည့်အခါ ဆရာမနှင့် ကျောင်းသူများအတွက် အဆင်ချောကြသော်လည်း ဆရာမရှိသောကျောင်းက ကျောင်းသားကလေးတို့သည် အဖေမရှိသည့် မိသားစုက သားယောကျ်ားလေးများလို လောကကိုနားလည်ရန် တုံ့နှေး၍ သွားကြရပါသည်။

အခြေခံပညာ၌ကျောင်းအုပ်ရာထူးဆိုလျှင် ဆရာကြီးထက် ဆရာမကြီးတို့ကသာ ပိုများပါသည်။ ယင်းသည် ထိုစဉ်က တစ်ပါတီအာဏာရှင်စနစ်၏ ယန္တရားလည်ပတ်မှုတွင်တစ်တပ်တစ်အားဖြစ်ခဲ့ပုံရပါသည်။ ဆရာမကြီးကလည်း ဆရာမကြီး၊ အပျိုကြီးကလည်း အပျိုကြီးဖြစ်ပြီဆိုမှဖြင့်ကလေးတို့သည်ဗိုင်းကောင်းကျောက်ဖိဖြစ်ကာ အလွန်အကျူးရိုသေနာခံမှတ်သားလျက် မိန်းမလျာ ကလေးတို့အလား နူးညံ့သိမ်မွေ့ကာသွားကြရာ စွန့်ဦးတီထွင်လိုမှု၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားလိုမှု၊ အခြားသော တစ်ဖက်မှကြည့်ရှုလိုမှု၊ နည်းလမ်းဟောင်းများကို နည်းသစ်များဖြင့် ပြန်လည်ချဉ်းကပ်လိုမှုစသည့်သူပုန်စိတ်ကလေးများကို ပိတ်ဆို့သွားသလိုဖြစ်သွားခဲ့ပုံရပါသည်။

အမျိုးသား ဆရာတို့အား ကောင်းမောင်းသန် ရှိနေခဲ့စဉ် ကာလတုန်းက ဆရာနှင့်ကျောင်းသား ဝုန်းဒိုင်းကြဲခဲ့ကြသည့် ဘောလုံးပွဲများ၊ ဘော်လီဘောပွဲများ၊ ဘတ်စကက်ဘောပွဲများသည်လည်း ဆရာမအများစု၏ကြား၌ သေးကွေးကြုံလှီ ကာသွားကြရပါသည်။ တစ်ခါတစ်ခါယောကျ်ားယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း စာသင်ခန်းပြင်ပစကားများနှင့် ရင်းနှီးရယူကြရသည့်အခါ ဆရာမနှင့် ကျောင်းသူများအတွက် အဆင်ချောကြသော်လည်း ဆရာမရှိသောကျောင်းက ကျောင်းသားကလေးတို့သည်အဖေမရှိသည့် မိသားစုက သားယောကျ်ားလေးများလို လောကကိုနားလည်ရန် တုံ့နှေး၍ သွားကြရပါသည်။

တစ်ခါကပညာတတ်ပါသည်ဟူသော လူတစ်ယောက်ကပင်လျှင် အလုပ်အကိုင်ကို ကျောင်းဆရာဟုဖြေသောသူတစ်ယောက်ကိုကြည့်ကာ စုတ်သပ်ရင်း ယောကျ်ားလေးပီပီ တိုးတက်ကြီးပွားမယ့်အလုပ်ကို လုပ်ပါလားဟု အကြံပေးလမ်းညွှန်နေသည်ကိုတွေ့ဖူးခဲ့ရာ ယောကျ်ားမှန်ရင် ကျောင်းဆရာမလုပ်ရဘူးဟူသည့်အနက်ထွက်၍နေပါသည်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်း၌လူကိုသူနှင့်ထိုက်တန်သည့်ဂုဏ်၊ သူနှင့်ထိုက်တန်သည့် ဒြပ်မပေးဆပ်နိုင်သဖြင့်ထိုသူတို့ကျောခိုင်းထွက်ခွာသွားကြသည့်အတွက် ဆုံးရှုံးရမှုတွေ များပြားလှပါပြီ။ ဘရိန်းဒရိန်း Brain Drain ဆိုသည်မှာ ကိုယ့်ဆီကလူတော်လူကောင်းတွေ သူတို့ဆီထွက်သွားကြသည်ကိုမှဆိုလိုခြင်းမဟုတ်ဘဲ ကိုယ့်ရပ်ဌာနေမှာပင်လျှင် ဘာမှအသုံးမချဘဲ ပစ်ထားလိုက်ခြင်းပါ ပါဝင်ကြောင်း လူတိုင်းသိပါသည်။

အားကောင်းမောင်းသန် အမျိုးသားဆရာတို့စာသင်ခန်းများကို စွန့်ခွာသွားမှုသည် ကြီးစွာသော ဦးနှောက်ယိုစီးမှု ဖြစ်ပါသည်။

(လေး)

ဆရာသိန်းဖေမြင့်က 'မြန်မာ့ပညာရေးလောက မိန်းမများ ကြီးစိုးတော့မည်လော' တဲ့။ ဟုတ်ကဲ့ ဆရာ။ 'မင်္ဂလာပါ ဆရာမ'ဆိုတဲ့ အသံတွေက ပိုလို့ ညံနေသော လောကပါ ဆရာ။ 'မင်္ဂလာပါ ဆရာ' ဆိုတဲ့အသံဟာ တစ်နေ့ထက်တစ်နေ့ ပိုလို့ဆိတ်သုဉ်းလာခဲ့ပါပြီဆရာ။ တချို့ကျောင်းတွေမှာဆိုတစ်ကျောင်းလုံး ဆရာတစ်ယောက်မှမရှိလို့ 'မင်္ဂလာပါဆရာ' ဆိုတာ ဆိုစရာမလိုတော့။ အဲသည်တော့ 'မင်္ဂလာပါမဆရာပေါ့' ဆရာရယ် မဟုတ်ဘူးလား။ ဆရာမှမရှိတာ။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ဉာဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံ့ချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006



# ရေကို ရွှေလိုဖြင့် မသုံးရစေချင်

သင်းရီ

**မဟာစင်ရဲ့နောက်တော်ပါးကနေ ကပ်လိုက်လာတဲ့ မုတ်သုံမိုးရိပ်တိမ်ဆိုင်ကလေးတွေ တညို့ညို့ဆိုတော့ မေ့လွယ်ပျောက်လွယ်ရှိသူတွေအဖို့တော့ တစ်နွေလုံးပူခဲ့လောင်ခဲ့တာကို မေ့ကြလျော့ကြရှိပြီထင်ရဲ့ဗျာ။ ကျွန်တော်ဖြင့် မေ့နိုင်ဖို့ဝေးလို့စိတ်ထဲတနုံ့နုံ့တွေးနေ မိရဲ့ဗျို့။ ရာသီဥတုကြီးသာ ဒီအတိုင်း ခရီးဆက်နေမယ်ဆို နောင်လာနောက်သားတွေ ဘယ်လိုနေပါ့မလဲပေါ့ဗျာ။ သူသူ ကိုယ်ကိုယ် မွေးထားခဲ့ကြတဲ့ ကိုယ့်သား ကိုယ့်မြေးတွေကို ဒီလောက်ဆိုးရွားတဲ့ ရာသီဥတုကြီးထဲမှာ ဘယ်လို စိတ်ချတဲ့စိတ်မျိုးတွေနဲ့များ မျက်နှာလွှဲခဲပစ်ထားခဲ့နိုင်ကြတော့မှာလားပေါ့ဗျာ။ တွေးမိတော့ နေရှိန်ကြောင့် မဟုတ်ဘဲနဲ့ကို အသည်းနှလုံးက ပူသဗျ။**

သိကြတဲ့အတိုင်း အခု သုံးလေးနှစ် အတွင်းမှာ မိုးကစောစောတော့တာပြပြီး နှုတ်ဆက်ထွက်သွားလို့ ရောက်လာရတဲ့ ဆောင်းတောင်မှ ဆောင်းရုပ်ပီပြင်ခွင့်မရလိုက်ရှာတဲ့ ရာသီဥတုကြီးဖြစ်လာနေပြီမဟုတ်လားဗျာ။ ပူလွန်းလောင်လွန်းလှပေသကိုးဗျ။

ဟိုဘက် နှစ် ၂၀ လောက်တုန်းက နေသာထိုင်သာနဲ့ ရာသီဥတု သပ္ပာယမျှတဲ့ ရန်ကုန်ရွှေမြို့တော်ကြီးလည်း ခုဆို ကျောကော့အောင်ပူတဲ့နွေနဲ့ ကြုံနေကြရပြီ။ အရိပ်ထဲထိုင်နေတာတောင်မှ မီးပုံကြီး နားကပ်ထိုင်နေရသလိုပူပေရဲ့။

ရန်ကုန်မှာ ပူတာထားလိုက်ဦး၊ ရှမ်းပြည်နယ် အောင်ပန်းမှာလည်း၊ တောင်ကြီးမှာလည်း အရင်ကလိုမဟုတ် ပူသတဲ့။ တောင်ကြီးမှာဆို တောင်ပေါ်က ရေထွက်တွေတောင် ခန်းလို့၊ ခြောက်လို့ သုံးရေသောက်ရေတွေလည်း အခက်ကြုံကြရပြီတဲ့။ တစ်ပတ်ကိုမှ တစ်ကြိမ်ပဲ ရေဝေပေးနိုင်သတဲ့။ အင်းလေးကန်ကြီးလည်း ခြောက်စရာ စိုးရိမ်စရာကောင်းလောက်အောင် ရေတွေခန်းလာသတဲ့ဆိုတော့၊ ဒါကိုပေါ့ပေါ့နေ၊ ပေါ့ပေါ့ထားလို့တော့ဖြင့် မတော်တော့ပေဘူးလို့ စဉ်းစားထိုက်တဲ့ ကိစ္စဖြစ်လာပေတာကိုးဗျ။ အောင်ပန်းတို့ တောင်ကြီးတို့တောင်မှ သည်လိုဖြစ်လာပြီဆိုတော့ မြန်မာပြည်မြေလတ်ဒေသလို၊ မိုးနည်းရပ်ဝန်းတွေလို နေရာမျိုးတွေဆိုတာကတော့ ဘယ်ပြောစရာရှိတော့မတုန်းလို့ ဆိုရပေတော့မပေါ့ဗျာ။

ပုပ္ပားတောင်ကြီးရဲ့ အရိပ်ခိုပြီး တောင်မကြီးဆီက ရေထွက်တွေအားကိုးနဲ့ စိမ်းလန်းစိုပြည်ရှိလွန်းလှတဲ့ ကျောက်ပန်းတောင်းနယ်မှာတောင်မှ ရေထွက်တွေခန်းကုန်ကြလို့ သောက်ဖို့ရေအတွက်တောင် အတော်ကြီးဒုက္ခရောက်နေကြရသတဲ့။ စည်ပင်က တူးပေးထားတဲ့စက်ရေတွင်းကလည်း ပေ ၈၀၀ တောင် နက်အောင်တူးရပေမယ့်ရေက စက်နဲ့မောင်းတင်ရတာတောင်မှ လောက်လောက်ငငမရှိတဲ့အပြင် ချဉ်နေလို့ သောက်လို့မရဘူးတဲ့ဗျာ။ သောက်ဖို့ ရေကို သုံးလေးမိုင်လောက်ဝေးတဲ့ ကျောက်ပန်းတောင်းကို လှည်းတွေနဲ့ ရေသွားကဲ့ကြရသတဲ့။ မလောက်မငဖြစ်နေတဲ့ စက်ရေတွင်းကရေကိုပဲ ချိုးရေအဖြစ် မျှတသုံးကြရတဲ့အခါ တစ်ရက်ခြားလောက်မှ တစ်ခါရှားစာပါးစာ ချိုးကြရသတဲ့။ အဲ့ဒါတောင် ဘယ်လိုချိုးကြရတာတုန်းမေးဦး။ ရေကို စည်ပိုင်းပြတ်ထဲထည့်ပြီး အိမ်ရှိလူကုန် ဆင်းစိမ်ကြရသတဲ့ဗျို့။ စိမ်လို့ဝပြီး ကျန်တဲ့ရေကိုမှ နွားတွေကို တိုက်ကြရသတဲ့ဆိုတော့ ဘယ်လိုလုပ်ကြမတုံးလို့ တွေးမိသဗျ။

အဲ့ဒီလိုပဲ ရေရှားပါးမှုဒဏ်ကို အလူးအလဲ ခံနေကြရတဲ့ရွာတွေ မန္တလေးတိုင်းထဲမှာကို ရွာပေါင်း ၄,၀၀၀ ကျော်ရှိသတဲ့။ တကယ်တော့ဗျာ မိုးနည်းတဲ့ အဲ့ဒီဒေသတွေတင် မဟုတ်ဘူးဗျ။ မနှစ်တစ်နှစ်ကစပြီး ကျွန်တော်တို့နိုင်ငံထဲက ဒေသတိုင်းလိုလိုမှာ ရေတွင်းရေကန်တွေ ခြောက်ခန်းကုန်ကြလို့ ရေဒုက္ခရောက်ကြရတာ သတိထားမိကြမယ်ထင်ပါရဲ့။ အဲ့ဒါဟာ အနာဂတ်အတွက် ထိတ်စရာလန့်စရာကိစ္စပါ။

အရင်တုန်းကတော့ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းဆိုတဲ့ မြစ်တွေအသွယ်သွယ်နဲ့ ရာသီဥတု ကောင်းမွန်မျှတပြီး မြေမရှားရေမရှား စိုက်ပျိုးရေးဖြစ်ထွန်းတဲ့နိုင်ငံရယ်လို့ ကမ္ဘာပေါ်မှာဂုဏ်ယူနိုင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံပါဗျာ။ အခုတော့ဖြင့် ဖောက်ပြန်လာတဲ့ ရာသီဥတုကြောင့် နိုင်ငံရဲ့ နေရာအတော်များများမှာ သောက်ရေသုံးရေတောင် ရှားလာသတဲ့ဆိုတော့ အနာဂတ်ကို မျှော်ကြည့်ပြီး နက်နက်တွေးလေ စိတ်ပူစရာကောင်းလေ ဖြစ်လာနေသဗျ။

တကယ်တော့ ဒါလည်းကျွန်တော်တို့ တစ်နိုင်ငံတည်း ကွက်ပြီးဖြစ်နေတာတော့လည်း မဟုတ်ဘူးတဲ့ဗျို့။ ကမ္ဘာနဲ့ချီပြီးကို ဖြစ်နေတာတဲ့ဗျ။ ကမ္ဘာကြီး ပူနွေးလာတာနဲ့အမျှ ကမ္ဘာ့ရေခြောက်ခန်းလာမှုကလည်း ကြောက်ခမန်းလိလိဖြစ်လာပြီး မြစ်တွေ၊ ကန်တွေ တိမ်ကောပျက်စီးလာကြသတဲ့။ အဲ့ဒီ မြစ်တွေ၊ ကန်တွေ ပျက်စီးလာတယ်ဆိုပေမယ့်လည်း ရေကို အသုံးချမယ့်လူဦးရေကတော့ဖြင့် လျော့မသွားဘူးဗျို့။ သေဆုံးမှုနှုန်းထက် မွေးဖွားမှုနှုန်းမြင့်နေတဲ့ ကျွန်တော်တို့ရဲ့ကမ္ဘာကြီးပေါ်မှာ စက္ကန့်နဲ့အမျှကို လူဦးရေက တိုးနေတာတဲ့ဗျ။ ဒီတော့ သန်းခုနစ်ထောင်ကျော်ဖြစ်လာတဲ့ ကမ္ဘာ့လူဦး ရေအတွက် လိုအပ်လာနေတဲ့ ရေနဲ့ပတ်သက်ပြီး ကမ္ဘာပေါ်မှာ စိုးရိမ်ပူပန်မှုတွေဖြစ်လာကြသဗျ။ ပညာရှင်တွေရဲ့ ခန့်မှန်းချက်အရတော့ဖြင့် လာမယ့် ၂၀၁၅လောက်မှာကို ကမ္ဘာ့ လူဦးရေရဲ့သုံးပုံနှစ်ပုံဟာ ရေအတွက် စိတ်ဆင်းရဲကြရလိမ့်မယ်တဲ့ဗျား။ ဒါကြောင့်လည်း မကြာမီကမှ ထိုင်းနိုင်ငံမှာ ကျင်းပသွားတဲ့ အာရှပစိဖိတ် ရေအရင်းအမြစ်ဆိုင်ရာညီလာခံမှာ ရေကိစ္စက အပူတပြင်းစဉ်းစားရတဲ့ အကြောင်းအရာ ဖြစ်လာရပကောလားဗျာ။ အဲ့ဒီညီလာခံမှာ အာရှဖွံ့ဖြိုးရေးဘဏ်က တင်ပြသွားချက်အရဆိုရင် အာရှဟာတိုးတက်လာတာမှန်ပေမယ့်ဒေသတွင်းမှာရှိတဲ့ လူဦးရေရဲ့သုံးပုံနှစ်ပုံနီးပါးလောက်ဟာ သန့်ရှင်းတဲ့ ရေကိုမရရှိကြတော့ဘူးလို့ ဆိုသဗျ။

ကမ္ဘာကြီးမှာက စိုက်ဖို့၊ ပျိုးဖို့ ရေထက် သောက်သုံးဖို့အတွက် လိုအပ်တဲ့ မြေအောက်ရေတွေ ခြောက်ခန်းလိုက်လာမှုကလည်း စိုးရိမ်စရာ ကောင်းလောက်အောင်ကို ဖြစ်လာနေသတဲ့ဗျာ။

ကိုင်း ဒီတော့ ဘယ်လိုလုပ်ကြမတုန်းလို့တွေးမိတယ်။ မိုးပြိုအများပဲပေါ့ လို့ဆိုတဲ့ လူဖျင်းလူညံ့တွေးတော့ မတွေးနိုင်၊ မတွေးသင့်ပေဘူးလို့ထင်သဗျ။ တကယ်တော့ ဒီကိစ္စတွေက ဘယ်သူမပြုမိမိမှုကိစ္စတွေပဲ လေဗျာ။ ကိုယ်ပြုသမျှဒဏ်ကိုယ်ခံရဆိုသလိုပဲပ။ ရေနဲ့ရာသီဥတုကိုထိန်းတဲ့ ကမ္ဘာပေါ်ကသစ်တောတွေလည်း လူတွေက မဆင်မခြင်လောဘတက်ပြီး ခုတ်ကြလှဲကြတော့ ပြုန်းလာလိုက်ပုံကလည်း ကြောက်ခမန်းလိလိပါပဲ။ အခုလက်ရှိမှာကို နှစ်စဉ်နှစ်တိုင်း သစ်တောဧရိယာ ဟက်တာ ၁၃ သန်းလောက်ကို ဖြုန်းတီးပစ်နေကြတုန်းတဲ့ဗျာ။ ကဲ ဒီတော့ ခုထိကို ဆင်ခြင်ရကောင်းမှန်း မသိကြသေးဘူးဆိုတဲ့ သဘောပေါ့ဗျာ။

ကိုင်း ကမ္ဘာကြီး ခဏထားလို့ ကိုယ့် နိုင်ငံထဲပဲ ပြန်ကြည့်ဦးစို့ ဆိုတော့ ကိုယ့်နိုင်ငံကိုယ်တိုင်မှာကို မဆင်မခြင် လောဘနဲ့ ခုတ်လှဲသုံးစွဲ လုပ်ချင်တိုင်း လုပ်ပစ်လိုက်ကြတဲ့ သစ်တောတွေဆိုတာ နည်းနည်းလားဗျာ။ ပြုတ်ပြုတ်ပြုန်းခမန်းကို တောင်ကတုံးတွေဖြစ်လို့။

**စာမျက်နှာ(၃၂)သို့**

Business 7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# ဂျပန် – မြန်မာအချစ်ဇာတ်လမ်း

ကြည်နေဝင်းမင်း



*သမ္မတဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေးတို့ကို တွေ့ရစဉ်*

ဓာတ်ပုံ -ရိုက်တာ

**ဂျပန်** ဝန်ကြီးချုပ် ရှင်ဇို အာဘေးသည် နှစ်ပေါင်း ၃၆ နှစ်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သော ဂျပန်ဝန်ကြီးချုပ်ဆိုသည့် ဂုဏ်ထူးကို ရယူသွားခဲ့ပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းဖြင့် အပြန်အလှန်ပွေ့ဖက်သော မိတ်ဆွေဆက်ဆံရေး အခြေခံအုတ်မြစ်အသစ်တည်ဆောက်ရန် မြန်မာသမ္မတဦးသိန်းစိန်နှင့် သဘောတူညီခဲ့သည်။

လျစ်လျူရှုထားခဲ့သည်မှာ ကြာပြီဖြစ်သော မြန်မာစီးပွားရေးကို တွန်းနိုးရန် ဖြစ်နိုင်သမျှ အကူအညီအားလုံးပေးအပ်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ်က ကတိကဝတ်ပြုပြောကြားပြီး ဂျပန်က မြန်မာနှင့်ကုန်သွယ်ရေးတိုးမြှင့်နေစဉ်မှာပင် မြန်မာနိုင်ငံမှ ရရန်ရှိသော ကြွေးမြီများကို လျှော်ပေးရန်နှင့် ချေးငွေအသစ်များထပ်မံပေးအပ်ရန် ကတိပြုလိုက်သည်။

ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးသည့်အနေဖြင့် ကြွေးကျန်နောက်ထပ်ယန်းငွေ ၁၇၆ ဒသမ ၁ ဘီလီယံ(ကန်ဒေါ်လာ ၁ ဒသမ ၇၄ ဘီလီယံ)ပယ်ဖျက်ပေးရန် ဂျပန်က သဘောတူညီခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံအပေါ် ကြွေးမြီယန်းငွေ ၃၀၀ ဘီလီယံပယ်ဖျက်ပေးရန် ၂၀၁၂ ခုနှစ်ဧပြီလတွင် ဂျပန်က ကတိပြု ခဲ့ပြီးနောက် ကြွေးမြီ၏ နောက်ဆုံးကျန်ရှိသော အစိတ်အပိုင်းဖြစ်သည်။

ထို့အပြင် ဂျပန်-မြန်မာသဘောတူညီမှုအသစ်များအရ ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် ချေးငွေသစ် ယန်း ၅၁ ဘီလီယံ (ကန်ဒေါ်လာ ၄၈၉ ဒသမ ၅ သန်း) ထပ်မံပေးအပ်ရန်လည်း သဘောတူညီခဲ့သည်။

ယင်းမှာ မြန်မာတစ်နိုင်ငံလုံး၌ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော လမ်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေး လုပ်ငန်းများပါဝင်သလို ဓာတ်အားပေးစက်ရုံပြင်ဆင်ထိန်းသိမ်းမှု၊ ရန်ကုန်မြို့အနီး သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့် ဒီဇင်ဘာလအတွင်း ဂျပန်နှင့် မြန်မာက ဖော်ဆောင်ရန် သဘောတူထားသော စီမံကိန်းတစ်ခုအတွက် သုံးစွဲရန်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် မလာမီကပင် မြန်မာနိုင်ငံသို့ ဂျပန်စီးပွားရေးလုပ်ငန်းများမှ အမှုဆောင်များ ခြေလှမ်းစိပ်ခဲ့ပြီးဖြစ်သည်။ ယမန်နှစ်အတွင်း မြန်မာနိုင်ငံသို့ ဂျပန်စီးပွားရေးအမှုဆောင်များ တစ်လလျှင် ၄,၀၀၀ ခန့် အဝင်အထွက်ရှိခဲ့သည်။ ၎င်းအရေအတွက်မှာ ထိုင်းနိုင်ငံနောက် ဒုတိယလိုက်ကြောင်း ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) ရန်ကုန်ရုံးမှ မန်နေဂျင်းဒါရိုက်တာ မာဆာကီတာကာဟာရာက ဆိုထားသည်။ လုပ်အားခ ဈေးနှုန်းချိုသာခြင်းနှင့် ပြည်သူ သန်း ၆၀ ရှိ မခူးမဆွတ်ရသေးသော ဈေးကွက်က ဂျပန်ကုမ္ပဏီများကို ဆွဲဆောင်နေသည်ဟု ၎င်းကပင် ဆိုပါသည်။ "အခုလောလောဆယ် တစ်ကမ္ဘာလုံးမှာ မြန်မာလိုဈေးကွက် ဘယ်မှာမှ မရှိဘူး"ဟု မစ္စတာတာကာဟာရာက ဘလွန်းဘာ့ဂ်စီးပွားရေးသတင်းဌာနအား ပြောကြားသည်။

ဂျပန်နိုင်ငံသည် အနောက်

**စာမျက်နှာ(၁၉)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၄၅ | ၉၅၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၄၀ | ၇၅၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၀၄ | ၁၂၂၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၉ | ၃၂. ၀၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၁ | ၁၅၃ | ကျပ် |

၂၀၁၃ မေ ၂၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၆၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၃၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၂၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၁၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၈၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၃၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၇. ၅၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၄ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၇၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၆၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၂၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၃၆၃ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၄၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၁၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၃၂၅၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၃၉၂. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၂. ၆၄ |
| ငွေ | ၁ အောင်စ | ၂၂. ၃၆ |
| ကြေးနီ | ပေါင် | ၃၂၉. ၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ ၂၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



## ရွှေအရောင်းပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊မေ-၂၆**

ရွှေဈေး ပြန်တက်လာသောကြောင့် ပြည်တွင်းရွှေဈေးကွက်တွင် ရောင်းအားများပြန်လည်ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များ ကပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်က ရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၆၉၅,၀၀၀ အထိဈေးနှုန်းများကျဆင်းသွားရာမှ ယခုရက်ပိုင်းတွင် ကျပ် ၇၁၀,၀၀၀ကျော်ထိ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးများ ပြန်လည်မြင့်တက်လာခြင်းနှင့် အမေရိကန်ဒေါ်လာဈေးနှုန်းများမြင့်တက်လာခြင်းကြောင့်ပြည်တွင်းရွှေဈေးနှုန်းများလည်းပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

"ဈေးပြန်တက်လာတော့ ခုနစ်သိန်းအောက်တုန်းက ဈေးကွက်အနေအထားလောက်တော့ မရောင်းရတော့ဘူး။ပြန်ကျမလားဆိုပြီးစောင့်တာရော လတ်တလောဈေးအနေအထားက ဒီဈေးကမြင့်တယ်ဆိုတော့ အဝယ်အတော်နည်းသွားတယ်"ဟု ရွှေလုပ်ငန်း ရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ တစ်အောင်စလျှင်ဒေါ်လာ၁,၃၆၀ဝန်းကျင်မှ ဒေါ်လာ၁,၃၉၀ကျော်ထိ မြင့်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်းများမှာ မေ ၂၆ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ် ၇၁၁,၀၀၀ကျပ်ထိဈေးရှိနေသည်။

## မွေးမြူရေးနှင့် ရေလုပ်ငန်းငယ်များ ဝန်ကြီးဌာနအကူအညီ လုပ်ငန်းငယ်များမခံစားရ

**သန်းဌေး**

**ရန်ကုန်၊ မေ-၂၆**

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတကာမှပေးသော ငွေကြေးနှင့် နည်းပညာအကူအညီမရရှိသေးမီ ကြားကာလတွင် ဝန်ကြီးဌာနမှ ပေးခဲ့သော ငွေကြေးအကူအညီမှာအောက်ခြေလုပ်ငန်းငယ်လေးများ ခံစားခွင့်လုံးဝမရခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာမှ ကူညီထောက်ပံ့မှုမရရှိသေးသော ကြားကာလတွင်ဝန်ကြီးဌာနမှကျပ်ငွေတစ်ဒသမလေးသန်း(ကျပ်သန်း ၁၄၀၀)ကို သကြ်န်ကာလအလွန်တွင် အစာဝယ်ရန် တစ်လအကြာချေးပေးခဲ့သော်လည်းငွေလက်ခံကာ မသုံးလိုက်ရဘဲအတိုးငွေပေး၍ပြန်ဆပ်လိုက်ရသောကြောင့် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အောက်ခြေလုပ်ငန်းရှင်ငယ်လေးများမှာ အကျိုးခံစားခွင့်မရခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

"ကျွန်တော်တို့တွေကို ကူညီထောက်ပံ့တယ်ဆိုပြီးကျပ်ငွေတစ်ဒသမလေးဘီလီယံပေးတယ်ဆိုတာကပေးကားပေး၏ မရဆိုတာမျိုးပဲ။ ငါးမွေးသူတွေလိုအပ်တဲ့ အစာပဲပုပ်ဖတ်ဝယ်ဖို့ဆိုပြီး တစ်လတည်းချေးတာ။ လက်ရှိလုပ်ငန်းတွေ နာလန်ထူအောင်လုပ်ပေးဖို့ အတိုးနှုန်းသက်သာတဲ့ ချေးငွေကိုအသင်းဝင်တွေကိုစနစ်တကျနဲ့ လုံလုံလောက်လောက် ချေးပေးရမှာ အခုဟာက ထမင်းဝယ်စားဖို့ ငွေတစ်ကျပ်တန်တစ်ယောက်တစ်ရွက်စီခဏဝေပေးတဲ့သဘောမျိုးပဲ။ ဝန်ကြီးဌာနဘက်ကပြောတော့ စကားလှအောင် ငွေချေးပေးခဲ့တယ်ပြောမှာပေါ့။ နိုင်ငံတကာအကူအညီရရင် ပေးမယ်ဆိုပြီး အခုအထိတော့ ဝန်ကြီးဌာနဘက်က အကူအညီဆိုတာတစ်ပြားမှကိုမရသေးပါဘူး"ဟု ဦးနှင်းဦးက မေ ၂၆ ရက်တွင်ပြောသည်။

ယခုအခါ ဝန်ကြီးဌာနမှ အတိုးနှုန်းသက်သာသောအသေးစားချေးငွေချေးပေးရန် အပါအဝင် မွေး/ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာအကူအညီ ကန်ဒေါ် လာ ၂၁၂ သန်းအား ၂၀၁၃-၁၄ခုနှစ် ဘဏ္ဍာနှစ်အတွင်း တောင်းခံထားရာမရရှိသေးချိန်ဖြစ်သောကြောင့်တက်မရှိချိန်တွင် လက်ဖြင့်လှော်နေရသော ကာလဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးခင်မောင်အေးက ငါးလုပ်ငန်းအဖွဲ့ချုပ်နှစ်ပတ်လည်တွင် ပြန်လည်ပြောကြားခဲ့သည်။

"ကျွန်တော်တို့လို နယ်ကလူတွေက ဘာအကူအညီရရရောက်မလာဘူး။ အက်ဖ်အေအိုက သင်တန်းဆိုပြီး ခေါ်တယ်ဆိုတာ တောင်စာရင်းထဲမပါဘူး။ မွေးမြူရေးမှာ အခက်အခဲမျိုးစုံကြုံနေရလည်း ကိုယ့်ဘာသာဖြေရှင်းနေရတာ။ ငွေရေးကြေးရေးဆိုတာထက် နည်းပညာနဲ့ ဆေးဝါးအကူအညီအမြန်ဆုံးလိုနေတယ်။ ကူနိုင်ရင်ကူကြပါဗျာ"ဟု မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်မှန်စိစားနွားနှင့် အသားစားနွား ၉၀ ကျော် မွေးမြူထားသောလုပ်ငန်းရှင်ဦးလှဝင်းအောင်က ပြောသည်။



ငါးမွေးကန်အတွင်းမှ ငါးကိုဖမ်းယူနေသောရေလုပ်သားတစ်ဦး ဓာတ်ပုံ - သန်းဌေး






# အိုအေစစ်တိုင်းပြည်က မီးပွားတစ်စ

ကြည်နေမင်းဝင်း

မြို့တော် စတော့ဟုမ်းတွင် ငါးရက်ဆက်တိုက် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်ကို ခံစားသိရှိနိုင်ဖို့ အလွန်ပင် ခက်ခဲပါသည်။ ဆွီဒင်မှာ လွန်ခဲ့ သောနှစ်များစွာကပင် ရက်ရောသော လူမှုရေး စောင့်ရှောက်မှုများ နှင့် သာတူညီမျှ နိုင်ငံရေး ယဉ်ကျေးမှု ထွန်းကားခဲ့သော နိုင်ငံဖြစ်သည်။

ယခု ရက်သတ္တပတ်အတွင်း စတော့ဟုမ်းမြို့သို့ ရွှေ့ပြောင်းနေထိုင်သူ အများအပြားရှိရာ ရပ်ကွက်များ၌ ဖြစ်ခဲ့သော အဓိကရုဏ်းများအတွင်း လူငယ်များက ရဲတပ်ဖွဲ့ကို ကျောက်ခဲများနှင့် ပစ်ပေါက်ကြပြီး ကားများမီးတင်ရှို့ကြသောအခါ လူအများအပြား ထိတ်လန့်တုန်လှုပ်သွားကြသည်။

ရဲတပ်ဖွဲ့ကတိုက်ခန်းအတွင်း ဓားတရမ်းရမ်းနှင့် မိမိကိုယ်ကိုယ် လှောင်ပိတ်ထားသော သက်ကြီးအမျိုးသားတစ်ဦးကို အသေပစ်ခတ်ခဲ့ခြင်းမှစ၍ ယင်းအကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည်ဆိုခြင်းကို အငြင်းပွားကြမည်မဟုတ်ပါ။ သို့သော် ဒေသခံများကမူ လူမျိုးရေး ခွဲခြားအကြမ်းဖက်မှုဟု စွပ်စွဲကြသည်။

ယင်းအဓိကရုဏ်းများ ဖြစ်ပေါ်လာခြင်းကမူ လူဝင်မှုကြီးကြပ်ရေး၊ အလုပ်လက်မဲ့ဖြစ်မှုနှင့် လူမှုရေးမညီမျှမှုများအပေါ် အမျိုးသားငြင်းခုံပွဲကြီးတစ်ရပ် ဖြစ်ပေါ်လာစေပါသည်။ ယခုလက်ရှိ အကြမ်းဖက်မှုဖြစ်ပွားရာ ဒေသတွင် နေထိုင်သော လူငယ်များမှာ အလုပ်လက်မဲ့ဖြစ်ကာ သီးခြားဖြစ်နေကြပြီး ၎င်းတို့အတွက် အနာဂတ်ကို မမြင်နိုင် ကြသလို နိုင်ငံ၏ ကြီးပွားတိုးတက်မှုကို လက်လှမ်းမမီကြသောကြောင့်ဟု ဆို သည်။ မည်သို့ဆိုစေ အဓိကရုဏ်းများကမူ ငြိမ်းချမ်းပြီး လူမှုတရားမျှတသော နိုင်ငံအဖြစ် ဆွီဒင်နိုင်ငံ၏ နိုင်ငံရပ်ခြားပုံရိပ်ကို အကျည်းတန်စေခဲ့သည်။

အကြမ်းဖက်မှုအတွင်း ဖျက်ဆီးမီးရှို့ခံခဲ့ရသော ကားများမှာ အဆင့်အတန်းခွဲခြားမှု တိုက်ဖျက်ရေးကို တိုက်ပွဲဝင်သူများ မီးတိုက်မည်ဟု မျှော်လင့်ရသော ဘီအမ်ဒဗလျူနှင့် ပိုရှေးကားများ မဟုတ်ကြပါ။ သာမန်ပြည်သူများ သွားရင်းလာရင်း အသုံးပြုသော မိသားစုစီး ဗင်ကားများသာဖြစ်ပါသည်။ ကျောင်းများ၊ ဓာတ်ဆီဆိုင်တစ်ဆိုင်၊ စာကြည့်တိုက်တို့ တိုက်ခိုက်ခံရမှုတွင် ပါဝင်သလို ဘဏ်တစ်ခု၊ ရဲစခန်းတစ်ခုလည်း ပါဝင်ပါသည်။

အချို့ကလည်း ယင်းမှာ ပြစ်မှုကျူးလွန်ခြင်းသာဖြစ်ပြီး မိမိတို့ သားသမီးများကို မဆုံးမသော မိဘများကို အပြစ်တင်ရမည်ဟု ဆိုသူက ဆိုသည်။ အစ္စလာမ်မစ် အတွေးအခေါ်ကြောင့် ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုဖြစ်ပေါ်ခြင်းမဟုတ်ဟုလည်း ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုမှုများလည်း ရှိသည်။

ရဲတပ်ဖွဲ့၏ ကြားဝင်ကိုင်တွယ်မှုမှာလည်း ကြမ်းကြမ်းတမ်းတမ်းမဟုတ်ပါ။ ရဲတပ်ဖွဲ့က အခြေအနေ တည်ငြိမ်အေးချမ်းသွားစေရန် ဗလီကျောင်း ခေါင်းဆောင်များ အပါအဝင် လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် ပူးတွဲလုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချထားကြောင်း ပြောကြားကြသည်။

လွန်ခဲ့သော ဆယ်ရက်က ဓားတယမ်းယမ်းနှင့် သက်ကြီးအမျိုးသားကို ရဲတပ်ဖွဲ့က ပစ်ခတ်ခဲ့၍ ဆူပူထကြွမှုများဖြစ်ပေါ်လာသည် ဆိုသော်လည်း ဆွီဒင်နိုင်ငံတွင် ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားလာခြင်းက ကျယ်ပြန့်သော နောက်ခံအကြောင်းအရာဟု ဆိုသူများလည်း အများအပြားရှိသည်။

ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (OECD) ၏ ကိန်းဂဏန်းများအရ လွန်ခဲ့သော ၂၅ နှစ်အတွင်း မည်သည့် ဖွံ့ဖြိုးပြီးနိုင်ငံထက်မဆို ဆွီဒင်နိုင်ငံ၌ မညီမျှမှုကြီးထွားခြင်း အကြီးမားဆုံးဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြနေသည်။

အခြားနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများ၊ ၎င်းတို့မှ သက်ဆင်းလာသူများမှာ လွန်ခဲ့သော ငါးရက်က အကြမ်းဖက်မှုများ စတင်ဖြစ်ပွားခဲ့ရာ ဟတ်စဘီကဲ့သို့ ဧရိယာများတွင် စုရုံးနေထိုင်လေ့ရှိသည်။ ယင်းဒေသတွင် နေထိုင်သူ ၁၁,၀၀၀ အနက် ၈၀ ရာခိုင်နှုန်းမှာ ပထမမျိုးဆက် သို့မဟုတ်ပါက ဒုတိယမျိုးဆက် ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြပါသည်။

ယင်းနှင့် လိုက်ဖက်ညီစွာပင် ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဒုက္ခသုက္ခများမှနေ၍ ဆွီဒင်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးပေါ်လစီအပေါ် ဆွေးနွေးငြင်းခုံမှု သိသိသာသာမြင့်တက်လာပါသည်။ ဆွီဒင်နိုင်ငံ၏ လူဦးရေ ၁၅ ရာခိုင်နှုန်းမှာ နိုင်ငံပြင်ပတွင် မွေးဖွားခဲ့သူများဖြစ်သည်။ နော်ဒစ်မျိုးနွယ်နိုင်ငံများတွင် အမြင့်ဆုံး အချိုးအစားဖြစ်ပါသည်။

ထိုသို့ အလုံးအရင်း ရွှေ့ပြောင်းနေထိုင်သူ အများစုမှာ စစ်ဒဏ် ခံစားနေရသော အီရတ်၊ ဆိုမာလီယာ၊ ယခင် ယူဂိုစလားဗီးလားနှင့် အာဖဂန် နစ္စတန်၊ ဆီးရီးယားတို့မှ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း ဆွီဒင်နိုင်ငံက ခိုလှုံရန်ရောက်ရှိလာသူ ၄၄,၀၀၀ ကို လက်ခံခဲ့ပြီး ၂၀၁၁ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်း ပိုမိုလက်ခံခဲ့သည်။

အကြမ်းဖက်မှုအချို့ဖြစ်ပေါ်ခဲ့ရာ ဖစ်ဂျာဒေသမှ လူမှုရေး မနုဿဗေဒပညာရှင် နီနာအက်စထရွန်ကမူ "စတော့ဟုမ်းမြို့မှာ ခွဲခြားဆက်ဆံမှုတွေ တစ်နေ့တခြားတိုးပွားလာတယ်။ အရမ်းကို မြန်မြန်ကြီးဖြစ်နေတာ" ဟု ဆိုသည်။

"ကြီးမားတဲ့ လူမှုရေးကွဲပြားခြားနားမှုတွေရှိတယ်။ အလုပ်မဲ့ အကိုင်မဲ့ စိတ်ပျက်နေကြတဲ့ လူငယ်တွေအများကြီးပဲ။ ဒါမျိုးဖြစ်တာ ကျွန်တော်မအံ့ဩဘူး" ဟု ယဉ်ကျေးမှုပေါင်းစုံမြှင့်တင်ရေး စင်တာတစ်ခု၌ လူမှုပေါင်းစည်းရေးလုပ်ကိုင်နေသော အက်စထရွန်က ဆိုပါသည်။

ယခုအခါ အကြမ်းဖက်မှုများကို တုန့်ပြန်၍ နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်ရေးတိုက်တွန်းခဲ့သည့် လက်ယာယိမ်းဆွီဒင်ဒီမိုကရက်များပါတီ ဩဇာကြီးလာခြင်းကလည်း ဆွီဒင်နိုင်ငံသားများကို တစ်မျိုးတစ်ဘာသာ ကွဲပြားလာစေခဲ့သည်။ စစ်တမ်းများအရ လူထုက လူဝင်မှုကြီးကြပ်ရေးဝါဒကို ထောက်ခံနေသေးသော်လည်း ထောက်ခံမှုမှာ ကျဉ်းမြောင်းလာနေပါသည်။

ဆွီဒင်၏ အဓိကရုဏ်းများမှာ လွန်ခဲ့သော နှစ်နှစ်က လန်ဒန်၌ ဆူပူခဲ့ပုံမျိုးနှင့် ၂၀၀၅ ခုနှစ်က ပါရီတွင် ဖြစ်ပျက်ခဲ့ပုံများနှင့် ဆင်တူပါသည်။ လန်ဒန်နှင့် ပါရီတွင် သူတစ်ပါးပိုင်ဆိုင်မှုများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးမှုများ ရှိခဲ့ပါသည်။ သို့သော် လန်ဒန်၌ ဖြစ်ပွားခဲ့သော လုယက်မှုမျိုးကိုမူ စတော့ဟုမ်းမြို့၌ မတွေ့ရပါ။

ဆူပူမှုများမှာ ထူး ထူးခြားခြား ဆွီဒင်၏ သီးခြားပြဿနာ ဖြစ်နေပုံရသည်။ ဆွီဒင်နိုင်ငံမှာ ရက်ရောမှုနှင့် ညှိသည်ကို ကြိုဆိုသော သဘောထားအတွက် နာမည်ကောင်းရပါသည်။ သို့သော်လည်း ယင်းမှာ ယခုအခါ တစ်ခုခုမှားယွင်းချွတ်ချော်သွားပုံရသည်။

မယ်လ်မိုမြို့ တက္ကသိုလ်မှ လူမှုရေးမနုဿဗေဒပညာရှင် အာဂျေကားလ်ဘွန်ကမူ လုံလောက်သောပညာရေးမရှိဘဲ ရောက်ရှိလာသော နိုင်ငံရွှေ့ပြောင်းနေထိုင်လာသူများမှာ အလုပ်လက်မဲ့များအဖြစ် ဆက်လက်၍လည်း ရှိနေမည်ဆိုခြင်းကို အစိုးရအနေဖြင့် လက်သင့်ခံရမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဆွီဒင်နိုင်ငံ၏ ရက်ရောသော ဒုက္ခသည်ပေါ်လစီများကြောင့် ရွှေ့ပြောင်းနေထိုင်သူအများစုမှာလည်း အစိုးရ၏ အစီအစဉ်အများအပြားရှိနေသည့် ကြားမှပင် ဆွီဒင်စကား တတ်မြောက်ရေးနှင့် အလုပ်အကိုင်ရှာဖွေနိုင်ရေး ရုန်းကန်နေရဆဲပင်ဖြစ်သည်။

အကြမ်းဖက်မှုများဖြစ်ပွား ရာ ဟက်စဘီဒေသရှိ မီးဖိုချောင်သုံး စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် ဒေသဘောလုံးနည်းပြ ရှာအင်အက်ဘာရီ ၃၀ နှစ်သည် လူငယ်တစ်စုနှင့် စကားပြောနေပါသည်။ မစ္စတာအက်ကာရီမှာ ရဲတပ်ဖွဲ့နှင့် မီးသတ်သမားများအား ကျောက်ခဲများနှင့် ပစ်ပေါက်၊ အဆောက်အအုံများကို မီးရှို့၊ ကားပေါင်းတစ်ရာခန့်ကို မီးတင်ရှို့သော လူငယ်များကို စိတ်ပျက်နေ သည်။

"တော်တော်ဆိုးရွားတာပဲ။ ဒါဟာမှားလည်းမှားတယ်" ဟု အီရန်နွယ်ဖွား ဆွီဒင်နိုင်ငံသားက ဆိုရင်း ၎င်းကြီးပြင်းခဲ့ရာဘတ်စတီရပ်ကွက်မှာလည်း လွန်ခဲ့သော ဆယ်နှစ်အတွင်း သိသိသာသာ ပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း ပြောပါသည်။

"အရင်တုန်းက ဒါမျိုးမဟုတ်ဘူး။ အရင်တုန်းက ငါတို့မှာ တစ်သင်းတည်းအတူတူ ဘောလုံးကန်တဲ့ ဆွီဒင်သူငယ်ချင်းတွေရှိတယ်။ ငါတို့ အတူတူ ကျောင်းသွားကြတယ်။ သူတို့က လူမှုအဖွဲ့အစည်းနဲ့ ကူညီပေါင်းစည်းပေးတယ်။ သူငယ်ချင်းတွေ အဆက်အသွယ်နဲ့ အလုပ်ရတယ်။ ဒါပေမဲ့ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး။ သူတို့တွေအားလုံးက ဒီထဲမှာပဲ စုနေကြတယ်။ ဒီကနေ ဘယ်မှလည်း မသွားကြဘူး။ သူတို့မှာ ဘာဖြစ်နိုင်ခြေမှ ရှိမလာဘူး" ဟု မစ္စတာအက်ဘာရီက ဆိုပါသည်။

—*Ref: AP/AFP/Bloomberg*


**Myung Korea Co., Ltd**
**Cosmetics ကိုယ်စားလှယ်များအလိုရှိသည်၊**
**Percentage ကောင်းကောင်းပေးမည်၊**
ဆက်သွယ်လိုပါက
၀၉-၄၂၁၀၅၉၄၅၂
အင်းစိန်လမ်းမ၊ လှည်းတန်းမှတ်တိုင်၊
**Bang Bang ၊ 3 လွှာ**

**FUKU JAPANESE ACADEMY ( SINCE 2007 )**
ဦးအောင်သန်းဦး (M.A.,Japan) နှင့် ဂျပန်ဆရာ မြန်မာဆရာများသင်ကြားသည်
ဂျပန်စာသင်တန်းများ
Native Speaker's Japanese Conversation Course ( Monthly )
Basic,Inter,Advanced Japanese Course ( Monthly )
ဂျပန်၌ ပညာသင်ခွင့်ရရန် လမ်းညွှန်ဝန်ဆောင်မှုပေးပါသည်
ဂျပန်စာတတ်သူများကို ဂျပန်ကုမ္ပဏီများသို့ မိတ်ဆက်ပေးပါသည်
ဂျပန်စကားမြန်မာဘာသာပြန်လုပ်ငန်းများလက်ခံဆောင်ရွက်ပေးပါသည်
No.A 66-68, 4-D, InseinRoad, Sanyeiknyein, Kamayut Township.
Ph:09-73060391,09-421118058,09-5183872

**FOIS Myanmar**
**(Urgent recruitment)**
IT Web Developer / Interpreter(Female)
-တက္ကသိုလ်ဘွဲ့ရဖြစ်ရမည်။ (အသက် ၂၂ မှ ၃၅ အတွင်း)
-ကွန်ပျူတာနှင့် ပတ်သက်သော ဗဟုသုတရှိပြီး ဂျပန်ဘာသာစကား ပြောဆိုတတ်သူကို ပို၍အလိုရှိသည်။
-လစာမှာ $200 မှ $1000 အတွင်း အရည်အချင်းနှင့် လိုက်၍ပေးမည်။
ရုံးဝန်းရန် - No.304, 3th Floor, Lapyay Wun Plaza, Dagon Township, Yangon. Email-khinkhin.vac@gmail.com,
Ph-01-240274,09-73168209

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# 7DAY BOOK REVIEW




## ကျွန်ပညာရေး၊ သခင်ပညာရေးနှင့် ယခင်အစိုးရပိတ်ခဲ့သောဆောင်းပါးများ
(တင်မောင်သန်း)

၁၉၉၀ ပြည့်လွန်၍ ငါးနှစ်တာကာလတွင် သင့်ဘဝမဂ္ဂဇင်း ပေါ်ထွက်လာခဲ့သည်။ သင့်ဘဝမဂ္ဂဇင်းသည် ထိုကာလကထွက်ရှိခဲ့သော မဂ္ဂဇင်းများအကြား ရည်ရွယ်ချက်၊ ချဉ်းကပ်ပုံနှင့် တင်ပြနည်းတို့ ကွဲပြားစွာ စာဖတ်သူရှေ့မှောက်သို့ရောက်ရှိခဲ့ဖူးသည်။ ထိုအချိန်က စာပေဝါသနာအိုးများ နှစ်နှစ်ခြိုက်ခြိုက်စောင့်စားဖတ်ရှုခဲ့ရသောမဂ္ဂဇင်းတစ်စောင်လည်း ဖြစ်သည်။ ယခု ဒီမိုကရေစီအသွင် ကူးပြောင်းရေးခေတ်ဦးကာလတွင် ကျယ်ကျယ်လောင်လောင်ကြားနေရသည့် (စနစ်ဆိုးက မွေးထုတ် လေ့ကျင့်ပေးလိုက်သော) စိတ်အခံ (Mind Set) ပြောင်းရေးဆိုသည်ကို ထိုကာလကပင် သင့်ဘဝမဂ္ဂဇင်း စာမျက်နှာပေါ်တွင် တွေ့ရှိနေရပြီဖြစ်သည်။

စာရေးဆရာ တင်မောင်သန်းသည် သင့်ဘဝမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ယူခဲ့ပြီး သူကိုယ်တိုင် သင့်ဘဝမဂ္ဂဇင်းတွင် ဆောင်းပါးများစွာကိုရေးသားခဲ့သူဖြစ်သည်။ ယခုအခါ ထိုသင့်ဘဝမဂ္ဂဇင်းများတွင် ပါရှိခဲ့သော ဆောင်းပါးများနှင့် စာပေစိစစ်ရေး၏ ဖြတ်တောက်မှုကြောင့် ဖော်ပြခွင့်မရခဲ့သော ဆောင်းပါးများကို စုစည်းကာ 'ကျွန်ပညာရေး၊ သခင်ပညာရေးနှင့်ယခင်အစိုးရပိတ်ခဲ့သောဆောင်းပါးများ' ဟူသည့် စာအုပ်ကို ထုတ်ဝေလိုက်ပါသည်။ စုစုပေါင်း ဆောင်းပါးခုနစ်ပုဒ်ပါဝင်ပြီး မြန်မာလူမျိုးတို့၏ ဗီဇစိတ်ဓာတ် (ဝါ) သခင်စိတ်ဓာတ်ကို ပြန်လည်မွေးမြူနိုင်အောင် ဆောင်းပါးများက လက်တို့ခေါ်ဆောင် သွားမည်ဖြစ်ပြီး အရိုးစွဲနေသော မကောင်းကျင့် (Mind Set) များကို စေ့ငုမိကြမည်ဟုထင်ပါသည်။ စာအုပ်ကို သင်းစာပေက တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိ သည်။




## နှလုံးကျန်းမာသန်စွမ်းရေး လေ့ကျင့်ခန်းများ
Dr.(Mdy)

နှလုံး၊ အဆုတ်နှင့်သွေးကြောဆိုင်ရာခွဲစိတ်ပါရဂူအဖြစ် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူ အမေရိကန်နိုင်ငံမှ ဒေါက်တာဖရက်ဒ်ရစ်ဇင်ဂ်နီနီက "ဆေးပညာရပ်ဘက်တွင်မည်မျှပင်ဆန်းသစ်တိုးတက်မှုများ ဖြစ်ထွန်းလာစေကာမူ နှလုံးရောဂါအတွက်တကယ့်စစ်မှန်သော အဖြေများသည် လူသားတို့၏ နေ့စဉ်ဘဝနေထိုင်တတ်မှု အတတ်ပညာထဲမှာသာ တည်ရှိနေသည်" ဟု ပြောခဲ့ဖူးသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ် အခြားရောဂါများကြောင့် သေဆုံးရခြင်းထက် နှလုံးနှင့်သွေးကြောရောဂါများကြောင့် သေဆုံး မှုက ပို၍များပြားလာနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စာရင်းများအရ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း နှလုံးနှင့်သွေးကြောရောဂါများကြောင့် သေဆုံးသူ ၁၇ ဒသမ ၃ သန်းရှိပြီး တစ်ကမ္ဘာလုံး သေဆုံးမှုနှုန်း၏ ၃၀ ရာခိုင်နှုန်းဖြစ်ကြောင်းဆိုသည်။ နှလုံးရောဂါသည်ဝင်ငွေအလတ်စားနှင့် နိမ့်ကျသောတိုင်းပြည်များတွင် အဖြစ်များပြီး ထိုတိုင်းပြည်များတွင် ဖြစ်ပွားမှုနှုန်းမှာ တစ်ကမ္ဘာလုံး၏ ၈၀ ရာခိုင်နှုန်း ကျော်ရှိကြောင်းသိရသည်။

ထိုကဲ့သို့သော နှလုံးနှင့်လေဖြတ်ရောဂါများမှ ကာကွယ်နိုင်ရန်မှာ ရောဂါဖြစ်ပွားစေနိုင်သည့် အကြောင်းရင်းများကို သေချာစွာ သိရှိထားပြီး ကြိုတင်ကာကွယ်ထားရန် အထူးအရေးကြီးလှပါသည်။ ဤစာအုပ်တွင် နှလုံးကျန်းမာသန်စွမ်းရေးလေ့ကျင့်ခန်းများကို အခန်း (၇) ခန်းဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီး စနစ်ကျလှသော ဇယားကွက်များဖြင့် တင်ပြထား၍ နှလုံးကျန်းမာရေးအတွက် လေ့ကျင့်ခန်းများ ပြုလုပ်ရန် ဝယ်ယူဖတ်ရှုသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ စက္ကူချော၊ ရောင်စုံပုံများနှင့် ဝေဝေဆာဆာထုတ်ဝေထားပြီး ပြည့်နှလုံးသားစာပေက တန်ဖိုး ကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## စက္ကူခွက်တွေရဲ့အစ

စက္ကူခွက်များကို ယနေ့ခေတ်တွင် ကော်ဖီ၊ အအေးစသည်ဖြင့် ဖျော်ရည်များ သောက်သုံးရာတွင် တစ်ခါသုံးပစ္စည်းအဖြစ် အသုံးပြုလေ့ရှိကြပြီး၊ စွန့်ပစ်ပြီးနောက်တွင်လည်း စက္ကူအဖြစ် ပြန်လည်ထုတ်လုပ်နိုင်သောကြောင့် ကမ္ဘာ့တစ်ဝန်းတွင် ကျယ်ပြန့်စွာ အသုံးပြုနေသည်။ စက္ကူခွက်များကို စက္ကူသားဖြင့် ပြုလုပ်သော်လည်း အရည်စိမ့်ထွက်ခြင်းနှင့် အရည်စုပ်သွားခြင်းများ မဖြစ်စေရန် ပလတ်စတစ် (သို့မဟုတ်) ဖယောင်းတို့ဖြင့် အလွှာ တစ်ထပ်ခံကာ ဖန်တီးထားသည်။


စက္ကူဖြင့်ပြုလုပ်သော ခွက်များကို ရှေးခေတ်တရုတ်ပြည်တွင် စတင်အသုံးပြုခဲ့သည်။ စက္ကူခွက်များကို "ချိပိုင်" ဟုခေါ်ပြီး လက်ဖက်ရည်ထည့်သောက်ရန် အသုံးပြုခဲ့သည်။ တရုတ်နိုင်ငံတွင် နှစ်ရာစုခန့်ကပင် စက္ကူကိုတီထွင်ခဲ့ရာ စက္ကူခွက်များအသုံးပြုမှုမှာ ထိုရာစုနှင့် မရှေးမနှောင်းကာလများတွင်ဖြစ်ဖွယ်ရှိသည်။ ခေတ်သစ်တွင် အသုံးပြုသည့် ခွက်များကိုမူ နှစ်ဆယ်ရာစု တွင် အသုံးပြုလာခြင်း ဖြစ်သည်။

- Wiki

# တစ်ပတ်တာကံကြမ္မာ


မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ

စံဇာဂျီဘို




### ARIES မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)

ဖြစ်ပေါ်လာသော အပြောင်းအလဲအလုံးစုံသည် မိမိဘဝအခြေအနေကို အဘက်ဘက်မှ ပြောင်းလဲတိုးတက်စေမည်။ ရည်ရွယ်ထားသည့် ကိစ္စမှန်သမျှကို မဖြစ်မနေလုပ်သင့်သည်။ မူလစီစဉ်ထားသည့် ခရီးကိစ္စများကို ရက်ရွှေ့ပြောင်းရလိမ့်မယ်။ ဘာသာရေး၊ အလှူအတန်း၊ ကုသိုလ်ရေးရာများတွင် ကြိုတင်စီစဉ်ထားခြင်းမရှိဘဲဆောင်ရွက်ရခြင်းကြုံမည်။ ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်းများဖြစ်ပေါ်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)

အပျောက်အရှများတတ်သည်။ စိတ်ပျံ့လွင့်လွယ်သည်။ လုပ်ဆောင်နေသည့် ကိစ္စများတွင်လည်း ဆန့်ကျင်ဘက်အပြိုင်အဆိုင်အတိုက်အခံများကြုံတွေ့ရမည်။ ပင်ကိုစရိုက်ပိုင်းတွင် စိတ်မြန်နေမည်။ မာနအထိမခံ၊ ဆတ်ဆတ်ထိမခံ၊ စိတ်တိုစိတ်ထွက် စိတ်ကြီးနေမည်။ တစ်နေ့တစ်နေ့ အကျိုးမရှိသော အပိုသုံးစွဲရခြင်း မပြုရလျှင် စားမဝင်အိပ်မပျော်သလိုရှိနေမည်။ အလေအလွင့်များမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ကံမြင့်မားသည်။ တိုးတက်မှု အဆင့်ဆင့်ဖြစ်ထွန်းမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ ကာလအတန်ကြာ မြှုပ်နှံထားသည်များမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ နေအိမ်၊ နေရာထိုင်ခင်းကိစ္စများအတွက် ဆောင်ရွက်ပြောဆိုမှုများမှ အဆင်ပြေမှုရရှိမည်။ ကိုယ်ကမည်မျှ စိတ်ကောင်းထားစေ၊ ကိုယ့်အပေါ် ဒုက္ခပေးသူများသာရှိနေမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ရန်နှင့် ယှဉ်၍ လုပ်ကိုင်ရခြင်းရှိမည်။ အလုပ်ပို၊ ကိစ္စပိုများ ကြုံမည်။ ကိုယ်တိုင်ဆုံးဖြတ်၍ ဦးဆောင်ဦးရွက်ပြုပြီးလုပ်ကိုင်ခြင်းများမှ ထူးခြားသော တိုးတက်မှုရရှိမည်။ ဆောင်ရွက်သော ကိစ္စများတွင် သူတစ်ပါးအလုပ်ကိစ္စများကို တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရခြင်းရှိသည်။ ဆုံးဖြတ်ပြီးကိစ္စမှန်သမျှကို ပြန်လည်ပြုပြင်ရန်မသင့်။ ရင်းနှီးသူများနှင့် မကြာခဏ စကားများရတတ်သည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)

အပြောင်းအလဲနှင့် တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်မည်။ အခွင့်အရေးသစ်များ ပေါ်ပေါက်မည်။ ရည်ရွယ် ချက်သစ်များကို လက်တွေ့အသုံးချပြီး ဘဝလမ်းကြောင်း အပြောင်းအလဲနှင့် တိုးတက်မှုများဖော်ဆောင်နိုင် မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများပြန်လည်ဖြေရှင်းရမည်။ ပတ်ဝန်းကျင်သစ်နှင့် ထိတွေ့လုပ်ကိုင်နိုင်လေ အကျိုးပေးလေဖြစ်သည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)

လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ပစ္စည်းပျောက်တတ်သည်။ နေရာအပြောင်းအရွှေ့ အပြောင်းအလဲ နှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်နိုင်မည်။ ရုတ်တရက်ပေါ်ပေါက်လာသော အခွင့်အရေးများကို အသုံးချ၍ အောင်မြင်မှုတက်လမ်းအဆင့်ဆင့် ကြုံတွေ့နိုင်မည်။ သူတစ်ပါးအပေါ် သနားလွယ်ခြင်း၊ ယုံလွယ်ခြင်းများကြောင့် ငွေကြေးလက်လွန်ဆုံးရှုံးတတ်ပါသည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)

အရာရာသတိနှင့် ယှဉ်၍ဆောင်ရွက်ရမည်။ သူတစ်ပါးကြောင့် မိမိရည်းမှန်းချက်များ ပျက်ယွင်းတတ်သည်။ အရေးကြီးသော ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများကို လက်ပြောင်းလက်လွှဲပြုရာတွင် သတိရှိပါ။ အနီးကပ်ဒုက္ခပေးသောသူများတွေ့တတ်သည်။ စွန့်စားပြီးလုပ်သော ကိစ္စများတတ်အားသမျှရှောင်ပါ။ လုပ်ရိုးလုပ်စဉ်များကိုပင် ဂရုတစိုက်အမှားကင်းအောင်ဆောင်ရွက်ပါ။




### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)

လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်မည်။ ငွေကုန်များတတ်သည်။ တစ်ခုထက်ပိုသော ကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အတတ်ပညာနှင့် ပတ်သက်သောကံကောင်းမည်။ လုပ်ငန်းကိစ္စများတွင် ထူးထူးခြားခြားအောင်မြင်မည်။ မိသားစုအတွက် ရည်စူးလုပ်ကိုင်သော ကိစ္စများအဆင်ပြေမည်။ သူတစ်ပါးအတွက် မိမိပိုင်ငွေကြေးစိုက်ထုတ်သုံးစွဲရကိန်းကြုံမည်။ အပြောင်းအလဲသစ်နှင့် တိုးတက်မှုကောင်းများဖြစ်ပေါ်မည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)

ဘဝရည်မှန်းချက်များ အောင်မြင်မည်။ အလိုပြည့်စုံမည်။ မင်္ဂလာရှိသော အကြောင်းဖြစ်ရပ်များကြုံမည်။ မြှုပ်နှံထားသောငွေကြေးစီးပွားများမှ အကျိုးအမြတ်ရရှိမည်။ အလုပ်ရရှိမည်။ အလုပ်တိုးတက်မည်။ ပြောဆိုသမျှ သြဇာညောင်းမည်။ ကြန့်ကြာနေသော ကိစ္စများပြီးမြောက်အောင်မြင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများရရှိမည်။




### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)

အကြံအစည်များအောင်မြင်မည်။ ရှိရင်းစွဲ အနေအထားမှ ပိုမိုမြင့်မားသောအနေအထားသို့ ကူးပြောင်းမည်။ လုပ်ငန်းဝင်ငွေတက်လမ်းနှင့် ဘဝအခြေအနေတက်လမ်းဖြစ်ပေါ်မည်။ လုပ်ငန်းခွင်အတွင်းမှ သူများရာထူး အဆင့်တက်ခြင်း၊ ဝင်ငွေတိုးခြင်း၊ လုပ်ငန်းမရှိသူအလုပ်ရခြင်းကြုံတွေ့မည်။ ဝေးကွာပြတ်တောက်နေသော မိတ်ဆွေများနှင့် ပြန်ဆုံကာ လုပ်ငန်းပူးတွဲ လုပ်ကိုင်ရတတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)

အပြောင်းအလဲနှင့် တိုးတက်မှုများဆက်လက်အားကောင်းနေမည်။ ခရီးသွား၍ အကျိုးရှိမည်။ ဆက်ဆံနေသော ဝန်းကျင်တွင် မိမိလိုလားသော ပြောင်းလဲမှုများကြုံမည်။ တစ်ခုထက်မကသောလုပ်ငန်းများကို တစ်ပြိုင်နက်တည်းဆောင်ရွက်နေရမည်။ အလုပ်အရှိန်အဝါနှင့် လုပ်ငန်းအောင်မြင်မှုအနေအထားမြင့်မားမည်။ ဝင်ငွေတိုးပွားခြင်း၊ ဆောင်ရွက်သမျှထိထိမိမိရှိခြင်း၊ ကိုယ်ပိုင်အရည်အသွေးထက်မြက်ခြင်းရှိမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)

အထူးကောင်းမည်။ စိတ်ကသိကအောက်ဖြစ်ရခြင်းမှ လွတ်ကင်းမည်။ ရန်အပြိုင်များကို ကျော်လွှားနိုင်မည်။ ပေါ်ထွန်းလာသော အခြေအနေအလုံးစုံကို စနစ်တကျအသုံးချဆောင်ရွက်နိုင်မည်။ ပြောရေးဆိုရေးအောင်မြင်မည်။ ဆုံးဖြတ်ချက်မှန်ကန်သည်။ ဆောင်ရွက်သမျှ ထိထိမိမိရှိမည်။ သူတစ်ပါးကြောင့် နှောင့်နှေးမှုရှိနိုင်မည်။ ကျန်းမာရေးချူချာမှုကြောင့် အခက်အခဲရှိနိုင်သည်။

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

စာမျက်နှာ (၇)မှ

## မှိန်ဖျော့လာသည့် ဂျော့အော်ဝဲလ်၏ မြန်မာရက်စွဲများ

သဘာဝတောရိုင်းတိရစ္ဆာန် မှောင်ခိုကုန်သည်များကမူ ဇန်းမော်မှ ကသာကိုအသွားအပြန်ဒေါ်လာ ၃၅၀ ဖြင့် ခရီးသည်ကို တင်လိုကြသည်။ ထိုကားခကပြည်တွင်းလေယာဉ်ခ ထက်ပင် ဈေးကြီးနေသေး၏။

အဘယ်ကြောင့်ဆိုသော် ထိုကားများဖြင့် တရုတ်နိုင်ငံကို ခိုးထုတ်မည့် မြန်မာမြွေဟောက်များကို သယ်ယူရာ လမ်းကြောင်းဖြစ်နေသည့်အတွက် ဖြစ်သည်။ တရုတ်နိုင်ငံက ဝယ်ယူသူများထံ ဦးတည်ရောင်းချနေသည့် သစ်လုံးများ သယ်ဆောင်လာသည့် မော်တော်ယာဉ်များကသာ အဆိုပါလမ်းခရီးတွင် မြင်နိုင်သော ယာဉ်များဖြစ်ပါသည်။

ဂျော့အော်ဝဲလ်၏ ဝတ္ထုထဲတွင် သစ်တောအုပ်ကြီးဟု အပြည့်အဝတင်စားခဲ့သော၊ တစ်ချိန်က ဗြိတိသျှအင်္ဂလိပ်များမြန်မာနိုင်ငံကို သိမ်းယူရန် သဘောကျခဲ့သည့် အကြောင်းတစ်ခုဖြစ်သည့်သစ်တောများမှာ ယခုအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် ကသာဒေသ၌ ပြုန်းတီးသွားခဲ့ပြီဖြစ်သည်။ ကျဲပါးသွားသည့် တောင်ကတုံးများနှင့် အသစ်စိုက်ပျိုးထားသည့် ရာဘာစိုက်ခင်းများက ထိုအဖြစ်ကိုမှန်ကန်ကြောင်းသက်သေပြနေ၏။ ဂျော့အော်ဝဲလ် တို့လက်ထက်က ရှိခဲ့သည်ဆိုသည့် သစ်ပင်ကြီးများပေါ်က အုံထူနေသောသစ်ခွရိုင်းတို့ကလည်းပျောက်ကွယ်ကုန်ကြလေပြီ။

သို့သော်လည်း ဂျော့အော်ဝဲလ်ခေတ်တုန်းကလို ကသာမြို့၌ မယိုမယွင်းပျောက်ပျက်မသွားသည့် အရာတွေလည်း ကျန်နေပါသေးသည်။ အော်ဝဲလ်ရေးသားခဲ့သည့်အတိုင်း ကသာနံနက်ဈေးမှာ အစိမ်းရောင်ဂြုဟ်ကြီးများကဲ့သို့ ရှောက်ပန်းသီးများ။ သီတံဖြင့် ကင်ထားသည့် ငါးကင်များ၊ ခြင်းများထဲက ကျွက်ကျွက်ညံနေသည့် ကြက်များစသည်တို့မှာ ယခုတိုင်ရှိနေပါသေးသည်။

နံနက်စောစောတွင် ဖျော့တော့တော့ ခရမ်းသီးများ၊ မန်ကျည်းရွက်နုစိမ်းစိမ်း၊ အညိုရောင်မှိုငါးမျိုး၊ ငွေရောင်မျှစ်၊ ငရုတ်သီး၊ ပန်းရောင်လိုင်ချီးသီးများနှင့် အရွယ်မျိုးစုံ အဖြူရောင်၊ အညိုရောင်ကြက်ဥများ၊ သက်ဝင်လှုပ်ရှားနေသည့် အသည်းပုံစံကွမ်းရွက်များစသည်ဖြင့် ကသာနံနက်ခင်း ဈေးကို အော်ဝဲလ်ကရေးဖွဲ့ တင်စားခဲ့ပါသည်။ သို့သော်လည်း အော့ဝဲလ်ဝတ္ထုထဲမှာပါရှိပြီး ယနေ့ကသာမှာ မတွေ့နိုင်တော့သည့်အရာမှာ ကျောက်ပုစွန်အရွယ်အစားခန့်ရှိသည့် ပုစွန်ထုပ်ကြီးများဖြစ်ပါသည်။

“အဲဒါမျိုးတွေက တစ်ခါတလေမှပဲ မိတော့တယ်”ဟု သစ်သားစဉ်းတီတုံးပေါ် ငါးခူတစ်ကောင်ကို ကိုင်နေသော ငါးသည် မငယ်က ပြောသည်။

မငယ်ခင်ပွန်းဖြစ်သူက ဈေးခုံပေါ်က ငါးတွေကို လာနားနေသော ယင်ကောင်တွေကို တီရှပ်တစ်ထည်ဖြင့် မောင်းထုတ်နေသည်။

မြန်မာရက်စွဲများ ဝတ္ထုတွင် ဗြိတိသျှများ၏ အဆင့်အတန်းခွဲခြားသော စိတ်ကို ဂျော့အော်ဝဲလ်က အင်္ဂလန်မှ မြန်မာနိုင်ငံသို့ ခင်ပွန်းရှာရန် ရောက်လာခဲ့သည့် အသက်(၂၂) နှစ်အရွယ် အဲလဇဘက်ကို ဥပမာပေးပြီး ပုံဖော်ထားသည်။ သူ၏ဇာတ်ကောင် အဲလဇဘက်က ၁၉၂၀ပြည့်နှစ်စတိုင် ရွှေဝါရောင်ဆံပင်နှင့်ဖက်ရှင်ကျသည့် လိပ်ခွံဖိနပ်ကို ဝတ်ဆင်သူ ဖြစ်သည်။

မျက်နှာပေါ်တွင် မွေးရာပါအမှတ်ပါသည့် ဗြိတိသျှသစ်ကုန်သည် ဖလိုရီကမူ ကသာအင်္ဂလိပ်ကလပ်က အရာရှိတွေကို စိတ်ပျက်ပြီး မြန်မာတွေအပေါ် ကရုဏာသက်မိသူ ဖြစ်သည်။

သူက အဲလဇဘက်ကို မေတ္တာသက်ဝင်ခဲ့သည်။ သူက အဲလဇဘက်ကိုဒေသခံတို့၏ယဉ်ကျေးမှုကို စိတ်ဝင်စားစေရန် မြန်မာပွဲသို့ခေါ်သွားခဲ့သည်။ အဲလဇဘက်က အနံ့ဆိုးသည့် လူများဆိုပြီး ထိုသူများနှင့် ဝေးဝေးနေချင်သည်။

ခင်ပွန်းရှာနေသော အယ်လဇဘက်အတွက် အဓိက ပစ်မှတ်ကား ကာကီဘောင်းဘီတို၊ သံပရာဦးထုပ်ဆောင်းထားသော မြန်မာအစေခံများ ငှဲ့ပေးသည့် အရက်ကို သောက်သည့် ဗြိတိသျှအမျိုးသားများကြီးစိုးရာ အင်္ဂလိပ်ကလပ်ဖြစ်သည်။ ထိုအင်္ဂလိပ်ကလပ်မှာ သွပ်မိုးအဆောက်အအုံကြီးဖြစ်ပြီး ဂျော့အော်ဝဲလ်နေအိမ်မှ လမ်းလျှောက်သွားရသည့် အကွာအဝေးတွင် ရှိပါသည်။ တင်းနစ်ကွင်းကိုမူ ပြန်လည်ပြုပြင်ထားပြီး အသက်(၃၉)နှစ်အရွယ် တင်းနစ်နည်းပြကိုတိုးက နံနက်နှင့်ညနေမှာ သင်တန်းများပေးလျက်ရှိပါသည်။

အထူးစိတ်ဝင်စားစရာ တစ်ခုမှာ ၁၈၇၄ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ မြန်မာလက်ရေးဖြင့် မှတ်တမ်းတင်ထားခဲ့သည် မူလရုံးသုံးမှတ်တမ်းစာအုပ် ဖြစ်ပါသည်။ ထိုစာအုပ်က ဗြိတိသျှတို့မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့သည်မှစပြီး လွတ်လပ်ရေးပေးထွက်ခွာခဲ့သည်အထိ ဖြစ်ပျက်ခဲ့သည်များကို မှတ်တမ်းတင်ထားခဲ့သည်။ သက်တမ်းကြာမြင့်မှုကြောင့် စာအုပ်မှာ တွန့်လိပ်ပြီး မင်များပြယ်နေသော်လည်း လစာအသုံးစရိတ်တို့မှစပြီး ၁၉၁၀ ပြည့်နှစ်တွင် ဂျော့ဘုရင် ထီးနန်းဆက်ခံသည်အထိ ဖတ်လို့ရနေသေးသည်။

ဂျော့အော်ဝဲလ်၏ မြန်မာရက်စွဲများ ဝတ္ထုဇာတ်လမ်းတွင် ဖလိုရီကို အယ်လဇဘက်က စွန့်ခွာခဲ့သည်။ အထီးကျန်ခြင်းနှင့် စိတ်ဒေါသကို မထိန်းနိုင်ဘဲ ဇာတ်လိုက်ဖလိုရီက သူကိုယ့်သူ ပစ်သတ်သေဆုံးခဲ့သည်။ လူဆိုးဇာတ်ကောင် တရားသူကြီးဦးဖိုးကြင်ကမူ အခြားမြို့သို့ ပြောင်းရွှေ့သွားခဲ့သည်။

“နောက်ဆုံးတော့ လူယုတ်မာက နိုင်သွားတာပဲ”ဟု မြန်မာရက်စွဲများ စာအုပ်ကို ငါးကြိမ်တိုင်တိုင် ဖတ်ရှုပြီး ကသာမြို့ဟောင်းရသကို ဖော်ထုတ်ရှာဖွေနေသူ ကာတွန်းဆရာညိုကိုနိုင်က ပြောပါသည်။

“အဲဒီ တရားသူကြီးကို မုန်းတယ်။ မြန်မာစစ်အစိုးရ လက်ထက်က တရားသူကြီးတွေလည်း အဲဒီအတိုင်းပဲ။ ကျွန်တော်တော့ ဖလိုရီကို သဘောကျတယ်။ သူက စိတ်ကောင်းရှိတယ်လေ”

(နယူးယောက်တိုင်းမ်သတင်းစာပါ Jane Perlez ၏ In Myanmar Outpost, a fading Or wellian link ကို ထားထားမြင့်ဘာသာပြန်ဆိုသည်။)

## JOKE

### မင်းအတွက်

လင်မယားနှစ်ယောက် ဆေးခန်းလာပြသည်။ အမျိုးသားကို အတွင်းခန်း၌ စမ်းသပ်ပြီး ဆရာဝန်က အပြင်ထွက်လာကာ မိန်းမဖြစ်သူကို “မင်းယောကျ်ားကောင်းကောင်းအနားယူဖို့လိုအပ်တယ်။ အဲဒီတော့ ငါ အိပ်ဆေးတွေပေးလိုက်တယ်”ဟုပြောသည်။

မိန်းမဖြစ်သူက “ဟုတ်လားဆရာ ကျွန်မသူ့ကို ဘယ်နှစ်နာရီခြားတစ်ခါဆေးတိုက်ရမလဲ”ဟု မေးပါ၏။

ဤတွင် ဆရာဝန်က “နိုး၊ နိုး၊ အိပ်ဆေးက မင်းယောကျ်ားအတွက်မဟုတ်ဘူး။ မင်းအတွက်”ဟု ဆိုပါတော့သည်။

### အကြံ့ပိုင်သူ

အမျိုးသမီးကြီးတစ်ဦး ဈေးဝယ်ထွက်ရင်း ပိုက်ဆံအိတ်ပျောက်သွားသော်လည်း ရိုးသားသောကလေးငယ်တစ်ဦးက တွေ့ရှိပြီး ပြန်လာပေးသည်။

ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ပြီးနောက် အမျိုးသမီးကြီးက “ဟင်. . . တကယ့်ကို ရယ်စရာပဲ။ အန်တီပျောက်သွားတုန်းက အိတ်ထဲမှာဒေါ်လာ ၅၀ တန်တစ်ရွက်တည်း ပါသွားတာ။ အခု တစ်ဒေါ်လာတန်တွေအရွက် ငါးဆယ်ဖြစ်နေတယ်”ဟုဆိုရာ အနားတွင်ရပ်နေသော ကလေးငယ်က “ဟုတ်ပါတယ် အန်တီ ကျွန်တော်ဟိုတစ်လောက ပိုက်ဆံအိတ်ကောက်ရလို့ ပြန်ပေးခဲ့တဲ့က အန်တီကြီးကလည်း မုန့်ဖိုးပေးဖို့အကြွေမရှိဘူးဆိုလို့”ဟု ပြုံးစစနှင့်ဆိုပါသည်။

စာမျက်နှာ (၂၆)မှ

## ရေကို ရွှေလိုဖြင့် မသုံးရစေချင်

ထုတ်ပြန်ထားတဲ့ စာရင်းဇယားတွေအရဆို ကျွန်တော်တို့နိုင်ငံမှာက ထူထပ်သစ်တောဖုံးလွှမ်းဧရိယာက နိုင်ငံဧရိယာနဲ့ဆိုရင် ၁၉ ရာခိုင်နှုန်းပဲ ကျန်တော့တယ်တဲ့။ ဧရိယာမိုင်နဲ့ ဆိုရင်တော့ ဧရိယာစတုရန်း ၁၉,၀၈၇ မိုင်ပဲရှိတော့သတဲ့။ ရွက်အုပ်ပွင့်သစ်တောဧရိယာ က ၅၁,၉၁၀ ဧရိယာစတုရန်းမိုင်ပဲ ကျန်တော့သတဲ့ဗျာ။ ၁၉၇၅ ခုနှစ်တုန်းက နိုင်ငံဧရိယာရဲ့ ရာခိုင်နှုန်း ၆၀ ကျော် ရှိနေသေးပေမယ့် ၂၀၁၀ ပြည့်နှစ်မှာ ရာခိုင်နှုန်း၄၀ကျော်ပဲရှိတော့တယ်တဲ့ဗျ။

အဲ့ဒီ လို သစ်တောတွေပြုန်းတီးကုန်တဲ့အတွက် ကမ္ဘာကြီးကို ပူနွေးလာအောင်ဖန်တီးတဲ့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေထုတ်လုပ်တာမှာ ကျွန်တော်တို့ မြန်မာဟာကမ္ဘာပေါ်မှာဘရာဇီးတို့၊အင်ဒိုနီးရှားတို့၊မလေးရှားတို့ပြီးရင် စတုတ္ထနေရာကလိုက်နေတယ်လို့ဆိုသဗျ။ ကိုင်းဘယ့်နှယ့် ရှိပါစ။

အခုတော့ဖြင့် ရာသီဥတုက သံချောင်းခေါက် ဥဩဆွဲပြီး သတိပေးလာပြီ။ တစ်နွေလုံးကျောကော့နေရ လောက်အောင်အစွမ်းပြပြီး ရေငတ်အောင် လုပ်ပြလာတယ်။ ရေတွေ ဆုတ်ကုန်လို့မုတ်သုံမျှော်တော့မုန်တိုင်းကအရင်လာတယ်။ မုတ်သုံကတော့ ဖြည်းဖြည်းပေါ့တဲ့။ ဆိုတော့ အဲဒီလို ဖြစ်လာတဲ့ ရာသီဥတုကြီးကို သတိဖြင့် ရှိကြဖို့ကောင်းပြီလို့ ပြောချင်တာပဗျာ။

ကမ္ဘာကြီးကတော့ ရေကိစ္စနဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေ အဆောတလျင်ဆောင်ရွက်ကြဖို့ ဟိုးလေးတကျော်နဲ့ သတိပေးအော်ဟစ်နေကြပြီဗျို့။

ကိုင်း. . ကျွန်တော်တို့ကော ဘယ်လိုစောင့်ပုံကိုင်ကြမလဲ။ ဒီတိုင်းသာ မသိလိုက် မသိဘာသာ ကိုယ်နဲ့မဆိုင်သလို နေကြရင်ဖြင့် လာမယ့်ဆယ်နှစ်ဆို ကျွန်တော်ဖြင့် မတွေးရဲဘူးဗျို့။ ကျွန်တော်တို့တွေချစ်တဲ့ သားစဉ်မြေးဆက်တွေကို ဒုက္ခတွင်းထဲ နေရစ်ခဲ့ပေတော့လို့ ပစ်ချထားခဲ့သလို မဖြစ်လိုကြရင်ဖြင့်. . . .

TRADEMARK CAUTION

ACE Limited a company incorporated in Switzerland at Bärengasse 32, Zurich, Switzerland CH-8001 is the Owner and Sole Proprietors of the following Trademark:

insured.

Reg. No. 4/4000/2013
In respect of : Insurance services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph:951371990 29May2013



# Environment

7DAY NEWS JOURNAL

Vol.12, No.12 • MAY 29 , 2013


## ရှားပါးဒီရေတောမျိုးစိတ်ရှိသည့်နေရာတွင် ဒီရေတောဥယျာဉ် တည်ထောင်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ မေ ၂၅**

ရှားပါးစာရင်းဝင် ဒီရေတောမျိုးစိတ်သစ်တွေ့ရှိခဲ့သည့် ရခိုင်ကမ်းရိုးတန်းဒေသရှိ ကျိန္တလီတွင် ဒီရေတောဥယျာဉ်(Mangrove Museum)တစ်ခုတည်ထောင်မည်ဟု သတင်းရရှိသည်။

ဒီရေတောဥယျာဉ်တွင် မြိုင်ကြီးပင်အပါအဝင် ရှားပါးမျိုးဝင် ဒီရေတောအပင်ကြီးမျိုး ၃၀ ခန့်ထားရှိသွားမည်ဖြစ်ပြီး လာမည့် ဩဂုတ်လတွင် အကောင်အထည်ဖော်သွားမည်ဟု ရခိုင်ကမ်းရိုးတန်း လူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများ ပြန်လည်တည်ဆောက်ရေးစီမံကိန်း မန်နေဂျာဦးဝင်းမောင်က ပြောသည်။

လက်ရှိတွင် ထိုနေရာ၌ ဒီရေတောထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ပညာပေးစင်တာတစ်ခု တည်ဆောက်လျက်ရှိပြီး ပြည်သူများကို ဒီရေတောနှင့်ပတ်သက်သည့် ဗဟုသုတအချက်အလက်များ၊ ဓာတ်ပုံများ ပြသမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီစင်တာကိုရောက်တာနဲ့ ဒီရေတောဆိုတာဘာလဲ ဆိုတဲ့ အခြေခံကိုလုံးဝနားလည်သွားမှာ" ဟု ဦးဝင်းမောင်က ပြောသည်။

ရခိုင်ကမ်းရိုးတန်းဒေသတွင် ICUN အသိအမှတ်ပြု ဒီရေတောမျိုးစိတ်သစ်မြိုင်ကြီးပင်အပါအဝင် ပြူးခြေထောက်၊ လင်းနို့ခေါင်းဖြူ၊ သန္တာကျောက်တန်း၊ ပင်လယ်မြက်၊ ရှားပါးလိပ်များရှိသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနယ်မြေအဖြစ် လုပ်ဆောင်လျက်ရှိသည်။

## အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေး ဒေသခံ ၁၁ ဖွဲ့ ပဏာမ ရွေးချယ်

**အိဖြူမွန်**

**ရန်ကုန်၊**

**မေ-၂၅**

အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး ဒုတိယစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ဒေသခံ အရပ်ဘက်သုံးဖွဲ့အပါအဝင် စုစုပေါင်း (၁၁)ဖွဲ့ကို ပဏာမရွေးချယ်ထားကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

အင်းလေးကန်ရေဝေရေလဲ ဒေသထိန်းသိမ်းရေး လုပ်ဆောင်ရမည့် ဒုတိယစီမံကိန်းတွင် သစ်တောလုပ်ငန်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းစေသော မြေယာထိန်းသိမ်းခြင်းလုပ်ငန်း၊ ကျေးရွာ ၁၂ ရွာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးတွင် သဘာဝမြေဩဇာသုံးစွဲရေးလုပ်ငန်းတို့ကို ယခုနှစ်ကုန်အထိ လုပ်ဆောင်ပေးမည်ဟု သတင်းရရှိသည်။

အင်းလေးကန် ရေဝေရေလဲ ဒေသ ထိန်းသိမ်းရေးကို နော်ဝေအစိုးရကထောက်ပံ့သည့်ဒေါ်လာ နှစ်သန်းဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ပထမနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်း(၁၆)ဖွဲ့ကိုရွေးချယ်ခဲ့ပြီး၊ အဓိက စီးဝင်သည့် ကလောချောင်း ရေဝေရေလဲ ဒေသထိန်းသိမ်းရေးကို စတင်ခဲ့သည်။

ရွေးချယ်ထားသည့် အဖွဲ့ ၁၁ ဖွဲ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် နာမည်ရှိသော အဖွဲ့အစည်းများ အပါအဝင် ဒေသခံပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ ပါဝင်သည်။ ပဏာမရွေးချယ်ထားသော ယင်း(၁၁)ဖွဲ့ကို UNDP ရုံးချုပ်သို့ တင်ပြထားပြီး ပူးပေါင်းဆောင်ရွက်မှုကို မေလကုန်တွင် စတင်မည်ဟု သတင်းရရှိသည်။

## ရောဝတီနှင့်ချင်းတွင်းမြစ်ရေတွင် ရေနေသတ္တဝါမျိုးပွားမှုထိခိုက်နိုင်သော ဓာတ်နှစ်မျိုးပါဝင်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

ဧရာဝတီနှင့်ချင်းတွင်းမြစ်တို့တွင် ရေနေသတ္တဝါများ မျိုးပွားမှုကို ထိခိုက်နိုင်သည့် ရေတွင်ပျော်ဝင်သော ဓာတ်ပစ္စည်းနှစ်မျိုးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံနှုန်းထက် များပြားစွာ ပါဝင်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းဓာတ်နှစ်မျိုးမှာ အမိုးနီးယားနှင့် နောက်ကျိမှု တာဘစ်ဒတီတို့ဖြစ်သည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းသပ်စစ်ဆေးမှုကို ၂၀၁၃ ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ပြီး နေရာပေါင်း ၂၀ ကျော်၌ တိုင်းတာထားခြင်းဖြစ်သည်။

မြစ်ချောင်းများ၏ ရေအရည်အသွေးကို တိုင်းတာသည့် စံနှုန်းသတ်မှတ်ချက်သည် ယနေ့အချိန်အထိ ကမ္ဘာပေါ်တွင် မသတ်မှတ်ရသေးသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သောက်သုံးရေသတ်မှတ်ချက် စံနှုန်းများဖြင့်သာ တိုင်းတာခြင်းဖြစ်ကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။



*ပြည်မြို့ဘက်ခြမ်းမှ မြင်တွေ့ရသည့် ဧရာဝတီမြစ် တစ်နေရာ*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

တိုင်းတာရာတွင် နည်းပညာ၊ စက်ပစ္စည်းလို အပ်ချက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သည့် PH၊ ရေတွင်ပျော်ဝင်သော အောက်ဆီဂျင်၊ သံဓာတ်၊ ကလိုရိုက်၊ ကလိုရင်း၊ ကယ်လီနတီ၊ ရေစေးနှင့်ရေသွက်၊ အမိုးနီးယား၊ နိုက်ထရိုက်၊ ဖလိုရိုက်၊ ရေတွင်ပျော်ဝင်သော အပူချိန်နှင့် ရေနောက်ကျိမှုတို့ကို တိုင်းတာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ရေနေသတ္တဝါများ မျိုးပွားမှုနှုန်းကို ထိခိုက်စေသည့် ဓာတ်နှစ်မျိုးများပြားခြင်းအကြောင်းရင်းကို ဆက်လက်လေ့လာ သုတေသနပြုလုပ်မည်ဖြစ်ပြီး ယေဘုယျအားဖြင့် မစင်များကြောင့် ဖြစ်နိုင်ကြောင်း လေ့လာသုတေသနပြုသည့် အဖွဲ့တွင်ပါဝင်သည့် ကျွမ်းကျင်ရေသုတေသနပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြစ်ကြောင်းများ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းကို သုံးနှစ်ဆက်တိုက်ပြုလုပ်ခဲ့သော်လည်း မည်သည့်နှစ်တွင် ဓာတ်ပစ္စည်းပါဝင်မှုများသည်၊ နည်းသည်ကို နှိုင်းယှဉ်ရန်မှာနှစ် အနည်းငယ်သာရှိသောကြောင့် ရလဒ်ပြောရန်မှာစောလွန်းကြောင်း လေ့လာတိုင်းတာသူများက ဆိုသည်။

မြစ်နှစ်မြစ်၏ ရေနောက်ကျိမှုနှင့် အမိုးနီးယားဓာတ်ပါဝင်မှုသည် နေရာတိုင်းတွင်ဖြစ်ပေါ်နေပြီး သတ်မှတ်နှုန်းထက် နောက်ကျိမှုပိုမိုများပြားပါက ရေတွင်ရှင်သန်သည့် သတ္တဝါများ၊ ငါးနှင့်ငါးသားလောင်းများကို အန္တရာယ်ဖြစ်စေသည်ဟု ဆိုသည်။

အမိုးနီးယားပါဝင်မှုများပါက ရေနေသတ္တဝါများအား အဆိပ်များ ဖြစ်စေပြီး ငါးမျိုးပွားနှုန်းကို ထိခိုက်နိုင်ကာ လူများအနေဖြင့် ထိုရေကို ကာလကြာရှည်စွာ သောက်သုံးပါက အချိန်ကြာမြင့်စွာ သတိလစ်မေ့မြောခြင်းနှင့် တက်ခြင်း စသည်တို့ကို ဖြစ်စေသည်။




# Tourism

7DAY NEWS JOURNAL

Vol.12, No.12 • MAY 29 , 2013


# ပုဂံဆည်းဆာကြည့်ရှုနိုင်မည့် စေတီနှစ်ဆူ ထပ်မံခွင့်ပြုရန် တောင်းဆို

**နိုင်ချို**

**ရန်ကုန်၊ မေ-၂၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နေဝင်ချိန်ကြည့်ရှုရန်အတွက် စေတီပုထိုးနှစ်ဆူထပ်မံခွင့်ပြုပေးရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းက တင်ပြတောင်းဆိုထားကြောင်း သတင်းရရှိသည်။

"ပုဂံရှေးဟောင်းနယ်မြေမှာ အခုလက်ရှိ Sun Set ကြည့်ဖို့ကို သတ်မှတ်ခွင့်ပြုထားတဲ့နေရာက နည်းနေတော့အဲဒီဘုရားတွေပေါ်လူတွေပြုံတက်နေရတယ်။ ကြာရင် ဘုရားပုထိုးတွေ ထိခိုက်နိုင်သလို ခိုင်ခံ့မှုမရှိရင် လူတွေလည်း အန္တရာယ်များတယ်"ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှပြန်ကြားရေးတာဝန်ခံ ကိုအောင်ထွန်းက ပြောသည်။

ယခုလက်ရှိတွင် Sun Set ကြည့်ရှု၍ရသော စေတီပုထိုးနှစ်ဆူမှာ ရွှေဆံတော်နှင့် ပြဿဒ်ကြီးစေတီတို့ဖြစ်ပြီး မင်္ဂလာစေတီ၊ ရွှာဟောင်းကြီးဘုရားများကိုလည်း ထပ်မံဖွင့်ပေးရန် တင်ပြမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ သတင်းရရှိသည်။

"ရှေးဟောင်းစေတီပုထိုးတွေအပေါ်ကနေ Sun Set ကြည့်ဖို့ နိုင်ငံခြားသားအများစုက စိတ်ဝင်စားကြတယ်။ ပုဂံဒေသခံဧည့်လမ်းညွှန်တွေအနေနဲ့လည်း ဒီကိစ္စကို တရားဝင်သတ်မှတ်ပေးဖို့ အသင်းချုပ်နဲ့ပူးတွဲလုပ်ဆောင်မှာပါ"ဟု ပုဂံဒေသခံ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။



*ပုဂံဆည်းဆာနှင့် နိုင်ငံခြားခရီးသွား နှစ်ဦး* ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းနှင့် ပုဂံဧည့်လမ်းညွှန်များအနေဖြင့် ပုဂံယဉ်ကျေးမှုဇုန်ရှိ ရှေးဟောင်းစေတီပုထိုးများမှ Sun Set ကြည့်ခြင်းကို တောင်းခံမည်ဖြစ်ပြီး Temple Dinner ပြုလုပ်နေခြင်းကိုမူ ကန့်ကွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဒေသခံဧည့်လမ်းညွှန်များမွေးထုတ်ရန်စီစဉ်

**နိုင်ချို**

**ရန်ကုန်၊ မေ-၂၅**

နိုင်ငံတစ်ဝန်း၌ ဧည့်လမ်းညွှန်လိုအပ်ချက်များအရ ဒေသတွင်းဧည့်လမ်းညွှန်သင်တန်းများ ဖွင့်လှစ်၍ ဒေသခံများကို ဧည့်လမ်းညွှန်လိုင်စင်ချထားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ သတင်းရရှိသည်။

"လက်ရှိမှာ ဧည့်လမ်းညွှန်အရေအတွက်နဲ့ ဝင်တဲ့ဧည့်သည် မလုံလောက်ဘူး။ အဲဒီတော့ဒေသအသီးသီးက ဒေသခံတွေကို သူတို့ဒေသတွင်း ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်နိုင်အောင် လုပ်ငန်းလိုင်စင်ချထားပေးမှာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧည့်လမ်းညွှန်လိုင်စင်ရရှိရန်အတွက် ဒေသခံများသည် ဒေသတွင်း ဧည့်လမ်းညွှန်သင်တန်းကို ပြီးစီးအောင်တက်ရမည်ဖြစ်ပြီး ဧည့်လမ်းညွှန်သင်တန်း မတက်ဘဲဒေသတွင်းဧည့်လမ်းညွှန်အဖြစ်ဆောင်ရွက်ပါက အရေးယူခြင်းခံရမည်ဖြစ်သည်ဟု ဆိုသည်။

"ဒေသတွင်း ဧည့်လမ်းညွှန်ကို ပုဂံဒေသခံတွေကို ဦးစားပေးမှာပါ။ ဧည့်လမ်းညွှန်လိုအပ်ချက်တွေကြောင့် ပထမဦးဆုံးအကြိမ် ဒေသတွင်း ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်ပေးတာပါ။ ဒါပေမဲ့ သူ့ဒေသမှာပဲ ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်ခွင့်ရမှာပါ"ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ အလုပ်အမှုဆောင်တစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ လိုင်စင်ရ ဧည့်လမ်းညွှန် ၆,၀၀၀ ကျော်ရှိပြီး ထက်ဝက်ခန့်သာ ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်လျက်ရှိသည်။

# မွန်ပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် နည်းလမ်းရှာ

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရနှင့် သဟဇာတဖြစ်မည့် လုပ်ငန်းရှင်အသင်းအဖွဲ့များ ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ပြောသည်။

"၂၀၁၅မတိုင်မီမွန်ပြည်နယ်မှာ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့မျှော်လင့်ထားပါတယ်။ မြို့နယ် ၁၀မြို့နယ်လုံး သူ့နေရာနဲ့သူလှကြတော့ ခရီးသွားလုပ်ငန်းလုပ်လို့ကောင်းတယ်" ဟု မွန်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးကပြောသည်။

မွန်ပြည်နယ်တွင် ဟိုတယ်ဇုန်ဟု မသတ်မှတ်ရသေးသော်လည်း ခရီးသွားလုပ်ငန်းကို အခြေခံသည့် ဟိုတယ်ဇုန်များ အကောင်အထည်ဖော်နိုင်သော နေရာများစွာရှိသည်။ ကျိုက်ထိုမြို့နယ်တွင် ကျိုက်ထီးရိုးဘုရား၊ သထုံ-ဘီးလင်းတွင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော သုဝဏ္ဏဘူမိမြို့တော်ဟောင်း၊ ပေါင်မြို့နယ်တွင်သဘာဝပတ်ဝန်းကျင် လှပသော နေရာများနှင့် ကျိုက်မရောတွင် ပင်းတယမြို့နည်းတူ လိုဏ်ဂူများစွာရှိကြောင်း ဒေါက်တာမင်းနွယ်စိုးက ပြောသည်။

မည်သည့်ဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းစတင်မည်ကိုမော်လမြိုင်မြို့၊ ရွှေမြင့်မိုရ်ထွန်း ဟိုတယ်၌ မေ ၂၅ ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုဝန်ကြီး ဒေါက်တာတင်ရွှေအပါအဝင် ပညာရှင်များ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ခရီးသွားအခြေပြု လုပ်ငန်းရှင်များစုစုပေါင်း ၇၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။




7DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# Cartoon




























7DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# ‘ စစ်ရေးမစ်ရှင်တွေဟာ ဒီမိုကရေစီဖွံ့ဖြိုးရေးအကူအညီတွေမဟုတ်ပါဘူး ’

## ဂျာမန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဆီးရီးယားအရေး တွေ့ဆုံခြင်း

ကျော်မျိုး

ဆီးရီးယားပြည်တွင်းစစ်ဟာ ၂ နှစ်ကျော်ကြာတဲ့အထိ ပြီးဦးမယ့်ပုံမရှိသေးပါဘူး။ ပြည်တွင်းစစ်ကြောင့် လူပေါင်းရှစ်သောင်းလောက်သေဆုံးခဲ့ရပြီး ပြည်ပြေးဒုက္ခသည် အရေအတွက်ဟာလည်း သန်းနဲ့ချီရှိလာနေပြီဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံကြီးတွေဟာ ဆီးရီးယားမှာ စစ်ရေးအရဝင်ရောက်အရေးယူဖို့ မရှိသေးတာကြောင့်၊ ပြဿနာတွေဟာ ပိုမိုဆိုးရွားလာနေပြီး မကြာမီကဆိုရင် အစိုးရဘက်ကရော အတိုက်အခံဘက်ကပါ ဓာတုလက်နက်တွေ သုံးတယ်လို့ အသံထွက်လာတာကြောင့်သတိပေးမှုတွေပိုပြီးအသံကျယ်လာခဲ့ပါတယ်။ ဒါကြောင့် ဂျာ မန်စပိုင်းဂဲလ်မီဒီယာဟာ ဂျာမန် နိုင်ငံခြားရေးဝန်ကြီး ဂိုင်ဒိုဗတ်စတာဗဲလ်နဲ့ တွေ့ဆုံကာ ဆီးရီးယား ပြည်တွင်းစစ်အတွက် နိုင်ငံရေးအရ ဖြေရှင်းချက်ရှာဖွေရေးအကြောင်း၊ ဂျာမနီရဲ့ အငြင်းပွားဖွယ်ရာ လက်နက်တင်ပို့မှုအကြောင်းနဲ့ ဝန်ကြီးရဲ့ဒုတိယကမ္ဘာစစ်အတွင်း မိသားစုဖြတ်သန်းခဲ့ရမှု အတွေ့အကြုံတွေပါဝင်တဲ့အကြောင်းတွေကို မေးမြန်းဖြစ်ခဲ့ပါတယ်။ အဲဒီထဲကမှဆီးရီးယားအရေးဆိုင်ရာ အမေးအဖြေတချို့ကို ကောက်နုတ်တင်ပြလိုက်ပါတယ်။

**ဝန်ကြီးခင်ဗျာ ဆီးရီးယားမှာ နေ့စဉ်နီးပါးအစုအလိုက်အပြုံလိုက်သေဆုံးမှုပုံရိပ်တွေကို မြင်ရတဲ့အခါ ခေါင်းထဲမှာ ဘာတွေများ ပေါ်လာနေပါသလဲ။**

အများစုအတွက်၊ ပြည်သူတွေအတွက် ကျွန်တော်ခံစားရပါတယ်။ ခင်ဗျားအနေနဲ့ ဒုက္ခသည်စခန်းမှာ ကျွန်တော့်လို နေဖူးတယ်ဆိုရင် သတင်းတွေထဲမှာ မြင်နေ၊ ဖတ်နေရတာတွေကို ပုဂ္ဂိုလ်ရေးခံစားမှုနဲ့ပါ ခံစားနိုင်မှာပါ။

**ဂျာမန်လူမျိုး အများစုလောက်ကလည်း ကိုယ်ချင်းစာစိတ်နဲ့ ခံစားကြမယ့်ပုံရှိပါတယ်။ ဒါပေမဲ့ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့ဝန်ကြီးမှာ အရေးယူလုပ်ဆောင်နိုင်စွမ်းရှိပါတယ်။ ဘာကြောင့် နည်းနည်းလေးပဲဖြစ်နေရတာလဲ။**

ကြီးကြီးမားမားလုပ်တာကတော့ ဖြစ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်သမျှအခုထိကတော့ ငြိမ်းချမ်းရေးကို ဦးမတည်နိုင်သေးပါဘူး။ ဒါကြောင့် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနဲ့ ခံစားချက်တွေရဲ့ ဦးဆောင်ရာကို လိုက်ဖို့ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။ ဒေသတစ်ခုလုံးမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေတဲ့ ပဋိပက္ခကို ကာကွယ်တားဆီးရပါမယ်။

**အနာဂတ်မှာ ဝန်ကြီးရဲ့ မဟာဗျူဟာပိုပြီးအောင်မြင်မယ်လို့ဆိုနိုင်တဲ့ အထောက်အထားက ဘာများပါလဲ။**



အမေရိကန်နဲ့ ရုရှားတို့ဟာ ဆီးရီးယားအရေး နိုင်ငံတကာညီလာခံကျင်းပဖို့ ကြေညာလိုက်ပါပြီ။ ဒါက နိုင်ငံရေးဖြေရှင်းချက်ရဖို့အလားအလာသစ်တွေအတွက် လမ်းဖွင့်ပေးလိုက်ခြင်းပါ။ စစ်ရေးဖြေရှင်းချက်ကတော့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရှိဖို့ကို လုပ်နိုင်မှာ မဟုတ်ပါဘူး။

**အနောက်အုပ်စုဟာ ပြီးခဲ့တဲ့ ၂ နှစ်အတွင်း နိုင်ငံရေးဖြေရှင်းချက်တစ်ခုရဖို့ မအောင်မမြင်ဖြစ်ခဲ့ရတယ်။ အဲဒီအတွင်းမှာပဲ (ဆီးရီးယား)ပြည်သူ ၈၀,၀၀၀ လောက်သေဆုံးခဲ့ပြီး နိုင်ငံခြားရေးပေါ်လစီမှာ ဝင်မပါလို့ဖြစ်ရတဲ့ အကုသိုလ်လိုမျိုး တစ်စုံတစ်ခုများရှိနေပါသလား။**

ဆီးရီးယားကိစ္စမှာ အလွယ်ချဉ်းကပ်နည်းမရှိပါဘူး။ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုရေရှည်ခံနိုင်မယ့် နိုင်ငံရေးဖြစ်စဉ်အတွက် အခြေခံဘောင်ကို ကျွန်တော်တို့ ကြိုးစားချမှတ်ရပါမယ်။ ထပ်ဖြည့်ပြောရရင် တိုက်ရိုက်ဆွေးနွေးမှုတွေမှာရော လူသိရှင်ကြားပြောတဲ့နေရာတွေမှာပါ ကုလလုံခြုံရေးကောင်စီအတွင်း တရုတ်နဲ့ ရုရှားတို့ရဲ့ အပြုအမူတွေကို စိတ်ပျက်ကြောင်း ကျွန်တော်ဖော်ပြဖူးပါတယ်။

**အချို့က လက်နက်တင်ပို့မှုကိစ္စအကြောင်း ရောက်တဲ့အခါ နည်းနည်းတော့ သိကြပါတယ်။ ရုရှားနဲ့ အီရန်ဟာ အာဆတ်နဲ့ သူ့မဟာမိတ်တွေကို လက်နက်ထောက်ပံ့နေကြပြီး ဆော်ဒီနဲ့ ကာတာတို့ကတော့ အစ္စလာမ်မစ်သူပုန်တွေကို ထောက်ပံ့နေကြတယ်။ ဘာကြောင့် အနောက်တိုင်းဟာ အလယ်အလတ်လမ်းလိုက်တဲ့ အတိုက်အခံဘက်ကိုတော့(မထောက်ပံ့ဘဲ)စွန့်ပစ်ခဲ့တာလဲ။**

ကျွန်တော်တို့ အလယ်အလတ်လမ်း အတိုက်အခံတွေကို နည်းမျိုးစုံနဲ့ထောက်ခံအားပေးနေပါတယ်။ သူတို့ထိန်းချုပ်တဲ့နေရာတွေမှာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ မြှင့်တင်ဖို့ ထောက်ခံအားပေးနေပါတယ်။ သိပ်ပြီး စိုးရိမ်ရတဲ့ဒဏ်ရာရလူနာတွေကိုဂျာမနီမှာဆေးကုသမှုခံယူဖို့အတွက် ကျွန်တော်တို့ ကူညီနေပါတယ်။ ဂျာမနီဟာ ထောက်ပံ့မှုပေးတဲ့ အကြီးဆုံးအလှူရှင်နိုင်ငံတွေထဲက တစ်ခုပါ။

**အတိုက်အခံက လက်နက်တွေလိုချင်နေတာလေ။**

ကျွန်တော်တို့မှာ မေးခွန်းနှစ်ခုရှိပါတယ်။ နောက်ထပ်လက်နက်တွေများများပို့ရင် ဆီးရီးယားမှာ လူနည်းနည်းပဲ သေတော့မှာလား။ ပြီးတော့လည်း ဒီလက်နက်တွေဟာ အစွန်းရောက်တွေ၊ အကြမ်းဖက်သမားတွေ၊ ဂျီဟာ့ဒ်ဝါဒီတွေ လက်ထဲရောက်မသွားပါဘူးလို့ သေချာနိုင်ပါ့မလား။ အဲဒီလူတွေအတွက်ကတော့ ဒမတ်စကတ်ဟာ ဂျေရုဆလင်ကို သွားတိုက်ဖို့ လမ်းမကိုရောက်တာဖြစ်သွားမှာပေါ့။

**ဒီတပ်ဖွဲ့တွေဟာ နဂိုတည်းက လက်နက်တပ်ဆင်ပြီးသား မဟုတ်လား။**


ခေတ်ပေါ်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ရပ်သာ ဂျူးဆန့်ကျင်ရေး ဂျီဟာ့ဒ်ဝါဒီတွေလက်ထဲကို (သို့မဟုတ်) အယ်လ်နုဆရာဆတပ်ဖွဲ့လို အကြမ်းဖက်အုပ်စုတွေလက်ထဲကို ရောက်သွားတယ်ဆိုပါစို့။ ဒါဆို ဒေသတွင်းမှာ အရပ်ဘက်လေကြောင်း ပျံသန်းမှုအတွက်နဲ့ အစ္စရေးနဲ့ လုံခြုံရေးအတွက် ဘာများဖြစ်မလဲ။ လက်နက်တင်ပို့ပေးရေးမေးခွန်းနဲ့ပတ်သက်လို့ လွယ်ကူတဲ့အဖြေတွေရှိမနေပါဘူး။

**ပြင်သစ်နဲ့ ဗြိတိန်ဟာဆိုရင် အခုအချိန်မှာ ဒီမေးခွန်းကို ဂျာမနီထက်ပိုပြီး ကွဲပြားခြားနားတဲ့ တုံ့ပြန်မှုနဲ့ လုပ်နေပါပြီ။**

အဲဒါကို ကျွန်တော်လေးစားပါတယ်။ ဘာကြောင့်လဲဆိုတော့ လှုပ်ရှားမှုတွေကို ကျွန်တော်နားလည်နိုင်လို့ပါ။ တကယ်လို့ ကျွန်တော်တို့ မိတ်ဆွေတွေဟာ သူတို့ရဲ့ အနေအထားကို စွဲစွဲမြဲမြဲလုပ်ထားမယ်ဆိုရင် ဥရောပသမဂ္ဂရဲ့ လက်နက်တင်ပို့မှုပိတ်ဆို့ခြင်းကလည်း ဒီလကုန်ရင်သက်တမ်းကုန်တော့မှာပါ။ အဲဒီနောက်တော့ (အာဆတ်)အစိုးရကို ပိတ်ဆို့အရေးယူမှုတွေလုပ်ရေးအစီအစဉ်ကို အခြားနည်းတွေနဲ့ ဆက်လုပ်နိုင်အောင် ကျွန်တော်တို့ သေချာလုပ်နိုင်တော့မှာပါ။

စာမျက်နှာ(၃၇)သို့

နယူးဟောင်ကောင်ဆေးကုခန်း
နာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကို
တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း
နာတာရှည် နာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နာပိတ်ခြင်း၊ နာရည်ယိုခြင်း၊ နာချေခြင်း၊ နာခေါင်းယားယံခြောက်သွေ့ခြင်း၊ နာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်း နာကျင်ယားယံခြင်းနှင့် ခိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ် တကူပြောင်းလဲသွားနိုင်သည်။
နယူးဟောင်ကောင်ဆေးကုခန်းမှ နာခေါင်း အလာကို၊ နာတွင်းလိုက်မြောင်းရောင်ရမ်းခြင်း၊ နာခေါင်းထွက်သက် အသားပို၊ နာတာရှည်လည်ချောင်းနာ ချောင်းဆိုးခြင်း၊ အာသီးရောင်ခြင်းစသော ကုသရန် ခက်ခဲသော ရောဂါများကို ကွန်ပျူတာစက်ကြီးများ (သို့မဟုတ်) နာခေါင်းအတွင်းသို့ ပြောင်းစင်ဆေးကြော ကုသသည့်နည်းကို အသုံးပြု၍ကုသပေးနေပါသည်။ ဆေးဝါးအကျိုးသက်ရောက် မှုမှာ ရောဂါအစိတ်အပိုင်းကို တိုက်ရိုက် ထိရောက်မှုရှိသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမြန်ဆုံး ပျောက်ကင်းစေပါသည်။ ခုခံအား တိုးတက်စေပြီး ရောဂါထပ် မဖြစ်ပါ။ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသ ပေးပါသည်။ ရောဂါကာလ မည်မျှကြာသည်ဖြစ်စေ ကုထုံး (၁-၂)ကြိမ်အတွင်း အမြစ်ပြတ် ပျောက်ကင်း စေပါသည်။



ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ
အမှတ် (၂၄၇ A)၊ ဗိုလ်ဖြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၁၀၅၁၀

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း
50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton



M-216/32 ... 09-2050000, 09-6504700
... 067-26222, 09-6504900

စာမျက်နှာ(၃၆)

**ဝန်ကြီးတို့အနေနဲ့ (ဆီးရီးယား) မှာ အခြေအနေပိုဆိုးလာရင် လက်နက်ထောက်ပံ့မှုတွေလုပ်ဖို့ သဘောတူမယ်လို့ စိတ်ကူးကြည့်မိရဲ့လား။ ဝန်ကြီးမှာ နောက်ဆုံးသတ်မှတ်ချက်များရှိပါသလား။**

ကျွန်တော် အဲဒီလို နောက်ဆုံးသတ်မှတ်ချက်မျိုးတော့ ဆွဲမထားပါဘူး။ စားပွဲဝိုင်းပေါ်မှာဆွေးနွေးဖို့ ရွေးချယ်စရာတွေ အများကြီးရှိသေးတယ်လို့လည်း ကျွန်တော်မပြောပါဘူး။ ဒါပေမဲ့ အစအပြုံလိုက်စေနိုင်တဲ့ ဓာတုလက်နက်တွေအသုံးပြုမှုရှိလာရင်တော့ ဘယ်ဘက်ကပဲသုံးသုံး၊ အဲဒါဟာ လုံးဝကွဲပြားခြားနားတဲ့ နိုင်ငံတကာချည်းကပ်နည်းတစ်ခုဆီ ဦးတည်သွားစေပါလိမ့်မယ်။

**ယခင်ဂျာမန်ညွှန့်ပေါင်းအစိုးရဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီနဲ့ ဂရင်းပါတီတို့ဟာ စစ်ရေးအရဝင်ရောက်မှုတွေမှာ ကိုဆိုဗိုနဲ့ အာဖဂန်လိုနေရာမျိုးတွေမှာ ခပ်မြန်မြန်ပဲ ဝင်ပါခဲ့တယ်နော်။**

အဲဒီစစ်ဆင်ရေးနှစ်ခုလုံးကို ကျွန်တော်သဘောတူပါတယ်။ ဒါပေမဲ့ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း ဖြစ်ခဲ့တာတွေကို ကျွန်တော်တို့ လေ့လာရပါမယ်။ နိုင်ငံရေးဖြေရှင်းချက်ရဖို့ ကြိုးစားတာဟာ အာဖဂန်မစ်ရှင် မစတင်ခင်ကပေါ် ထွန်းသင့်ခဲ့ပါတယ်။ ဒီလိုမစ်ရှင်မျိုးကို ကျွန်တော်တို့ လက်တွေ့မျှော်လင့်ချက်တွေနဲ့ ဝင်ရမယ်။ တချို့က အာဖဂန်ကို အလယ်အာရှာဒေသရဲ့ ဆွစ်ဇာလန်လိုမျိုး အသွင်ပြောင်းဖို့ ရည်မှန်းချက်နဲ့ သွားကြတယ်။ အဲဒါကတော့ လက်တွေ့မကျပါဘူး။

**ဒီတော့ ကျွန်တော်တို့ဟာ အနာဂတ်မှာ တည်ငြိမ်မှုနဲ့ ဒီမိုကရေစီကို မရနိုင်ဘူးလို့သိတဲ့အခါမျိုးမှာ စစ်ရေးအရဝင်ရောက်စွက်ဖက်မှုတွေ လုပ်ဦးမှာလား။**

စစ်ရေးမစ်ရှင်တွေဟာ ဒီမိုကရေစီဖွံ့ဖြိုးရေးအကူအညီတွေ မဟုတ်ပါဘူး။ ဒါတွေရဲ့ ရည်မှန်းချက်က လုံခြုံရေးအရခြိမ်းခြောက်မှုတွေကို ကာကွယ်ဖို့ပါ။ ကျွန်တော်တို့ကိုယ်ပိုင်အကျိုးစီးပွားတွေကို စောင့်ရှောက်ဖို့ စစ်ရေးနည်းကိုလည်း သုံးတာပဲပေ့ါ။ ဒါနဲ့ တခြားအရာတွေကို နှိုင်းယှဉ်တာကတော့ မိုက်မဲလွန်းပါတယ်။

*—Ref;German Foreign Minister-'A Military Solution Won't Yield Lasting Peace in Syria', 20th May:Spiegel.*



# Leader's Profile

# Intel ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်သစ် ဘရိုင်ယန်ကာဇာနစ်

ရဲမင်း

မစ္စတာဘရိုင်ယန်ကာဇာနစ်သည် ကမ္ဘာ့တစ်ဝန်းတစ်ပိုင်းလျှပ်ကူးပစ္စည်း မိုက်ကရိုချပ်စ်များ ထုတ်လုပ်သည့် Intel ကော်ပိုရေးရှင်း၏ အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၃ ခုနှစ် မေလ ၁၆ ရက်က စတင်ခန့်အပ်ခံရသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ Intel ၏ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ် (COO)အဖြစ် တာဝန်ယူခဲ့သည်။

မစ္စတာဘရိုင်ယန်သည်၁၉၈၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆန်ဂျိုစ့်ပြည်နယ် တက္ကသိုလ်မှ ဓာတုဗေဒဘာသာရပ် အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်မှာပင် နယူးမက္ကဆီကိုပြည်နယ် Intel ရုံး၌ လုပ်ငန်းစဉ်အင်ဂျင်နီယာအဖြစ် အလုပ်စဝင်ခဲ့သည်။ Intel ၏ စက်ရုံပေါင်းများစွာတွင် လုပ်ငန်းစဉ်အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၉၄ မှ ၁၉၉၆ ခုနှစ်အထိ Intel ကုမ္ပဏီ အရီဇိုးနားပြည်နယ်ရှိ Fab 12 စက်ရုံတွင် မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့ပြီး ၉၆-၉၇ တွင် Fab 6 စက်ရုံမန်နေဂျာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၇ မှ ၂၀၀၁ ခုနှစ်အထိ မစ္စတာဘရိုင်ယန်သည် Fab 17 စက်ရုံမန်နေဂျာအဖြစ် တာဝန်ယူခဲ့ပြီး ယင်းစက်ရုံတွင် ဒစ်ဂျစ်တယ်နည်းပညာပစ္စည်းများ ကော်ပိုရေးရှင်း၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို Intel ၏ ပင်မကုန်ထုတ်လုပ်ငန်းများနှင့် ပေါင်းစပ်နိုင်ရေးကို တာဝန်ယူကြီးကြပ်ခဲ့ရသည်။ ယင်းစက်ရုံမှာပင် ကုန်ထုတ်လုပ်ငန်းစဉ်နည်းပညာသစ်များ ဖော်ထုတ်လုပ်ကိုင်ခဲ့ရပြီး ၁၉၉၉ ခုနှစ်တွင် Intel ထူးချွန်ဆု ချီးမြှင့်ခံရသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုအတွက် မူပိုင်ခွင့်တစ်ခုပိုင်ဆိုင်ခဲ့သည်။

၂၀၀၁ ခုနှစ်၌ မစ္စတာဘရိုင်ယန်သည် Intel ကုမ္ပဏီ၏ တစ်ကမ္ဘာလုံးစက်ရုံများအတွက် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးနည်းပညာသစ် (0.13-micron logic process)ကို တာဝန်ယူအကောင်အထည်ဖော်ရသည်။ ထို့နောက် မစ္စတာဘရိုင်ယန်သည် ကော်ပိုရေးရှင်းတစ်ခုလုံး၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် စစ်ဆေးစမ်းသပ်ရေး အထွေထွေမန်နေဂျာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယင်းနောက်ပိုင်း ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပို့ဆောင်ဖြန့်ချိရေးလုပ်ငန်းစဉ်တစ်ခုလုံး၏ အထွေထွေမန်နေဂျာအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

၂၀၀၅မှ ၂၀၁၀ပြည့်နှစ်အထိ Intel ကော်ပိုရေးရှင်းကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည်။ ယင်းမှတစ်ဆင့် ၂၀၁၂ နိုဝင်ဘာလအထိ အကြီးတန်းဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။ ယင်းအချိန်မှာပင် ကမ္ဘာတစ်ဝန်း Intel စက်ရုံများနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို တာဝန်ယူခဲ့သလို ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးအထွေထွေမန်နေဂျာအဖြစ်လည်း တာဝန်ယူနေခဲ့သည်။ ထို့နောက်တွင်မှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အမှုဆောင်ဒုတိယဥက္ကဋ္ဌ၊ ၂၀၁၃ ခုနှစ် မေ ၁၆ ရက်တွင် အမှုဆောင်အရာရှိအဖြစ် အဆင့်ဆင့်တိုးမြှင့်ခန့်အပ်ခံရသည်။

အသက် (၅၂)နှစ်ရှိပြီဖြစ်သော မစ္စတာဘရိုင်ယန်ကာဇာနစ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးထွန်းကားထားသည်။

*—Ref: Wikipedia/ Intel Compo-ration*



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# တောင်ကိုရီးယားတွင် ဆယ်ထပ်တိုက်ပေါ်မှ ခုန်ချသေသည့် လူနှင့်ထိခိုက်မိ၍ ကလေးတစ်ဦး သေဆုံး

**ဆိုးလ်၊မေ-၂၄**

ဆယ်ထပ်တိုက်ပေါ်မှ ခုန်ချသတ်သေရန် ကြိုးစားသည့် လူတစ်ဦး၏ ခန္ဓာကိုယ်နှင့် ထိခိုက်မိ၍ အသက် ခုနစ်နှစ်အရွယ် တောင်ကိုရီးယား မိန်းကလေးငယ်တစ်ဦး သေဆုံး သွားကြောင်း ကိုရီးယားရုပ်သံ SBS သတင်းတွင် ဖော်ပြသည်။

ဖြစ်စဉ်မှာ မေလ ၂၂ ရက်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ တောင်ပိုင်းဆိပ်ကမ်းရှိ တိုက်တစ်လုံးပေါ်မှ အသက်(၄၀)အရွယ် အမျိုးသားတစ်ဦး ကိုယ့်ကိုယ်ကိုယ်သတ်သေရန် ခုန်ချခဲ့ရာ တိုက်အောက်မှ ထွက်လာသော ကလေးငယ်အပေါ် ပြုတ်ကျ၍ ကလေး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့သည့် ဂျန်ဟု အမည်ရထိုပုဂ္ဂိုလ်မှာ ပြုတ်ကျပြီးနောက် ချက်ချင်း သေဆုံးခဲ့ပြီး ၎င်းနှင့်တိုက်မိသည့် ကလေးငယ်မှာမူ ဆေးရုံသို့ရောက်ရှိပြီး မကြာမီ ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။ သေဆုံးသူဂျန်မှာ သတ်သေမှုမဖြစ်မီကပင် စိတ်ကျရောဂါကြောင့် ကာလရှည်ကုသမှု ခံယူနေရသူဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတစ်ဦးကို ကိုးကား၍ ရုပ်သံက ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးအင်အားကြီးနိုင်ငံများ ဖြစ်သည့် OECD ခေါ် စီးပွားရေး ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုအများဆုံး နိုင်ငံဖြစ်သည်။ စာရင်းများအရ ၂၀၁၀ တွင် လူတစ်သိန်း၌ သတ်သေသူ ၃၃ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ယင်းမှာ တစ်နေ့လျှင် သတ်သေမှုနှုန်း ၅၀ ခန့်ဖြစ်ပွားနေသည်။

*—Ref: Asiaone/AFP*



JACQUES DEMARTHON/AFP

*မေ ၂၅ ရက်က မလေးရှားမြို့တော် ကွာလာလမ်ပူတွင် မကြာမီကပြီးစီးခဲ့သည့် ၁၃ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲရလဒ်များကို ချီတက်ဆန္ဒပြနေစဉ် အားကစားကွင်း၌စုဝေးနေသော မျက်နှာဖုံးဝတ်ဆန္ဒပြသူများ။ ရွေးကောက်ပွဲရလဒ်များကို ဝေဖန်ခဲ့သော အတိုက်အခံလေးဦး လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ဖြစ်သော အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ကလည်း ထိန်းသိမ်းခံခဲ့ရပြီးနောက် ရွေးကောက်ပွဲအလွန် ဖြိုခွင်းမှုများကို ရပ်တန့်ရန် မေ ၂၄ ရက်က တိုက်တွန်းခဲ့သည်။*

# အထက်တန်းစာမေးပွဲမေးခွန်းအချို့ နောက်ကျ ပေးပို့ခဲ့သော်လည်း ရာနှုန်းပြည့်နီးပါး အောင်မြင်

**ဂျကာတာ၊ မေ-၂၅**

အင်ဒိုနီးရှားနိုင်ငံတွင် မကြာမီက ကျင်းပပြီးစီးခဲ့သော အထက်တန်း စာမေးပွဲများ၌ နိုင်ငံ၏ ပြည်နယ် ၃၄ ခုမှ ၁၁ ခုတွင် မေးခွန်းများ ပေးပို့မှုနှောင့်နှေးခဲ့ရသော်လည်း အောင်စာရင်းရလဒ်များအရ ကျောင်းသား ၉၉ရာခိုင်နှုန်းမှာ စာမေးပွဲအောင်မြင်ကြကြောင်း ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက ပြောကြားလိုက်သည်။

ကြာသပတေးနေ့ထုတ်ပြန်ချက်တွင် ဝန်ကြီးဌာနက တန်းမြင့်အထက်တန်းကျောင်းများနှင့် အစ္စလာမ်မစ် အထက်တန်းကျောင်းများမှ ကျောင်းသား ၉၉ ဒသမ ၄၈ရာခိုင်နှုန်းမှာ အောင်မြင်ခဲ့ကြပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထက်တန်းကျောင်းများမှ ကျောင်းသား၉၉ဒသမ၉၅ရာခိုင်နှုန်း စာမေးပွဲအောင်မြင်ကြောင်း ဆိုသည်။ အခြားဝန်ကြီး တစ်ဦးဖြစ်သည့် ပညာရေးနှင့် စိုက်ပျိုးရေးဝန်ကြီးမိုဟမ်မက်နူ ကလည်း ယခုနှစ်တွင် စာမေးပွဲအောင်မြင်သော တန်းမြင့်အထက်တန်း ကျောင်းသား ရာခိုင်နှုန်းမှာ ယမန်နှစ်ကရရှိသည့် ၉၉ဒသမ ၅ ရာခိုင်နှုန်းမှ အနည်းငယ်ကျဆင်းသွားကြောင်းဆိုသည်။ သို့သော် ၎င်းက "ဒါက ဒီနှစ်နိုင်ငံလုံးဆိုင်ရာ အထက်တန်းစာမေးပွဲတွေမှာ ဖြစ်ခဲ့တဲ့ပြင်ဆင်ရေးဆိုင်ရာပြဿနာတွေဟာ စာမေးပွဲအောင်မြင်မြင်ကျင်းပရေးကို မထိ ခိုက်ခဲ့တဲ့ သဘောပါပဲ"ဟု ပြောသည်။

ယခုနှစ် အင်ဒိုနီးရှားအထက်တန်း စာမေးပွဲများတွင် အစ္စလာမ်မစ်အထက်တန်းကျောင်း နှင့် တန်းမြင့်အထက်တန်းကျောင်းများမှ ကျောင်းသားပေါင်း ၁,၅၈၁,၂၈၆ ဦးနှင့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား ၁,၁၀၆,၁၄၀ ဦးဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များအရ ဆူလာဝေစီနယ်မှာ အောင်ချက် အနည်းဆုံးဖြစ်၍ ၂ဒသမ၃၂ရာခိုင်နှုန်းရှိကာ ပါပူအာတွင် ၂ဒသမ ၈၅ရာခိုင်နှုန်း အာချေးပြည်နယ်တွင် ၃ဒသမ ၁၁ရာခိုင်နှုန်းတို့သာ ရှိသည်။

*—Ref: The Jalarta Post*



7DAY NEWS JOURNAL

# Entertainment

Vol.12, No.12 ▪ MAY 29 , 2013



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

## “ထင်ပေါ်ကျော်ကြားသူ မဖြစ်ခဲ့တာကမြစ်ဖျားခံလို့လည်း ဒီနေ့လို ပရိသတ်အားပေးမှုကို ရခဲ့တာပါ”

### ခိုင်မြသာနှင့် တွေ့ဆုံခြင်း

**အေးသူစံ**

‘ညို့အိပ်မက်၊ ရှေ့ဆက်သွားမယ်၊ အချစ်နဲ့ထာဝရ၊ အမှောင်မှအလင်းသို့နှင့် Tri စတဲ့တစ်ကိုယ်တော်စီးရီးငါးခွေထွက်ရှိထားတဲ့ တေးရေးတေးဆို ခိုင်မြသာဟာ ဂီတလမ်းကြောင်းမှာ ဆယ်စုနှစ်တစ်ခုကျော်ကြာခဲ့ပေမယ့် သူ့ကိုအဆိုတော်၊ တေးရေးတစ်ယောက်အဖြစ် သိရှိသူနည်းပါးခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်က ပြည်တွင်းရုပ်သံလိုင်းတစ်ခုကနေ ဆန်းသစ်တဲ့အစီအစဉ်တွေနဲ့ တင်ဆက်လာတဲ့ ‘အိပ်မက်ဆုံရာ’ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်လူငယ်အဆိုရှင်တွေကို လေ့ကျင့်သင်ကြားပေးရသူတစ်ယောက်အဖြစ် ပေါ်ထွက်လာချိန်မှာတော့ ခိုင်မြသာကို အဆိုပြိုင်ပွဲနဲ့အတူ ပရိသတ်များ အားပေးခဲ့ကြပါတယ်။ ဒါ့အပြင် သူကိုယ်တိုင်ရေးစပ်ထားတဲ့ ဒီပြိုင်ပွဲရဲ့ခေါင်းစီးတေး ‘အိပ်မက်ဆုံရာ’ သီချင်းကလည်း လူငယ်ထုအကြား ရေပန်းစားလာခဲ့ပါတယ်။ အိပ်မက်ဆုံရာနဲ့လူသိများခဲ့တဲ့ ခိုင်မြသာရဲ့ဂီတနဲ့ဘဝအကြောင်းကို ယခုတွေ့ဆုံမှုမှာ တင်ဆက်ပေးထားပါတယ်။

**အိပ်မက်ဆုံရာ အစီအစဉ်ကို အခုခြောက်ခုမြောက် ပြိုင်ပွဲကနေစပြီး ပုံစံပြောင်းလိုက်တာ ဘာကြောင့်ပါလဲ။**

အိပ်မက်ဆုံရာကို ရိုက်ကူးစီစဉ်တဲ့ ထိုင်းကုမ္ပဏီရဲ့ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေက ပြိုင်ပွဲတစ်ခုနဲ့တစ်ခု မတူအောင် Themes ကို ပြောင်းတယ်။ ကြည့်ရှုတဲ့သူတွေ မရိုးအောင်၊ မငြီးငွေ့အောင် သူတို့က အသစ်အဆန်းတွေ အရမ်းလုပ်တတ်တော့ မူဝါဒက ပုံသေမရှိဘူး။ အခု Season 6 မှာ အစီအစဉ်ပြောင်းလိုက်သလို 7 မှာလည်း ပြောင်းဦးမှာပဲ။

စာ(၄၁)သို့


## ရောဘတ်ပက်တင်ဆန်ကို ပိုကောင်းတဲ့သူနဲ့ တွေ့စေလိုတဲ့ ကေတီပယ်ရီ

**လော့စ်အိန်ဂျလိစ်၊ မေ-၂၅**

ရောဘတ်ပက်တင်ဆန်သည် ခရစ္စတင်းစတီးဝပ်ထက်သာသော သူမျိုးနှင့် ပို၍ထိုက်တန်ကြောင်းနှင့် ရောဘတ်ကို ခရစ္စတင်းနှင့် လမ်းခွဲရန် တွန်းအားပေးခဲ့ကြောင်း ကေတီပယ်ရီကပြောကြားသည်။

“ကေတီက ရောဘတ် ခရစ္စတင်းနဲ့ ပြန်တွဲဖို့ကိစ္စကို ဘယ်တော့မှ မထောက်ခံခဲ့ဘူး။ သူတို့ စုံတွဲရေရှည်ဖြစ်မှာ မဟုတ်ဘူးလို့ ကေတီအမြဲပြောတယ်။ သူတို့ အချစ်ရေးဟာ လိမ်ညာရှုပ်ထွေးမှုကို ကြာကြာတောင့်ခံနိုင်မှာ မဟုတ်ဘူး။ ရောဘတ်ဟာ ခရစ္စတင်းလို သူမျိုး မိသားစုဘဝပြိုကွဲအောင် လုပ်တဲ့မိန်းကလေးထက်ပိုကောင်းတဲ့ မိန်းကလေးမျိုးနဲ့ပဲ ထိုက်တန်တယ်လို့ ရောဘတ်ကို ပြောဖူးတယ်”ဟု ကေတီပယ်ရီနှင့် ရင်းနှီးသူတစ်ဦးက Life & Style မဂ္ဂဇင်းအား ပြောကြားသည်။





ရောဘတ်နှင့် ခရစ္စတင်း တို့ စုံတွဲသည် ခရစ္စတင်းဖောက်ပြန်မှုကြောင့် ပြီးခဲ့သောနှစ်က နှစ်လကြာလမ်းခွဲခဲ့သော်လည်း အချင်းချင်း ပြန်လည်အဆင်ပြေခဲ့ကြသည်။ သို့ရာတွင် ယခုအချိန်တွင် ၎င်းတို့၏ အချစ်ဇာတ်လမ်းသည် ထာဝရပြီးဆုံးသွားတော့မည်ဟု ယူဆနေကြသည်။ မေလ ၁၉ ရက်တွင် ရောဘတ်သည် ခရစ္စတင်းနှင့် နေထိုင်ရာအိမ်မှ ၎င်းပိုင်ပစ္စည်းများကိုရွှေ့ပြောင်းနေသည်ကိုမြင်ခဲ့ရကြောင်းနှင့် မေလ ၂၃ ရက်တွင် ကားတစ်စီးသည် ၎င်းကျန်ရှိသောပစ္စည်းများကို လာသယ်သွားခဲ့သည်။

“ဒီတစ်ခါတော့တကယ်ဇာတ်လမ်းပြတ်တဲ့ပုံပါပဲ။ ရောဘတ်က ခရစ္စတင်းကို လုံးဝမယုံကြည်နိုင်တော့ဘူး” ဟု ကေတီပယ်ရီနှင့် ရင်းနှီးသူတစ်ဦးက ပြောကြားသည်။ -XinMSN

## ဗီယင်နာဂီတနှင့် နိုင်ငံရေးပွဲတော် ဖိတ်ကြားခံရတဲ့ သားစိုး

**ဖွဲ့ညက်**

**ရန်ကုန်၊ မေ-၂၅**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန်လ ပထမပတ်အတွင်း ပြုလုပ်မည့် Music and Politic ပွဲတွင် ဖျော်ဖြေရန် ဖိတ်ကြားထားသောကြောင့် သွားရောက်မည်ဟု သားစိုးကပြောသည်။

မေလ ၂၄ ရက်တွင် အမေရိကန်နိုင်ငံသို့အလည်အပတ်ခရီးသွားရောက်ပြီး ဇွန်လ ၆ ရက်၊ ၇ ရက်တွင် ကျင်းပမည့် အထက်ပါပွဲသို့ ဇွန်လ ၁ ရက်တွင် အမေရိကန်နိုင်ငံမှတစ်ဆင့် ဗီယင်နာမြို့သို့ သွားရောက်မည်ဟု ၎င်းကဆိုသည်။

ယင်းဖျော်ဖြေပွဲတွင် ဥရောပမှ နာမည်ကြီးအကအဖွဲ့တစ်ဖွဲ့နှင့်အတူ သီဆိုဖျော်ဖြေမည်ဖြစ်ပြီး Into the City Festivalက ဖိတ်ကြားခြင်းဖြစ်သည်ဟု သားစိုးကပြောသည်။

Into the City Festivalကို မေလ ၁၁ ရက်မှ ဇွန်လ ၁၅ ရက်အထိ ဗီယင်နာမြို့၌ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013



# စီနီယာတွေနဲ့ ယှဉ်ပြိုင်ရတာ ပျော်ရွှင်နေတဲ့ 2PM အဖွဲ့သားများ

**ဆိုးလ်၊ မေ-၂၅**

2PM အဖွဲ့သားများသည် ၎င်းတို့၏ သီချင်းအယ်လ်ဘမ်သစ်ကိုစီနီယာကြီးများ၏ သီချင်းအယ်လ်ဘမ်များနှင့် ယှဉ်ပြိုင်ရောင်းချရခြင်းအပေါ် မည်သို့ခံစားရသည်ကို ဇွန်လထုတ်ဖက်ရှင် မဂ္ဂဇင်းဓာတ်ပုံရိုက်ချိန်၌ ပွင့်ပွင့်လင်းလင်း ဝန်ခံပြောကြားခဲ့သည်။

2PM အဖွဲ့သား နစ်ခွန်းက ကျွန်တော် အခု ပရိုမိုးရှင်းပွဲအတွက် စိတ်ပူနေမိတယ်။ ဒါပေမဲ့ အရမ်းလည်း မျှော်လင့်တယ်။ ကျွန်တော်တို့ ဘယ်အဆင့် ရမယ်ဆိုတာနဲ့ ပတ်သက်ပြီး သိပ်ဂရုမစိုက်မိဖို့ ဆုံးဖြတ်ထားပါတယ်။ လုံးဝဂရုစိုက်တာမျိုးတော့ မဟုတ်ပါဘူး။ ပရိုမိုးရှင်းလုပ်ရတဲ့အချိန်ဟာ ခက်ခဲတဲ့ အချိန်တစ်ချိန်ပါ။ ဒါပေမဲ့လည်း စီနီယာတွေ အများကြီးနဲ့ ယှဉ်ပြိုင်ရတာကိုတော့ ပျော်နေမိတယ်။ လေ့လာသင်ယူခွင့် အများကြီးရတယ်လေ။ ကျွန်တော်တို့ရဲ့ စံပြစီနီယာအဖွဲ့ဖြစ်တဲ့ ရှင်ဟွာအဖွဲ့နဲ့ ကျွန်တော် အရမ်းရင်းနှီးချင်ပါတယ်"ဟုပြောကြားသည်။

2PM အဖွဲ့ခေါင်းဆောင် တေဆေးယွန်ကလည်း "အခုအချိန်က ကျွန်တော်တို့ ပထမဦးဆုံးပွဲဦးထွက် ပရိုမိုးရှင်းပွဲနဲ့ သွားတူနေတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့တွေ ရိန်း၊ လီဟိုရီ၊ Wonder Girls၊ TVXQ နဲ့ အခြားစီနီယာကြီးတွေနဲ့ ယှဉ်ပြိုင်ပြီး ပရိုမိုးရှင်းလုပ်ခဲ့ရတယ်။ အဲဒီလိုအတွေ့အကြုံမျိုး ရှိသွားပြီဆိုတော့ အခုသိပ်မစိုးရိမ်တော့ဘူး။ စီနီယာတွေနဲ့ ပရိုမိုးရှင်း ပြိုင်လုပ်ခွင့်ရတာကိုပဲ ဝမ်းသာလှပြီ" ဟုပြောကြားခဲ့သည်။

2PM အဖွဲ့သားများသည် ၎င်းတို့၏ သီချင်း အယ်လ်ဘမ်ရိုက်ကူးစဉ်ကလည်း တွေ့ကြုံခဲ့ရသည့် ရိုက်ကူးရေးအတွေ့အကြုံများကို ပြန်လည်ဝေမျှခဲ့သည်။ ယခုလက်ရှိတွင် 2PM အဖွဲ့သည် တတိယမြောက်စတီရီယိုအယ်လ်ဘမ် Grown ကိုမိတ်ဆက်၍ ဈေးကွက်မြှင့်တင်နေသည်။

-Enews World

## Miss Supranational ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ပထမအကြိမ် ယှဉ်ပြိုင်ခွင့်ရ

ကြူကြူဟန်

**ရန်ကုန်**-မြန်မာနိုင်ငံမှ ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် နိုင်ငံတကာ မယ်ပြိုင်ပွဲအဆင့်(၃)ရှိ "Miss Supranational 2013"ကို ဇူလိုင် လ ပထမပတ်တွင် ကျင်းပမည်ဖြစ်၍ ပြိုင်ပွဲဝင်လျှောက်လွှာများစတင်ခေါ်ယူနေကြောင်း စီစဉ်သူ ကိုဝေရန်အောင်က ပြောသည်။

Miss Supranational 2013 နိုင်ငံတကာ အလှမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် Miss Myanmar ရွေးချယ်ရေးအတွက် World Beauty Association (WBA),S.A မှ တရားဝင်ခွင့်ပြုမိန့်ရရှိထားပြီး မြန်မာနိုင်ငံမှ ပထမဆုံးပါဝင်ယှဉ်ပြိုင်မည့်ပွဲဖြစ်သည်။ ပြိုင်ပွဲဝင်များသည် အသက်(၁၈)နှစ်မှ (၂၆)နှစ်အတွင်းအရပ် ၅ပေ၅လက်မနှင့်အထက်၊ အင်္ဂလိပ်စာအခြေခံတတ်မြောက်ရမည်ဖြစ်ပြီး ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူ၊ ရုပ်ရည်ချောမောသူ၊ ဉာဏ်ရည်ဉာဏ်သွေး ထိုသုံးချက်ကို အဓိကထား ရွေးချယ်သွားမည်ဖြစ်သည်။

လျှောက်လွှာများကို Miss Supranational Myanmar ရုံးခန်းနှင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် အခမဲ့ရယူနိုင်ပြီး ဇွန် ၂၅ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

Miss Supranational Myanmar 2013 ရရှိသူသည် ဘီလာရုစ်နိုင်ငံ၌ စက်တင်ဘာ ၆ရက်တွင် ကျင်းပမည့် Miss Suprana-tional 2013 ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကမ္ဘာ့ဩဇာအရှိဆုံးအလှအပအဖွဲ့အစည်း၏ အဆင့်သတ်မှတ်ချက်အရနိုင်ငံတကာမယ်ပြိုင်ပွဲများတွင် အဆိုပါပြိုင်ပွဲသည် အဆင့်သုံးနေရာ၌ ရပ်တည်နေပြီး ပထမနေရာတွင် Miss Universe၊ ဒုတိယနေရာတွင် Miss World ပြိုင်ပွဲတို့ဖြစ်ကြောင်းနှင့် စတုတ္ထနေရာတွင် Miss Supranational ပြိုင်ပွဲက ရပ်တည်နေသည်။






စာ(၃၉)မှ

## ခိုင်မြဲသာနှင့် တွေ့ဆုံခြင်း

**ထပ်တိုးမယ့် အစီအစဉ်ထဲ မှာ ဂီတအမျိုးအစားအသစ်တွေ ကိုရော ထည့်ထားပါသလား။**

ထပ်တိုးမယ့်ဂီတကတော့ Accoustic တို့၊ Dance ဂီတတို့၊ Original Song ဆိုတဲ့ ကိုယ်ပိုင်သံစဉ် သီချင်းအသစ်ကို ဖျော်ဖြေရမယ့် အစီအစဉ်တွေကို ထပ်တိုးထားပါတယ်။

**အိပ်မက်ဆုံရာက ပြည်ပက သီချင်းဆိုပြိုင်ပွဲတွေကို မှီးငြမ်းတယ်လို့ ဝေဖန်ကြပါတယ်။ အစ်ကို့အနေနဲ့အိပ်မက်ဆုံရာရဲ့ပြည်ပပွဲတွေနဲ့မတူတဲ့ ထူးခြားချက်ကို ပြောပါဆိုရင်. . . .**

သူများအစီအစဉ်ကို တုတယ်ဆိုတာဝေဖန်စရာထက် တုနိုင်တာကိုပဲ ချီးကျူးဖို့ ကောင်းပါတယ်။ ကျွန်တော်တို့မှာ ဘယ်အစီအစဉ်ပဲဖြစ်ဖြစ် ခေတ်နောက်ကျကျန်နေခဲ့ပါတယ်။ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဂီတပဲဖြစ်ဖြစ်၊ မီအောင်လုပ်ဖို့ မီခဲ့ပြီဆိုရင်တောင် တော်တော်လေး လက်မထောင်ရမှာပါ။ တုပတယ်ဆိုတာကလည်း တကယ်တော့ အညွှန်းပြန်ယူတဲ့သဘောပါ။ အမေရိကန်ဆို Idol ၊ The Voice ၊ တရုတ်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ အင်္ဂလန်စတဲ့နိုင်ငံတွေထဲမှာ အစီအစဉ်တွေ အများကြီးထဲက ကိုယ့်နိုင်ငံနဲ့ လိုက်ဖက်တဲ့ ပုံစံလေးတွေကို သင့်တင့်လျောက်ပတ်စွာ ရွေးချယ်ထားတယ်လို့မြင်ပါတယ်။ အိပ်မက်ဆုံရာရဲ့ထူးခြားချက်က ရိုးရာဂီတ အစီအစဉ်ပါဝင်မှုပါ။ ဆင်ဆာမူဝါဒ ဘယ်လောက်လွတ်လပ်ပါစေ၊ ပြည်ပအဆိုပြိုင်ပွဲတွေလောက် ပွင့်လင်းလွတ်လပ်တဲ့ အမြင်မတော်တဲ့ပါဖောမန့်တွေကိုတော့ ယဉ်ကျေးမှုအရ ရှောင်ရှားနေပါသေးတယ်။

**အိပ်မက်ဆုံရာမှာ အသံပိုင်းဆိုင်ရာ လေ့ကျင့်ပေးရတဲ့ အတွေ့အကြုံက ဘယ်လိုနေလဲ။**

အသံလေ့ကျင့်ပေးမှုက တစ်ချိန်တည်းနဲ့အလုပ်ကသုံးခုလောက်ဖြစ်သွားတယ်။ ကလေးတွေအတွက် လိုအပ်တဲ့ဂီတပေါ်မှာ အခြေခံတဲ့သင်ပြမှု၊ သူတို့တွေရဲ့ အဆိုပိုင်းနဲ့ ထရိန်နာတစ်ယောက်အနေနဲ့ သရုပ်ဆောင်သလို ဖြစ်သွားတဲ့အတွက် အလွန်ခက်ခဲတဲ့အပိုင်းကို လုပ်ရတာပေ့ါ။ မထင်မှတ်တဲ့ ပြဿနာတွေကို ကြုံရတဲ့အခါမှာလည်း ကိုယ့်ရဲ့ တေးရေးတေးဆိုဆိုတဲ့အတွေ့အကြုံရယ်၊ အသံပိုင်းဆိုင်ရာ အင်ဂျင်နီယာရင်းလုပ်တဲ့ အတွေ့အကြုံရယ်၊ ဒါတွေပေါင်းစပ်ပြီးဖြေရှင်း ပေးရတဲ့ အတွေ့အကြုံတွေ အများကြီးပါပဲ။

**အစ်ကို့ကို အိပ်မက်ဆုံရာမှာ ဒိုင်အဖြစ်နဲ့ မြင်ချင်ကြတဲ့ ပရိသတ်တွေလည်းရှိနေပါတယ်။ ဒိုင်လုပ်ဖို့ရော အစီအစဉ်ရှိပါသလား။**

ဒိုင်ကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် မလုပ်ချင်ဘူး။ မလုပ်ရဲဘူး။ Head to Head ပြိုင်ပွဲဆိုရင် ကလေးတွေလည်း မျက်ရည်နဲ့ မျက်ခွက်။ ကိုယ်လည်း သူတို့ကိုကြည့်ပြီး မျက်ရည်စို့မိတယ်။ ကျွန်တော်တို့ကတော့ အနုပညာသမားဆိုတော့ ခံစားလွယ်တယ်။ ကလေးတွေကို ချစ်တတ်တယ်။ ကျွန်တော်ဆို ပရဟိတစာသင်တာ နှစ်နှစ်ဆယ်ရှိနေပြီ။ ကိုးတန်းဆယ်တန်းကလေးတွေကို ကိုယ့်တပည့်၊ ကိုယ့်သားသမီး တွေလိုချစ်တယ်။ သူတို့ခံစားချက်တွေကို ကိုယ်ပါလိုက်ခံစားတတ်တာ အကျင့်ဖြစ်နေပြီ။ သူတို့ရဲ့ ဒုက္ခတွေကို ကိုယ်ပါလိုက် ခံစားတတ်တာ အကျင့် ဖြစ်နေပါပြီ။ ဒီတော့ အိပ်မက် ဆုံရာက ကလေးတွေ စင်ပေါ်မှာကြောက်ရင်ကိုယ်လည်း ကြောက်တယ်။ အဲဒီလောက်ထိ ခံစားလွယ်တဲ့ သူကတော့ ဒိုင်လုပ်ဖြစ်မှာ မဟုတ်ပါဘူး။ လုပ်ဖို့လည်း ဝန်လေးပါတယ်။

**အစ်ကိုခုနက ပြောတဲ့အထဲမှာ စာသင်တဲ့ ကိစ္စလေးပါ ပါတယ်။ ဘယ်ကျောင်းမှာ ဘယ်အတန်းတွေကို သင်ကြားပေးတာပါလဲ။**

ဗဟန်းကြားတောရထဲက ဘီတီဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ် ၁၉၉၃ မှာ ရူပဗေဒဘာသာကို ကိုးတန်းက စသင်တယ်။ နောက်တော့ ဆယ်တန်းကိုပါ တွဲသင်ပေးပါတယ်။ အခုဒီနှစ်ဆိုနှစ်နှစ်ဆယ်ပြည့်ပါပြီ။ ပညာဒါနအလုပ်ကိုတော့ ပုံမှန်အလုပ်တွေထက်ထူးခြားတဲ့အလုပ်တစ်ခုအနေနဲ့ လုပ်ခဲ့ပါတယ်။

**အစ်ကို့ကို အဆိုတော်တစ်ယောက်ထက် အိပ်မက်ဆုံရာနဲ့ တွဲသိနေတဲ့ ပရိသတ်တွေ များပါတယ်။ အရင် အဆိုတော် တစ်ယောက်ရဲ့ဖြတသန်းမှုက ဒီနေ့ အောင်မြင်မှုကို ရဖို့အတွက် အခြေခံခဲ့တယ်လို့ ပြောနိုင်ပါသလား။**

ကျွန်တော် အခွေထုတ်ခဲ့ပေမယ့် အရမ်းကြီးထင်ပေါ်ကျော်ကြားသူ မဖြစ်ခဲ့ဘူး။ အဲဒီလို ထင်ပေါ်ကျော်ကြားသူ မဖြစ်ခဲ့တာက မြစ်ဖျားခံလို့လည်း ဒီနေ့လို ပရိသတ်အားပေးမှုကို ရခဲ့တာပါ။ ကျွန်တော်လွယ်လွယ်ကူကူနဲ့ထင်ပေါ်ကျော်ကြားသူဖြစ်ခဲ့ရင်တော့ ဒီပညာတွေကိုလေ့လာသင်ယူခွင့် ဆုံးရှုံးသွားမယ်လို့ ထင်ပါတယ်။ တစ်ဖက်မှာမအောင်မြင်လေကြိုးစားလေနဲ့ စင်နောက်ကွယ်မှာ ၁၅ နှစ်လောက် မြှုပ်နှံပြီး အသံဖမ်းအင်ဂျင်နီယာပညာကို လေ့လာတယ်။ နောက်ကွယ်မှာ နေခဲ့တဲ့ဘဝကိုတော်တော် နစ်မြှုပ်ပြီးပျော်နေတော့ လူသိနည်းတာပေ့ါ။ အခု ဒီအိပ်မက်ဆုံရာမှာလည်း ကျွန်တော်က စင်နောက်ကွယ်က လူတစ်ယောက်အနေနဲ့ပဲ တာဝန်ယူရတာပဲ။ ဒါပေမဲ့စီစဉ်သူတွေက ကျွန်တော်ရဲ့ စင်နောက်ကွယ်က လှုပ်ရှားမှုကိုစင်ပေါ်တင်ပေးလိုက်တော့ ပရိသတ်က ကိုယ့်ကို သိသွားတယ်။ ချစ်သွားတယ်။ အကြောင်း တော်တော်တိုက်ဆိုင်သွားတာပါ။

**အိပ်မက်ဆုံရာက ဆုရသွားတဲ့ သူတွေရဲ့ ရှေ့ဆက်မယ့် ဂီတခရီးက တကယ့်ဂီတရေစီးကြောင်းပေါ် ရောက်ဖို့ ဘယ်လိုကြိုးစားမှုတွေ လိုလိမ့်မယ်လို့ အကြံပြုချင်ပါသလဲ။**

တော်တော်လေးကြိုးစားရဦးမှာပါ။ အခု အိပ်မက်ဆုံရာရဲ့ သဘောသဘာဝက နေ့တိုင်း ပရိသတ်နဲ့ ထိတွေ့အောင် လုပ်ပေးတယ်။ ဒါပေမဲ့ ပွဲပြီးသွားရင် ထုတ်လွှင့်မှုက မရှိတော့ဘဲ နောက် ထပ်ပြိုင်ပွဲတွေဆက်တိုက် လာတာဆိုတော့ တီဗီပေါ်က ပျောက်သွားတဲ့နောက် သူတို့တော်တော်လေး ကြိုးစားရပါတယ်။ ကျွန် တော်ကိုယ်တိုင်တောင် ဆယ့်ငါးနှစ်လောက် လုပ်ခဲ့ပေမယ့် ထင်ပေါ်ကျော် ကြားသူမဖြစ်ခဲ့ပါဘူး။ နဂိုအရည်အချင်းနဲ့ ပေါင်းပြီး ပံ့ပိုးပေးမယ့်သူရှိမှ အောင်မြင်မှာပါ။

**အစ်ကို့ရဲ့ ပါစင်နယ်လိုက်ဖ်မှာ လူချစ်လူခင်များတာ တွေ့ရတယ်။ အစ်ကို့ရဲ့ ပေါင်းသင်းဆက်ဆံရေးမှာ အားသာချက်က ဘာများလဲ။**

အဓိကက စေတနာပါ။ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးဆိုတာ လူအများနဲ့ လိုက်လျော ညီထွေပေါင်းဖြစ်ဖို့က ကိုယ့်အတ္တကိုလျှော့ပြီး အများဆန္ဒနဲ့ ဝင်ဆံ့အောင်သွားရတာပေ့ါ။ ကျွန်တော်အရင်က အများနဲ့ သိပ်မနေတတ်ခဲ့ဘူး။ ဒါပေမဲ့ တက္ကသိုလ်ရောက်တော့ နယ်က ကျောင်းသားတော်တော်များများနဲ့ တွေ့တယ်။ ကိုယ်က ရန်ကုန်အိမ်ခံလိုဖြစ်နေတော့ ကိုယ် မကူညီရင် မဖြစ်ဘူး။ ကိုယ့်ကားနဲ့ ကိုယ်ကျောင်းတတ်တော့ လိုက်ပို့တာ၊ ကြိုတာ၊ အဆောင်နေကျောင်းသားတွေကို အားလုံးကူညီတယ်။ လူကောင် ကလည်းကြီးတော့ တန်းပြီး အတန်းခေါင်းဆောင်ဖြစ်တယ်။ အနုပညာကလည်းတစ်ဖက်မှာ လုပ်နေတော့ ဆရာဆရာမတွေကလည်းကျောင်းပွဲတွေမှာအကူအညီတောင်းတယ်။ ဒီလိုနဲ့ပဲ အားလုံးက ကျွန်တော့်ကို တစ်ခုခုဆို သတိရကြတာပါ။

**ဂီတလမ်းကြောင်းပေါ် လျှောက်ကြမယ့် လူငယ်တွေအတွက်အစ်ကို အဓိကပေးချင်တဲ့ သတင်းစကားက. . . .**

ဘယ်အလုပ်ပဲလုပ်လုပ် စေတနာလေးထားပြီး လုပ်တာအကောင်းဆုံးပဲ။ ဝေဖန်တာကိုလည်း သည်းခံတတ်ရမယ်။ ခွင့်လွှတ်မေတ္တာထားတဲ့ စိတ်ကို ရှေ့က ထားရမယ်။ ဒါတွေကို အရင်းခံပြီးကြိုးစားရင် ဘယ်အလုပ်မဆို တစ်နေ့ကျရင် အောင်မြင်မယ်လို့ ပြောချင်ပါတယ်။

**ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။**

## ဂျပန်ဘေ့စ်ဂီတပညာရှင်တစ်ဦးနှင့်မြန်မာ့ဂီတသမားများဖလှယ်ပွဲပြုလုပ်မည်

**ဖွဲ့ဉာဏ်**

**ရန်ကုန်၊**

**မေ-၂၅**

ဂျပန်နိုင်ငံမှ ဘေ့စ်ဂီတပညာရှင်တစ်ဦးသည်မြန်မာနိုင်ငံသို့မေလ ၂၉ ရက်တွင် လာရောက်၍ ဂီတပညာဖျော်ဖြေဖလှယ်ပွဲတစ်ခုကို ပြုလုပ်ရန် စီစဉ်ထားကြောင်း ယင်းပွဲကိုစီစဉ်သည့်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းဂီတပညာရှင်အမည်မှာ Quogero Inazawa (ခဝဲရို အီမာဇဝါ)(ခ) Bass Ninja ဖြစ်ပြီး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုမှ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

မေလ ၂၉ ရက် ညနေပိုင်းတွင်မြန်မာနိုင်ငံသို့ရောက်ရှိမည်ဖြစ်ပြီးမြန်မာနိုင်ငံမှဂီတပညာရှင် အဆိုပညာရှင်များနှင့် မေလ ၃၀ ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

မေလ ၃၁ရက် ညပိုင်းတွင် Tneel Tower ၌ မြန်မာနိုင်ငံမှ ဂီတပညာရှင်များနှင့်အတူ ပညာဖျော်ဖြေဖလှယ်ပွဲတစ်ခု ပြုလုပ်မည်ဖြစ်ပြီးမြန်မာနိုင်ငံမှ အင်္ဂလိပ်သီချင်း သီဆိုနိုင်သည့် အဆိုတော်များကို အကူအညီတောင်းထားသည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

တေးသံရှင် M ဆိုင်းလာကလည်း ၎င်း၏သီချင်းခွေကို ယင်းပညာရှင်သို့ ပို့ထားသောကြောင့် ၃၁ ရက် ညပွဲတွင် အဆိုပါသီချင်းခွေတွင်ပါဝင်သော Band မှပညာရှင်များက ဖျော်ဖြေမည်ဖြစ်ပြီး ဂီတဘက်မှ ဂျေမီ၊ ဂျက်ဆန်ထွန်း တို့လည်း ပါဝင်မည်ဟု ဆိုသည်။

ဇွန် ၁ ရက်တွင်လည်း အခြားသောဂီတပညာရှင်များနှင့်တွေ့ဆုံရန် စီစဉ်ထားပြီး ဇွန်လ ၂ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်မည်ဟု ပွဲစီစဉ်သည့် တာဝန်ရှိသူကပြောသည်။

အဆိုတော်သရုပ်ဆောင် အလိုရှိသည်။

[illegible]

လျှောက်ထားရမည့်လိပ်စာ- အမှတ် 300, Room 4C, [illegible]

Capital Development Limited is the real estate and development arm of the Capital Diamond Star Group involved in numerous high profile development projects across Myanmar.

We are seeking energetic professionals in the sales & marketing department who will work in dynamic work environments in the company's real estate development projects. Vacancies available are:

1)SALES EXECUTIVES (REAL ESTATE)

2)MARKETING EXECUTIVE

3)SALES / OFFICE ADMINISTRATOR

4)RECEPTIONIST

**General Requirements**

1. Good interpersonal skills, customer service and writing skills.
2. Self-motivated and adaptable to be able to work with minimal supervision
3. Ability to work under pressure and meet deadlines
4. Interest in and awareness of markets and financial implications
5. Good written and verbal communication skills (Myanmar and English)

All interested and qualified candidates can send an email to gems.cdl@cdsg.com.mm with their resume, recent photograph and salary expectation.

The dead line for submitting applications is on 10 June 2013.

ဒေါက်တာအောင်ဖေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု

[illegible] Ph.D, M.A.R.P., C.T.M.P(Kol kata India) [illegible] Turell [illegible]

(အောင်ဖေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)

အမိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ခြံ၊ ဒူးဆစ်နာရောဂါ၊ အထူးကု

[illegible]

No. 68 ၊ ၁၂ လမ်း (အလယ်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့

[illegible]

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# အာရှဖလားအမျိုးသမီးနောက်ဆုံးအဆင့်သို့ အာဆီယံသုံးသင်း တက်ရောက်



တရုတ်(တိုင်ပေ)နှင့်ပွဲအပြီး ခြေစစ်ပွဲအောင်၍ အောင်ပွဲခံနေသော မြန်မာအမျိုးသမီးအသင်း(ပုံ-ကြီး)၊ ဂိုးမရှိသရေကျခဲ့သော ခြေစစ်ပွဲတွင် မြန်မာနှင့်တရုတ်(တိုင်ပေ)ယှဉ်ပြိုင်နေစဉ်(ပုံ-သေး) ဓာတ်ပုံ - MFF

ဗိုလ်ဗိုလ်ဝင်း

**တောင်ကြီး၊ မေ-၂၇**

၂၀၁၄ အာရှဖလားအမျိုးသမီးဘောလုံးခြေစစ်ပွဲအုပ်စုပွဲစဉ်များအပြီးတွင် အာဆီယံဒေသမှ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်အသင်းတို့သည် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ခြေစစ်ပွဲအဆင့်တွင် အသင်းလေးသင်းစီပါဝင်သည့် အုပ်စုလေးခုခွဲခြားထားပြီး အုပ်စု(ခ၊ဂ၊ဃ)ပွဲစဉ်များကို မေလ တတိယပတ်အတွင်းက သက်ဆိုင်ရာနိုင်ငံများတွင် လက်ခံကျင်းပခဲ့ကြသည်။ အုပ်စုတစ်ခုစီမှ ပထမရရှိသည့်တစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး လက်ရှိအာဆီယံဒေသတွင်း အမျိုးသမီးဘောလုံးအားကစားထိပ်တန်းအဆင့်ရှိ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်အသင်းများ ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရရှိထားပြီးဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စု(ဃ)တွင် တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ အိမ်ရှင်ပါလက်စတိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်ခုနစ်မှတ်ဖြင့် တရုတ်(တိုင်ပေ)အသင်းနှင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်အသာရရှိမှုကြောင့် အုပ်စုပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အိန္ဒိယကို (၂-၀)ဂိုး၊ ပါလက်စတိုင်းကို (၉-၀)ဂိုးဖြင့် အနိုင်ယူကာ တရုတ်(တိုင်ပေ)နှင့် ပွဲစဉ်တွင်မူ ဂိုးမရှိသရေရလဒ်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်သုံးပွဲတွင် ရဂိုး ၁၁ ဂိုးနှင့် ပေးဂိုးမရှိဘဲ တရုတ်(တိုင်ပေ)ထက် ဂိုးကွာခြားချက် လေးဂိုးအသာရကာ အုပ်စုပထမနေရာကို ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်များတွင်မူ ထိုင်းက အိမ်ရှင်ဘင်္ဂလားဒေ့ရှ်ကို (၉-၀)ဂိုး၊ ဖိလစ်ပိုင်ကို (၁-၀)ဂိုး၊ အီရန်ကို (၅-၁)ဂိုး ရလဒ်များဖြင့် သုံးပွဲအနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)ပွဲစဉ်များတွင် ဗီယက်နမ် အိမ်ရှင်ဘာရိန်းကို (၈-၀)ဂိုး၊ ကာဂျက်စတန်ကို (၁၂-၀)ဂိုး၊ ဟောင်ကောင်အသင်းကို (၄-၀)ဂိုး ရလဒ်များဖြင့် အနိုင်ယူကာ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါအုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအမျိုးသမီးဘောလုံးအသင်းမှ ကစားသမား(Nisa Romyen)က သွင်းဂိုးရှစ်ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူထားပြီး မြန်မာအသင်းမှ တိုက်စစ်မှူးရီရီဦးက သွင်းဂိုးခြောက်ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

နောက်ဆုံးကျန်ရှိသည့် အုပ်စု(က)ပွဲစဉ်များကိုမူ ဇွန်လ ၅ ရက်မှ ၉ ရက်အထိ ဂျော်ဒန်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ အုပ်စုတွင် ဂျော်ဒန်၊ ဥဇဘက်ကစ္စတန်၊ လက်ဘနွန်၊ ကူဝိတ်အသင်းများ ပါဝင်နေသည်။

မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းများနှင့် အုပ်စု(က)မှ ခြေစစ်ပွဲအောင်တစ်သင်းအပါအဝင် စုစုပေါင်းလေးသင်းသည် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဩစတြေးလျအသင်းများနှင့်အတူ အာရှဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲများကို ၂၀၁၄ မေလတွင် ဂျပန်နိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၂၀၁၄ အာရှဖလားပြိုင်ပွဲအဆင့်(၁)မှ(၅)အထိ အသင်းငါးသင်းသည် ၂၀၁၅ ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

# ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းအတွက် ပတ်ဆောင်ဟွာ စိုးရိမ်နေသည့် နှစ်ချက်

ဗိုလ်ဗိုလ်ဝင်း

**တောင်ကြီး-မေ-၂၆**

လာမည့် ၂၀၁၃ခုနှစ် ဆီးဂိမ်းပြိုင်ပွဲဝင်မြန်မာယူ-၂၃ ဘောလုံးအသင်းအတွက် အဓိကစိုးရိမ်ရမည့် အချက်နှစ်ချက်မှာ ကစားသမားများ၏ကြံခိုင်မှုပိုင်းနှင့် ဒဏ်ရာရရှိမှုအခြေအနေများဖြစ်ကြောင်း နည်းပြချုပ်ပတ်ဆောင်ဟွာကပြောသည်။

"လာမယ့်ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းအတွက်ပူပန်နေရတဲ့ အဓိက နှစ်ချက်ကတော့ ကစားသမားတွေရဲ့ကြံ့ခိုင်မှုအပိုင်းနဲ့ ဒဏ်ရာရကစားသမားတွေ ထပ်ဖြစ်ပေါ်လာမှာကိုပါပဲ"ဟုမေ ၂၆ ရက်က မြန်မာလိဂ်ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ပတ်ဆောင်ဟွာက ပြောသည်။

လက်ရှိရွေးချယ်ထားသည့် ပဏာမမြန်မာယူ -၂၃အသင်းတွင် အဓိကကစားသမားများဖြစ်သည့် ကျော်ကိုကို၊ဒေးဗစ်ထန်း၊ ပြည့်ဖြိုးအောင်စသည့် ကစားသမားအချို့မှာ ဒဏ်ရာရရှိနေမှုကြောင့် ပါဝင်လာနိုင်ခြင်းမရှိဘဲ ကစားသမားကောင်းရှားပါးနေသည့် မြန်မာအသင်းအတွက် နောက်ထပ်ဒဏ်ရာရကစားသမားများထပ်တိုးလာမည်ကို နည်းပြချုပ်ပတ်ဆောင်ဟွာကစိုးရိမ်နေသည်။

"မြန်မာကစားသမားအများစုဟာ ကြံ့ခိုင်မှုအပိုင်းမှာ အားနည်းမှုတွေရှိပါတယ်။ နောက်ထပ် ဒဏ်ရာရကစားသမားတွေ ထပ်ပေါ်ထွက်လာမှာကိုလည်း ကျွန်တော်စိုးရိမ်ပူပန်နေပါတယ်။ ဥပမာ ကြည်လင်းဒဏ်ရာရသွားမှာကိုဆိုရင် အရမ်းပူပန်နေတဲ့အနေအထားပါ။ မြန်မာကစားသမားတွေအနေနဲ့ ခုနေမတော်တဆဖြစ်ခဲ့ရင်တောင် အချိန်နည်းနည်းရသေးပေမယ့် ဆီးဂိမ်းနီးမှဖြစ်ခဲ့ရင်တော့ အခက်အခဲဖြစ်လာနိုင်ပါတယ်" ဟု မြန်မာအသင်းနည်းပြချုပ်ကဆိုသည်။

ပြည်တွင်းလိဂ်ပြိုင်ပွဲခေတ္တရပ်နားချိန်တွင် ယူ-၂၃ အသင်းအား စုစည်းလေ့ကျင့်ခွင့်ရရှိခဲ့သည့် ပတ်ဆောင်ဟွာအနေဖြင့် လက်ရှိအသင်း၏ အဓိကအားနည်းချက်မှာ နောက်တန်းနေရာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ မြန်မာယူ-၂၃သည်မြန်မာလိဂ်ညွှန့်ပေါင်းအသင်းနှင့်ခြေစမ်းပွဲတွင်(၁-၂)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

"ယူ-၂၃အသင်းရဲ့ အဓိကအားနည်းချက်ကိုပြောပါဆိုရင်တော့ နောက်တန်းပါ။ ကြံ့ခိုင်မှုအားနည်းတော့ ကစားအားကျပြီး မလိုက်နိုင်ဘူး။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ အရင်ပွဲတွေမှာလည်း ဒုတိယပိုင်းမိနစ်နှစ်ဆယ်ကျော်လာရင် အသင်းက ကစားအားကျလာတယ်။ အဲဒါကြောင့် ပြိုင်ဘက်အသင်းတွေက နောက်ထဲကို လှမ်းထည့်ပြီးထိုးဖောက်ကြတဲ့အခါ ဖရိုဖရဲတွေဖြစ်ကုန်တာ။ အဲဒီကနေပဲဂိုးတွေပေးလိုက်ရတာတွေ့မှာပါ။ အချိန်တိုအတွင်းပြင်ဖို့မဖြစ်နိုင်သေးပေမယ့် ပြောင်းလဲဖို့ကစားသမားတွေလည်းမရှိတာဖြစ်တဲ့အတွက် လေ့ကျင့်ရင်းနဲ့ပဲ ရှေ့လာမယ်ပွဲတွေမှာ တဖြည်းဖြည်းရအောင်တော့ ပြုပြင်သွားမှာပါ" ဟု ပတ်ဆောင်ဟွာကပြောသည်။

ထို့အပြင် ဒဏ်ရာအရှင်းမပျောက်သေးသည့် ကစားသမားများအနေဖြင့် ပြိုင်ပွဲထဲသို့ ပြန်လည် ဝင်ရောက်မကစားသင့်ကြောင်း၊ ကစားသမားတစ်ဦးသည် မိနစ်ကိုးဆယ်အချိန်ပြည့် ကစားနိုင်သည့် အနေအထားရောက်မှသာ ကွင်းထဲကို ဝင်ရောက်ကစားသင့်ကြောင်း၊ မကြာခဏဒဏ်ရာရရှိသည့် ဘောလုံးသမားတစ်ဦးအနေဖြင့် လည်း ဘောလုံးနှင့် ဝေးရာကိုရောက်ရှိသွားတတ်ပြီး ပြန်လာရန် ခက်ခဲသွားကြောင်းမြန်မာအသင်းနည်းပြချုပ်ကပြောကြားခဲ့သည်။





TOYOTA
Together, Tomorrow, Toyota
- ကမ္ဘာနှင့်အဝှမ်းဖြည့်ဆည်းပေးနေတဲ့ ကျွန်ုပ်တို့ရဲ့သုံးစွဲသူပံ့ပိုးမှုနှင့် ယာဉ်ကြံ့ခိုင်ရေး ထိန်းသိမ်းမှုစတဲ့ အရည်အသွေးအကောင်းဆုံး ဝန်ဆောင်မှုများက သင့်ကိုကြိုဆိုနေပါတယ်။
- သင့်ရဲ့ကားသက်တမ်း ကိုကျွန်ုပ်တို့ရဲ့ အဆင့်မြင့်ဆုံးသော မော်တော်ယာဉ်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုများဖြင့်ပံ့ပိုးပေးပါရစေ။
- တောက်ပတဲ့အနာဂါတ်ကို တိုယိုတာနှင့် မြန်မာတို့ တူယှဉ်တွဲကာ လျှောက်လှမ်းလို့နေပါပြီ။
တစ်သက်တာထင်ကျန်ရစ်စေမဲ့ကျွန်ုပ်တို့ရဲ့ပံ့ပိုးမှုများ
■ ကျွန်ုပ်တို့ရဲ့ကျွမ်းကျင်တဲ့ ဝန်ဆောင်မှုအပေါ်ယုံကြည်အားကိုးမှု။
■ တိုယိုတာအသိအမှတ်ပြု ပညာရှင်များ၏ စစ်ဆေးအကြံပေးမှုအပေါ်ယုံကြည်စိတ်ချမှု။
■ ကျွန်ုပ်တို့ရဲ့အဆင့်မြင့် နည်းပညာ အပေါ်ယုံကြည်စိတ်ချမှု။
■ တိုယိုတာမော်တော်ယာဉ်အပိုပစ္စည်းအစစ်အမှန်များကြောင့် သင့်ကားစွမ်းဆောင်ရည်တိုးတက်စေခြင်း အပြင်၊ ကားသက်တမ်းကိုလည်း ကြာရှည်ခံစေခြင်းတို့ဖြစ်ပါတယ်။
တစ်လလျှင်ကားအစီးရေ (၈၀) အထိဝန်ဆောင်မှုပေးနိုင်တဲ့ ကျွန်ုပ်တို့ရဲ့အသစ်ဖွင့်လှစ်လိုက်တဲ့ TTAS ကားဘော်ဒီရုံနှင့်ဆေးမှုတ်စင်တာမှာ ကားဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်း လုပ်ကိုင်ရန်အတွက် နေရာ(၁၂)နေရာ၊ ကားဆီထိုးနှင့် အင်ဂျင်ဗိုင်လဲလှယ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် နေရာ(၄)နေရာနှင့် စွယ်စုံဆေးမှုတ်၊ ပေါင်းတင်ရုံ(၂)ရုံပါရှိတဲ့အပြင် ယာဉ်ပိုင်ရှင်များသက်တောင့်သက်သာ စောင့်ဆိုင်းဖို့အတွက် အဆင့်မြင့်နားနေဆောင် တစ်ခုလည်းပါရှိပါတယ်။
TTAS CO., LTD
TOYOTA
IN
Building and entrance
Service reception area
Customer lounge
Service bay
Paint booth exterior
Paint booth interior
TTAS
မော်တော်ယာဉ်ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံ ဖွင့်လှစ်လိုက်ပါပြီ။
TTAS CO., LTD. Body Repair & Paint Center
No. 85, Corner of Min Aye Yar St. & Than Lwin St.
Shwe Than Lwin Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar.
E-mail: ttasbp@gmail.com
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays
TTAS CO., LTD. (HEAD OFFICE)
No.87 (A), Kaba Aye Pagoda Road,
Bahan Township, Shwegondine P.O 11201
Yangon, Myanmar.
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays
Kaba Aye Pagoda Road
TOYOTA
www.toyota-global.com

## မြန်မာအားကစားသမားများကို အဆင့်လေးဆင့်သတ်မှတ်ပြီး လစာများပေးအပ်



နေပြည်တော်ရှိ ရွှေအားကစားလေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်နေသောမြန်မာအားကစားသမားများ ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊မေ-၂၆**

၂၀၁၃ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာအားကစားသမားများနှင့် နည်းပြဆရာများအတွက် လစာများကို အဆင့်လေးဆင့်ခွဲခြားသတ်မှတ်ပေးအပ်ထားကြောင်း သတင်းရရှိသည်။

အားကစားသမားများအား လစာများပေးအပ်ရာတွင် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိဖူးသည့် အားကစားသမားများကို (က)အဆင့်သတ်မှတ်ကာ ငွေကျပ်တစ်သိန်း၊ငွေ၊ကြေးတံဆိပ်ဆုရရှိခဲ့ဖူးသည့် အားကစားသမားများကို (ခ)အဆင့်သတ်မှတ်ကာ ငွေကျပ်ရှစ်သောင်း၊ လက်ရွေးစင်ဖြစ်ရန် အလားအလာရှိသည့် အားကစားသမားများကို (ဂ)အဆင့်သတ်မှတ်ကာ ငွေကျပ်ငါးသောင်းနှင့် မျိုးဆက်သစ်အားကစားသမားများကို (ဃ)အဆင့်သတ်မှတ်၍ ငွေကျပ်သုံးသောင်းပေးအပ်ထားကြောင်း အားကစားဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးပြောသည်။

"ဒီလစာငွေက ဝန်ကြီးဌာနကပေးတာဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့ချုပ်တွေကလည်း ချီးမြှင့်တာတွေရှိပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။ ထို့အပြင် နည်းပြဆရာများကိုလည်း (က)အဆင့် လျှင် ကျပ်တစ်သိန်း(ခ)အဆင့်အတွက် ကျပ်ရှစ်သောင်း သတ်မှတ်ပေးအပ်ထားကြောင်းလည်း ၎င်းကပြောသည်။

အဆိုပါကဲ့သို့ အဆင့်ခွဲခြားသတ်မှတ်လစာများပေးအပ်ခြင်းအား ၂၀၁၃မတ်လအတွင်း က စတင်ခဲ့ခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရှိရသည်။

နေပြည်တော်ရှိ ရွှေအားကစားလေ့ကျင့်ရေးစခန်းတွင် လာမည့် ဆီးဂိမ်းအတွက် စခန်းသွင်းလေ့ကျင့်နေသည့် မြန်မာအားကစားသမားအရေအတွက် ၈၀၀ ကျော်ရှိပြီး ရန်ကုန်မြို့တွင် အားကစားနည်းအချို့အား စခန်းသွင်းလေ့ကျင့်နေခြင်းဖြစ်သည်။

ထို့ကြောင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် အိမ်ရှင်မြန်မာနိုင်ငံမှ အားကစားသမားစုစုပေါင်း အရေအတွက် တစ်ထောင်ကျော်စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲတွင် အားကစားသမား ၇၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

## နာပိုလီနည်းပြဝေါ်လ်တာ မတ်ဇာရီ အင်တာနှင့် ၂ နှစ်စာချုပ်ချုပ်



DI MARCO/ EPA

**မီလန်၊မေ-၂၅**

အီတလီစီးရီးအေပြိုင်ပွဲဝင် အင်တာမီလန်အသင်းသည် နာပိုလီနည်းပြဟောင်း ဝေါ်လ်တာ မတ်ဇာရီအား ၂နှစ်စာချုပ် ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်သည်။

မတ်ဇာရီသည် နာပိုလီအားလေးရာသီခန့် ကိုင်တွယ်ခဲ့ပြီး ယခုနှစ် စီးရီးအေတွင် အမှတ်ပေးဇယား ဒုတိယနေရာရအောင်စွမ်းဆောင်နိုင်ခဲ့သည်။ ၎င်းသည် တနင်္ဂနွေနေ့တွင် နာပိုလီမှ ထွက်ပြီးနောက် အင်တာသို့ ရောက်ရှိမည်ဖြစ်သည်။ အင်တာမီလန်၏ ကြေညာချက်ထဲတွင်အသင်းနည်းပြဟောင်း အန်ဒရီယာ စထရမ်မာစီယွန်နီကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။ ချယ်လ်ဆီးမှ ထွက်ခွာခဲ့သော နည်းပြဘင်နီတက်ဇ်သည် မူလက အင်တာသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မတ်ဇာရီကို ခန့်အပ်လိုက်ခြင်းဖြင့် အင်တာနှင့် ကောလာဟလများမှာ ရပ်ဆိုင်းသွားခဲ့ပြီဖြစ်သည်။ စပိန်နည်းပြ ဘင်နီတက်ဇ်မှာ နာပိုလီသို့ ရောက်မည်ဟု သတင်းများထပ်မံထွက်ခဲ့သော်လည်း နာပိုလီအသင်းဥက္ကဋ္ဌကမူ ထိုသတင်းများကို ငြင်းဆိုထားသည်။ —Ref: BBC




## ၂၀၁၃ ဆီးဂိမ်းတွင် ရွှေတံဆိပ် ၄၆၀ ချီးမြှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အားကစားနည်း (၃၃) မျိုး ထည့်သွင်းကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀၊ ငွေတံဆိပ် ၄၆၀၊ ကြေးတံဆိပ် ၆၃၇ ခုဖြင့် စုစုပေါင်း ဆုတံဆိပ်အရေအတွက် ၁၅၅၇ ခု ချီးမြှင့်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက နေပြည်တော်၌ ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် ပြိုင်ပွဲ၌ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို အတည်ပြုခဲ့ပြီး အားကစားနည်း(၃၃)မျိုးအတွက် ပြိုင်ပွဲအမျိုးအစား (၄၆၀) ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည့် အားကစားနည်းများအနက် ပြေးခုန်ပစ် (လမ်းလျှောက်၊ မာရသွန်) အားကစားနည်းတွင် ရွှေတံဆိပ် ၄၆ ခုဖြင့် အများဆုံးချီးမြှင့်သွားမည်ဖြစ်သည်။ ရေကူး(ဒိုင်ဗင်၊ ဝါတာပိုလို)ပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၁ ခုဖြင့် ဒုတိယအများဆုံးချီးမြှင့်မည်ဖြစ်သည်။ ဝူရှူးပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၃ ခု၊ နပန်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခုစီ၊ စစ်တုရင်၊ ဂျူဒို၊ ကမ်ပိုနှင့် ဗိုဗီနမ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၁၈ ခုစီ၊ ကရာတေးဒိုနှင့် ရိုးရာလှေပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၁၇ ခုစီ ချီးမြှင့်မည်ဖြစ်သည်။

ကနူး/ ကယက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခုနှင့် ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၅ ခုချီးမြှင့်မည်ဖြစ်ကာ အခြားကစားနည်းများတွင် ရွှေတံဆိပ် ၁၅ ခုအောက်အရေအတွက် ချီးမြှင့်မည်ဖြစ်သည်။ ရိုးရာခြင်းလုံးအားကစားနည်း၌ ရွှေတံဆိပ်ရှစ်ခုနှင့် ပိုက်ကျော်ခြင်းအားကစားနည်းတွင်ရွှေတံဆိပ်၁၀ခုချီးမြှင့်မည်ဖြစ်သည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၏ အားကစားနည်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ငွေဆောင်ကမ်းခြေများတွင် ကျင်းပသွားမည်ဖြစ်သည်။ အားကစားနည်းအများစုကို နေပြည်တော်တွင် လက်ခံကျင်းပမည်ဖြစ်ကာ အလေးမ၊ ကာယဗလ၊ နပန်း၊ ကမ်ပို၊ သေနတ်ပစ်၊ ဟော်ကီအားကစားနည်းခြောက်မျိုးနှင့် အိမ်ရှင်မြန်မာ(အမျိုးသား)ဘောလုံးအသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့တွင် လက်ခံကျင်းပမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ပြီး ရွက်လှေအားကစားနည်းကိုမူ ငွေဆောင်ကမ်းခြေ၌ လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၆၁ နှင့် ၁၉၆၉ ခုနှစ်များ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး နှစ်ပေါင်း ၄၄ နှစ်အကြာ ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ (ဆီးဂိမ်း)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဖွင့်အခမ်းအနားကို ဒီဇင်ဘာလ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း ဘောလုံး၊ခြင်းလုံး၊ ဝူရှူး၊ လက်ဝှေ့၊ ဒိုင်ဗင်၊ ဝါတာပိုလို၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ နပန်းနှင့်ကနူး/ကယက်အားကစားပြိုင်ပွဲများကိုမူ ဖွင့်ပွဲရက်မတိုင်မီ ကြိုတင်ကျင်းပသွားမည်ဖြစ်သည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်စုစုပေါင်း ၄၆၀ ချီးမြှင့်မည့်အနက်မှ အိမ်ရှင်မြန်မာနိုင်ငံမှာ ရွှေတံဆိပ်၁၀၀ ရရှိရန် ရည်မှန်းထားကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013

# မာလီနိုင်ငံမှ ပြင်သစ်စစ်တပ် ရုပ်သိမ်းမှု ပထမအဆင့် စတင်

**ဘာမာကို၊မေ-၂၅**

မာလီနိုင်ငံမြောက်ပိုင်းရှိ အစ္စလာမ်မစ်စစ်သွေးကြွများအား တိုက်ခိုက်နှိမ်နင်းရန်ပြင်သစ်နိုင်ငံက စစ်သားများ စေလွှတ်ခဲ့ပြီး နောက်လေးလအကြာတွင်ပထမအဆင့် ရုပ်သိမ်းမှုကိုစတင်ရန် စီစဉ်လျက်ရှိသည်။



REUTERS

မာလီနိုင်ငံမြို့တော် ဘာမာကိုရှိ ပြင်သစ်စစ်အခြေစိုက်စခန်းမှ လော်ရီကားအစီး ၈၀ ပါဝင်သည့် ယာဉ်တန်းတစ်တန်းသည် တောင်ဘက် အိုင်ဗရီကို့စ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ဧပြီလမှစတင်၍ ၎င်း၏ တပ်သား ၄,၀၀၀ အား စတင်ရုပ်သိမ်းခဲ့သည်။ မာလီနိုင်ငံတွင် ဇူလိုင်လအတွင်း ရွေးကောက်ပွဲကျင်းပမည်ဖြစ်သောကြောင့် ပြင်သစ်စစ်တပ်က မာလီစစ်တပ်နှင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များထံ တာဝန်လွှဲအပ်ရန် စီစဉ်လျက်ရှိသည်။

နိုင်ဂျာနိုင်ငံတွင် အစ္စလာမ်မစ်စစ်သွေးကြွများကပြင်သစ်ပိုင် ယူရေနီယမ် မိုင်းတွင်းတစ်ခုနှင့် စစ်တန်းလျားများအား တိုက်ခိုက်ခဲ့ပြီးနောက် မေလ ၂၅ ရက်တွင် ပြင်သစ်စစ်တပ်က ထိုကဲ့သို့ ရုပ်သိမ်းမှုစတင်လိုက်ခြင်းဖြစ်သည်။

မာလီနိုင်ငံတွင် ပြင်သစ်တပ်သား ၃,၈၀၀ ရှိနေဆဲဖြစ်ပြီး စက်တင်ဘာလတွင် တပ်သား ၂,၀၀၀ အထိ လျှော့ချမည်ဖြစ်ပြီး နှစ်အကုန်တွင် တပ်သား ၁,၀၀၀ အထိ လျှော့ချမည်ဟု ပြင်သစ်စစ်တပ်က ပြောသည်။

ကုလသမဂ္ဂက ပို့လွှတ်မည့် မာလီနိုင်ငံတည်ငြိမ်အေးချမ်းရေး ကုလသမဂ္ဂတပ်ပေါင်းစုအဖွဲ့တွင် စစ်သား ၁၁,၂၀၀ နှင့် ရဲတပ်ဖွဲ့ဝင် ၁,၄၄၀ ဦးပါဝင်ကာ မာလီနိုင်ငံ၏ စစ်တပ်အား ပြန်လည်တည်ဆောက်ရန်နှင့်တည်ငြိမ်အေးချမ်းမှု ရရှိလာရန် အကူအညီပေးရေးတပ်ဖြန့်ထားမည်ဖြစ်ကြောင်းတပ်ပေါင်းစုအဖွဲ့မှ ပြောသည်။

ဘရပ်ဆဲလ်မြို့တွင် ပြီးခဲ့သည့် သီတင်းပတ်က ပြုလုပ်ခဲ့သော နိုင်ငံတကာအလှူရှင်များညီလာခံက မာလီအစိုးရ နိုင်ငံပြန်လည်တည်ဆောက်မှုအတွက် ကန်ဒေါ်လာလေးဘီလီယံ လှူဒါန်းရန် သဘောတူခဲ့သည်။

—*Ref: BBC*

# ဆန်ဒီမုန်တိုင်း တိုက်ခတ်ပြီး ခုနစ်လအကြာ နယူးယောက်ကမ်းခြေများ ပြန်လည်ဖွင့်လှစ်

**နယူးယောက်၊မေ-၂၅**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်နှင့် နယူးယောက်ပြည်နယ်တစ်စိတ်တစ်ပိုင်းအား ဆိုးရွားစွာပျက်စီးစေခဲ့သည့် ဆန်ဒီမုန်တိုင်းတိုက်ခတ်ပြီး ခုနစ်လအကြာတွင် နယူးယောက်စီးတီး ကမ်းခြေများကို အောက်မေ့ဖွယ်နေ့ဖြစ်သည့် မေလ ၂၃ ရက်တွင် စတင်ဖွင့်လှစ်လိုက်သည်။

နယူးယောက်စီးတီးမြို့၏ ၁၄ မိုင်ရှည်သော ကမ်းရိုးတန်းတစ်လျှောက်တွင် အများပြည်သူ အပန်းဖြေရာ ကမ်းခြေရှစ်ခုရှိသည်။ ဆန်ဒီမုန်တိုင်း တိုက်ခတ်ပြီးနောက် ပြန့်ကျဲနေသော အပျက်အစီးများ၊ကမ်းခြေရှိသဲတန်ပေါင်းများစွာ ပြန်လည်ဖြည့်တင်းခြင်း အပါအဝင် နွေရာသီတွင် အသင့်ဖြစ်စေရန် လျှောက်လမ်းများ ပြန်လည်တည်ဆောက်ခြင်းအတွက် ဒေါ်လာသန်း၃၇၀သုံးစွဲခဲ့ကြောင်း မြို့တော်ဝန်မိုက်ကယ်ဘလွန်းဘာ့ဂ်က မေလ ၂၄ ရက်တွင် ပြောသည်။

အစိုးရဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများသည် အပျက်အစီး တန်ပေါင်း ၄၃၀,၀၀၀ အား ရှင်းလင်းခဲ့ကြပြီးစစ်အင်ဂျင်နီယာ တပ်ဖွဲ့နှင့် မြို့တော်လုပ်သားများက ကုဗမီတာ ၁၅၃,၀၀၀ ရှိ သဲပုံများအား ရှင်းလင်းခဲ့ကြသည်။

ယခုကဲ့သို့ ကမ်းခြေများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ရာသီဥတု ခန့်မှန်းချက်မှာလည်း အပူချိန် လျှော့နည်းမည်ဟု ခန့်မှန်းထားသောကြောင့် ကမ်းခြေများတစ်လျှောက် နေပူစာလှုံသူ အများအပြား လာရောက်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဆန်ဒီမုန်တိုင်း တိုက်ခတ်မှုကြောင့် နယူးယောက်မြို့တွင် လူ ၄၃ ဦး သေဆုံးခဲ့ပြီး လူထောင်ပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကာ လူပေါင်းတစ်သန်းခန့်မှာ ရက်အတော်ကြာ လျှပ်စစ်မီးမရှိဘဲ နေထိုင်ခဲ့ရသည်။

—*Ref: AFP*

# ဆီးရီးယားပဋိပက္ခ လက်ဘနွန်နိုင်ငံကို မတည်မငြိမ်ဖြစ်စေနိုင်ဟု အမေရိကန် ပြောကြား

**ဝါရှင်တန်၊မေ-၂၅**

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့တွင် နောက်ဆုံးဖြစ်ပွားခဲ့သော ပုံးပေါက်ကွဲမှုများသည် ဆီးရီးယားနိုင်ငံတွင်း ပဋိပက္ခမှာ လက်ဘနွန်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည်ဟူသော သိသာထင်ရှားသည့် သတိပေးချက်တစ်ခု ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၂၄ ရက်တွင် ပြောကြားသည်။

“ထရီပိုလီမြို့မှာ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုတွေကြောင့် အနည်းဆုံး လူ ၂၃ ဦး သေဆုံးခဲ့ပါတယ်။ အဲဒီကိစ္စတွေဟာ ဘာကိုထောက်ပြလဲဆိုရင် ဆီးရီးယားနိုင်ငံတွင်း ပဋိပက္ခဟာ လက်ဘနွန်နိုင်ငံရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်နေတယ်ဆိုတဲ့ သတိပေးချက်ကို ပြနေပါတယ်”ဟု အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်ဗန်ထရယ်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံတွင်း ပဋိပက္ခများတွင် လက်ဘနွန်နိုင်ငံ မပတ်သက်ဘဲနေသည့် မူဝါဒလမ်းစဉ်ကို ထောက်ခံကြောင်း မစ္စတာဗန်ထရယ်က ပြောကြားပြီး ဆီးရီးယားပဋိပက္ခတွင် ဟစ်ဇ်ဘိုလာအဖွဲ့များ ပါဝင်ပတ်သက်နေမှုကို ၎င်းက ရှုတ်ချခဲ့သည်။

“ကျွန်တော်တို့တွေ ဒေသတွင်းက အဖွဲ့တွေအားလုံးကို တောင်းဆိုခဲ့ပါတယ်။ ဘာတောင်းဆိုလဲဆိုရင် ပြဿနာတွေ ပိုဆိုးလာစေမယ့် အပြုအမူမျိုးတွေနဲ့ ကိုယ့်နိုင်ငံတွင်းက လူတွေကို ထိခိုက်စေမယ့် အပြုအမူမျိုးတွေကို ရှောင်ကြဉ်ပေးဖို့ပါ”ဟု မစ္စတာဗန်ထရယ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် အာဆတ်အစိုးရကို ဆန့်ကျင်သောပဋိပက္ခများ ၂၀၁၁ ခုနှစ်မတ်လမှ စတင်ဖြစ်ပေါ်ခဲ့ပြီး ယခုအချိန်အထိ လူပေါင်း ၈၀,၀၀၀ ခန့် သေဆုံးခဲ့ပြီဟု ကုလသမဂ္ဂ၏ ခန့်မှန်းချက်၌ ဖော်ပြသည်။

—*Ref: RIA Novosti*



7 DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013




JURE MAKOVEC/AFP

*အပေါ့စားလေယာဉ်ဖြင့် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်ပြီး ပြန်လာသော စလိုဗေးနီးယား ဇီဝဗေဒပညာရှင်နှင့် လူစွန့်စား လီနာဆစ်အား မေ ၂၆ ရက်က စလိုဗေးနီးယားနိုင်ငံ ဘာနစ်လေဆိပ်၌ တွေ့ရစဉ်*

# ပါလက်စတိုင်းတွင် ဒေါ်လာလေးဘီလီယံမြှုပ်နှံရန် ကန်နိုင်ငံခြားရေးဝန်ကြီး တင်ပြ

**အယ်လ်ရှူးနား၊ မေ-၂၇**

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ လေးဘီလီယံဆွဲဆောင်၍ ပါလက်စတိုင်းဒေသစီးပွားရေးတိုးမြှင့်ရေးအစီအစဉ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက မေလ ၂၆ ရက်က တင်ပြလိုက်ပြီး ယင်းမှာပါလက်စတိုင်းပြည်သူများ၏ဘဝကို ပြောင်းလဲသွားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ပြန်လည်ခေါ်ဆောင်ရန် ကြိုးပမ်းနေစဉ်မှာပင် ပါလက်စတိုင်း လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးပြီး ပိုမိုကောင်းမွန်သော စီးပွားရေးအနာဂတ်ဖော်ဆောင်ရေးမှာ အရေးပါသည်ဟု မစ္စတာဂျွန်ကယ်ရီက ပြောကြားသည်။

ဎင်းတင်ပြသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်က ပါလက်စတိုင်း၏ စီးပွားရေးကို သုံးနှစ်အတွင်း ၅၀ ရာခိုင်နှုန်း တိုးတက်လာစေနိုင်သည်ဟု ဂျွန်ကယ်ရီက ဂျော်ဒန်နိုင်ငံတွင် ပြုလုပ်နေသော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ပြောကြားသည်။

သို့သော် ၎င်းတင်ပြသောအစီအစဉ်မှာ ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ ငြိမ်းချမ်းရေး အစီအစဉ်တိုးတက်မှုအပေါ် မူတည်မည်ဖြစ်ကြောင်း မစ္စတာဂျွန်ကယ်ရီက ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ အယ်လ်ရှူးနားမြို့၌ ကျင်းပသော အခမ်းအနားတွင် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်တက်ရောက်နေသလို ပါလက်စတိုင်းခေါင်းဆောင် မာမွက်အဘတ်စ်လည်း တက်ရောက်ခဲ့သည်။ ပါလက်စတိုင်းအနောက်ဘက်ကမ်းခြေဒေသ၌ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေး၊ အိုင်တီနှင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ရေးအစီအစဉ်ကို ယင်းဒေသအထူးကိုယ်စားလှယ်ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတိုနီဘလဲအားတာဝန် အပ်နှင်းထားကြောင်း မစ္စတာဂျွန်ကယ်ရီက အသိပေးပြောကြားသည်။

—*Ref: BBC/AFP*

# ဂျပန်ယန်းငွေတန်ဖိုးမာလာ၍ စတော့ဈေးကွက် ကျဆင်း

**တိုကျို၊ မေ-၂၆**

ဂျပန်နိုင်ငံသုံးယန်းငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင်တန်ဖိုးကျဆင်းနေခဲ့ရာမှပြန်တက်လာခဲ့ပြီး ဂျပန်နိုင်ငံ၏ စတော့ရှယ်ယာဈေးကွက်ထိုးကျသွားခဲ့သည်။ အခြား အာရှဈေးကွက်များတွင်မူ ကမ္ဘာ့စီးပွားရေးအခြေအနေ ရောထွေးနေမှုကြောင့်ဈေးကွက်ရလဒ်များလည်း ရောထွေးနေခဲ့သည်။

ဂျပန် စတော့ဈေးကွက် Nikkei 225 ညွှန်းကိန်းမှာ သုံးဒသမတစ်ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။ ဂျပန်အစိုးရနှင့် ဗဟိုဘဏ်တို့၏ဝင်ရောက်ကိုင်တွယ်မှုကြောင့်ဂျပန်စတော့ရှယ်ယာဈေးကွက်မှာ နှစ်စပိုင်းမှစ၍ ၃၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကန်တစ်ဒေါ်လာ ၁၀၃ ယန်းသို့ရောက်ရှိခဲ့ရာမှ တန်ဖိုးပြန်တက်လာခဲ့ပြီဖြစ်သည်။ ယန်းငွေတန်ဖိုး ကျဆင်းခဲ့ခြင်းက စတော့ဈေးကွက်ကို တွန်းတင်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရာထူးရရှိခဲ့ပြီးချိန်မှစ၍ စီးပွားရေးနှိုးဆွအစီအစဉ်များ ချမှတ်ခဲ့ပြီး စားသုံးသူဈေးနှုန်းများမြင့်တက်ရေး တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ခဲ့သကဲ့သို့ ငွေချေးငှားခြင်း၊ သုံးစွဲခြင်းများကိုအားပေးခဲ့သည်။ ဂျပန်ဗဟိုဘဏ်ကလည်း ဈေးကွက်အတွင်း ငွေကြေးအမြောက်အမြားထည့်သွင်းခဲ့သည်။

တစ်ဖက်တွင်လည်း ကမ္ဘာ့စီးပွားရေးအခြေအနေမှာ တရုတ်နိုင်ငံ၌ ကုန်ထုတ်လုပ်မှုကျဆင်းလာခြင်းနှင့် အမေရိကန်အစိုးရက ငွေတိုက်စာချုပ် ပြန်လည်ဝယ်ယူရေး မရေရာမှုများရှိနေသည်။

—*Ref: AP*




# ယူဂိုဆလားဗီးယားဘုရင် ပြန်လည်မြှုပ်နှံချိန်တွင် အာဏာရှင်ဟောင်း တီတိုးကို ထောက်ခံသူများစုဝေး

**ဘဲလ်ဂရိတ်၊ မေ-၂၆**

မေလ ၂၆ ရက်က ယူဂိုဆလားဗီးယားနိုင်ငံ နောက်ဆုံးဘုရင်၏ ရုပ်ကလာပ် ပြန်လည်မြှုပ်နှံမည့် အခမ်းအနား ကျင်းပချိန်မှာပင် ဘုရင်ကို နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သူ အာဏာရှင်ဟောင်း ဂျိုးဆစ် ဘရော့စ်တီတိုး၏ (၁၂၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် လူရာပေါင်းများစွာ စုဝေးရောက်ရှိခဲ့ကြသည်။

တီတိုးကို ထောက်ခံသူ ၇,၀၀၀ ခန့်သည် ခရီးအေးရှား မြောက်ပိုင်းရှိ၎င်း၏ဇာတိကျေးရွာသို့ သွားရောက်ခဲ့ကြပြီး တီတိုး၏ မြေးဂျော့စကာဘရော့စ်နှင့် တွေ့ဆုံရန် ဘဲလ်ဂရိတ်မြို့သို့ အခြားသောလူရာပေါင်းများစွာ စုဝေးရောက်ရှိခဲ့ကြသည်။ စုဝေးရောက်ရှိလာသူအများစုသည် ကွန်မြူနစ်ခေတ်တွင် တီတိုးအားထောက်ခံသူများ ဝတ်ဆင်ခဲ့ကြသည့် အရောင်များဖြစ်သည့် အပြာရောင်ဦးထုပ်နှင့် အနီရောင်လည်စည်းများဝတ်ဆင်ထားကြသည်။

အာဏာရှင်ဟောင်းတီတိုးသည် တိုင်းပြည်ကိုမည်သို့ထူထောင်ရမည်ကိုသိကြောင်း၊ အလုပ်အကိုင်များဖန်တီးပေးပြီး ယနေ့ခေတ်ပြည်သူတို့တွင်မရှိသည့်အရာများအားလုံးကိုဖန်တီးပေးခဲ့ကြောင်း အသက် (၂၄)နှစ်ရှိရှေ့နေ ဒါကိုဆိုလ်ဒတ်ကပြောသည်။ ယူဂိုဆလားဗီးယားနောက်ဆုံးဘုရင် ကာရာဂျော်ဂျီဗစ် သည် အသက် (၁၇)နှစ်တွင် ထီးနန်းဆက်ခံပြီး ရက်အနည်းငယ်အကြာတွင် နာဇီတို့ တိုက်ခိုက်သိမ်းပိုက်သောကြောင့် နိုင်ငံမှစွန့်ခွာထွက်ပြေးသွားခဲ့ရသည်။ ၎င်းကို ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ အာဏာရှင် တီတိုးက ပြန်မလာနိုင်အောင်တားဆီးခဲ့သည်။ အဆိုပါယူဂိုဆလားဗီးယား နောက်ဆုံးဘုရင်ကာရာဂျော်ဂျီဗစ်ကို နိုင်ငံတော်အခမ်းအနားဖြင့် ဆားဗီးယားနိုင်ငံ၌ပြန်လည်မြှုပ်နှံခြင်းဖြစ်သည်။

အာဏာရှင်ဟောင်းတီတိုးကိုထောက်ခံသူများက အမျိုးမျိုးချီးကျူးခဲ့ကြသော်လည်း ဘုရင်ကာရာဂျော်ဂျီဗစ်နှင့် တီတိုးတို့၏ ယူဂိုဆလားဗီးယားနိုင်ငံမှာလည်း သက်တမ်းကြာမြင့်စွာမရှင်သန်နိုင်ခဲ့ဘဲ ၁၉၉၀ ပြည့်နှစ်များတွင် နိုင်ငံတွင် လူမျိုးရေးစစ်ပွဲများကြောင့် အစိတ်စိတ်အမွှာမွှာပြိုကွဲသွားခဲ့သည်။

—*Ref: AFP*

**နောက်ကျောဖုံးမှ**

## အိန္ဒိယတွင် ကွန်ဂရက်ပါတီဝင်များ လိုက်ပါလာသော ယာဉ်တန်းကို မော်ဝါဒီများ တိုက်ခိုက်၍ ၂၄ ဦး သေ

လူနာများကို ကြည့်ရှုပြီးနောက် မစ္စဆိုနီယာက “ဒါဟာ ကွန်ဂရက်ပါတီနဲ့ သူ့ခေါင်းဆောင်တွေကို တိုက်ခိုက်တာတင် မဟုတ်ပါဘူး။ ဒီမိုကရေစီစံနှုန်းတွေကို တိုက်ခိုက်တာလည်းဖြစ်ပါတယ်” ဟု ပြောသည်။

တိုက်ခိုက်မှုတွင် ယခင် ဖက်ဒရယ်ဝန်ကြီးဟောင်း ဗီဒယာချာရန်ရှူကလာ (၈၄)နှစ်မှာ ပြင်းထန်သည့် ဒဏ်ရာများကြောင့် နယူးဒေလီသို့ အရေးပေါ်ကုသရန် ပို့ဆောင်ထားရသည်။ ပြည်နယ်မြို့တော် ရိုင်ပါမှ ၂၃၃ မိုင်ဝေးသော ဘတ်စတာခရိုင် ဂျာဂဒါပူရ်ရေိယာတွင်ဖြစ်ခဲ့သည့်တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင်ခြောက်ဦး အနည်းဆုံးသေဆုံးပြီး ယာဉ်တန်းပါကားနှစ်စီးမှာ မြေမြှုပ်မိုင်း ပေါက်ကွဲသွားပြီးနောက်ပါလာသူများကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

မော်ဝါဒီသူပုန်များသည် ၂၀၁၀ ဧပြီကလည်း ချဟာတစ်စ်ဂါ့ရှ်ပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင် ၇၆ ဦးကို သတ်ဖြတ်ခဲ့ဖူးသည်။ ထို့အပြင်ပြီးခဲ့သည့်သီတင်းပတ်ကလည်း ပြည်နယ်အတွင်း ဘီဂျာပူရ်ခရိုင်တွင် ရွာသားရှစ်ဦးနှင့် ရဲတစ်ဦးကို သတ်ဖြတ်ခဲ့သည်။ —*Ref:AFP*

**နောက်ကျောဖုံးမှ**

## ဆီးရီးယားသို့ လက်နက်ရောင်းချခွင့် တားမြစ်ထားခြင်း ပြင်ဆင်ရန် အီးယူဆွေးနွေးမည်

၎င်းတို့ တက်ရောက်မည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်များကပြောသည်။ ဆီးရီးယားသူပုန်တပ်များသို့ လက်နက်ရောင်းချခွင့် ရုပ်သိမ်းပေးမည်ဆိုပါက ငြိမ်းချမ်းရေးဆွေးနွေးရန် အာဆတ်အစိုးရကို ပိုမိုဖိအားပေးရောက်နိုင်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဟေ့ဂ်က ပြောသည်။

ဆီးရီးယားနိုင်ငံအပေါ် စစ်ရေးအရဖိအားပေးခြင်းသည်နိုင်ငံရေးဖြေရှင်းမှု ပြုလုပ်ရန် ပိုမိုကောင်းလာဖွယ်ရှိသည်ဟုပြင်သစ်သမ္မတ ဟော်လန်ဒီကလည်း ပြောကြားသည်။ ဗြိတိန်နှင့်ပြင်သစ်နိုင်ငံက အီးယူဝန်ကြီးများအား ဆီးရီးယားနိုင်ငံသို့ လက်နက်တင်သွင်းခွင့် ပေးစေလိုသည် (သို့မဟုတ်) ဆီးရီးယားရှိအတိုက်အခံအုပ်စုများကိုပိုမိုကူညီခွင့်ပြုစေလိုကြသည်။ —*Ref: BBC*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.12 • MAY 29 , 2013



## ဘော်စတွန်မာရသွန် အမှတ်တရအဖြစ် လူထောင်ပေါင်းများစွာ နောက်ဆုံးမိုင် ဆက်ပြေး

**နယူးယောက်၊ မေ-၂၆**

အပြေးသမား ၃,၀၀၀ ခန့်နှင့် ၎င်းတို့ကိုအားပေးသူများသည် ပြီးခဲ့သည့် ဧပြီလတွင် ဘော်စတွန်မာရသွန်ပြေးပွဲ၌ ပန်းဝင်သည်အထိ မပြေးခဲ့ရသောကြောင့် မေလ ၂၅ ရက်တွင် ပြိုင်ပွဲကိုပြန်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ၎င်းအပြေးသမားများသည် အမေရိကန်အလံ သုံးခုနှင့် တရုတ်အလံတစ်ခုတို့ကို သယ်ဆောင်ပြေးခဲ့ကြသည်။ ဧပြီလကဖြစ်ပွားခဲ့သော ဘော်စတွန် မာရသွန်ပြိုင်ပွဲအတွင်း ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်လူမျိုးနှစ်ဦးနှင့် တရုတ်လူမျိုးတစ်ဦးတို့ သေဆုံးခဲ့ပြီး ဗုံးထောင်သူဟု သံသယရှိခံထားရသူ နှစ်ဦးကို ဖမ်းဆီးစဉ် အမေရိကန်ရဲ အရာရှိတစ်ဦးလည်း သေဆုံးခဲ့သည်။

အဆိုပါ ပြေးပွဲကို ပြည်တွင်းအပြေးပြိုင်ပွဲအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းများက စည်းရုံးခဲ့ပြီး လူမှုရေးမီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိစေရန် လုပ်ဆောင်ခဲ့သည်။ ၎င်းပြေးပွဲကို One Run ဟု အမည်ပေးထားပြီး ပြေးပွဲ၏ဆောင်ပုဒ်မှာ "ငါတို့ပန်းဝင်ရမည်"ဟူ၍ဖြစ်သည်။

အီလီနွိုက်၊ အင်ဒီယားနား၊ ကင်တပ်ကီ၊ မီချီဂန်နှင့် အိုဟိုင်းယိုးပြည်နယ်များမှ အပြေးသမား ၃၅ ဦးသည်လည်း ဘော်စတွန်မာရသွန်ပြေးပွဲကို အဆုံးမသတ်နိုင်ခဲ့သောကြောင့် မေလ ၂၆ ရက်တွင် နာမည်ကျော် အင်ဒီယာနာပူးလစ် ကားမောင်းပြိုင်ပွဲကွင်း၌ ပရိသတ်ထောင်ပေါင်းများစွာရှေ့တွင် ကွေ့နံပါတ် ၄ မှနေ၍ မိုင်ဝက်ခန့်ပြေးကာ ပန်းတိုင်သို့စနစ်တကျပန်းဝင်မည်ဖြစ်သည်။

"ဘော်စတွန်မှာ ဖြစ်ခဲ့တဲ့ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်အပျက်က လူတိုင်းရင်ထဲမှာ ကျန်ရှိနေတုန်းပဲ။ ဒါကြောင့် အပြေးသမားတွေကိုပရိသတ်တွေရဲ့ရှေ့မှာ အပြေးပြိုင်ပွဲကို အဆုံးသတ်ဖို့ အခွင့်အရေးပေးချင်ခဲ့ပါတယ်"ဟု အင်ဒီယာနာပူးလစ် ကားမောင်းပြိုင်ပွဲကျင်းပရေးပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

ကားမောင်းပြိုင်ပွဲကွင်းအဖွဲ့အရာရှိများသည် ဘော်စတွန်အားကစားသမားများအဖွဲ့သို့ပြိုင်ပွဲဆက်လုပ်ခွင့်ပေးရန် ဆက်သွယ်အကြောင်းကြားခဲ့ ပြီးနောက် ဘော်စတွန်အားကစားသမားများအဖွဲ့ကလည်း အင်ဒီယားနားပြည်နယ်နှင့် အခြားပြည်နယ်များရှိ ပြိုင်ပွဲအဆုံးမသတ်နိုင်ခဲ့သော အပြေးသမားများထံ အကြောင်းကြားပေးခဲ့သည်။

—*Ref: AFP*




GARY I ROTHSTEIN/AFP

*၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ ရက်က အမေရိကန်အာကာသလွန်းပျံယာဉ် Andeavour အား ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းရှိ ပစ်လွှတ်စဉ်အမှတ် 39-A တွင် အဆင်သင့် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်*

## သမိုင်းဝင်လွန်းပျံယာဉ်ပစ်လွှတ်စင်ငှားရန် နာဆာစီစဉ်

**ကာနေဗာရယ်၊ မေ-၂၆**

နာဆာအဖွဲ့သည် လွန်းပျံယာဉ်များနှင့် ပထမဆုံးလကမ္ဘာခရီးစဉ်အတွက် အသုံးပြုခဲ့သော ဖလော်ရီဒါပြည်နယ်ရှိ သမိုင်းဝင်လွန်းပျံယာဉ် လွှတ်စင်တစ်ခုကို ငှားရမ်းရန် စီးပွားရေးလုပ်ငန်းရှင်များကို ရှာဖွေနေသည်။

ကနေဒီအာကာသစခန်းရှိ Launch Complex 39 A လွန်းပျံယာဉ်လွှတ်စင်ကို ၂၀၁၁ ခုနှစ်ကတည်းက အသုံးပြုမှု ရပ်ဆိုင်းခဲ့သည်။ ထို့ကြောင့် အနည်းဆုံး အာကာသလေ့လာရေးကုမ္ပဏီနှစ်ခုယင်းလွန်းပျံယာဉ်လွှတ်စင်ကို လေ့လာဆွဲရန် မျှော်လင့်ထားသည်။

လွန်းပျံယာဉ် လွှတ်စင်သည် အပိုလိုလကမ္ဘာခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၉၆၀ ဝန်းကျင်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၇ နိုဝင်ဘာလကတည်းက လွန်းပျံယာဉ်ပေါင်း ၉၀ ကျော်ကိုယင်းစင်မှလွှတ်တင်ပေးနိုင်ခဲ့သည်။ သို့ရာတွင် လွန်ခဲ့သော ၂နှစ်က နာဆာက အာကာသလွန်းပျံယာဉ်အစီအစဉ်ကို အဆုံးသတ်ခဲ့ပြီးနောက် Complex 39A နှင့် အခြားလွန်းပျံယာဉ်လွှတ်စင်များစွာတို့ကို မလိုအပ်တော့ပေ။

ဖလော်ရီဒါပြည်နယ်ရှိလွန်းပျံယာဉ်စခန်းရှိ အဆောက်အအုံ ၁၅၀ ခန့်ကို ဖြိုချခြင်း(သို့မဟုတ်) စီးပွားရေးလုပ်ငန်းရှင်များအား ငှားရမ်းခြင်းတို့ကို ပြုလုပ်ခဲ့သည်ဟု အမေရိကန်အာကာသအေဂျင်စီကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြသည်။

နာဆာအဖွဲ့သည် အောက်တိုဘာလတွင် အဆိုပါ လွန်းပျံလွှတ်စင်ကိုငါးနှစ်(သို့မဟုတ်)ငါးနှစ်ကျော်ကြာအောင် ငှားရမ်းရန် ရည်ရွယ်ထားသည်။ ပုဂ္ဂလိကအာကာသလေ့လာရေးကုမ္ပဏီ Space X သည်ယင်းလွန်းပျံယာဉ်လွှတ်စင်ကို ငှားရမ်းရန် စိတ်ဝင်စားနေသည်ဟု သိရသည်။ ၎င်းကုမ္ပဏီသည် အမေရိကန်လေတပ်စခန်းအနီး၌ ဒုံးပျံယာဉ်လွှတ်စင်တစ်ခုကိုလည်း ငှားရမ်းထားသည်။

—*Ref: BBC*

## စင်ကာပူနိုင်ငံတစ်ဝန်း ပြစ်မှုတိုက်ဖျက်ရေး ဆင်နွှဲရာတွင် လူ ၃၄၀ ကျော်ဖမ်းဆီး

**စင်ကာပူ၊ မေ-၂၆**

စင်ကာပူနိုင်ငံတစ်ဝန်းတွင် မေ ၂၀ ရက်မှ ၂၃ ရက်ထိ လေးရက်ကြာ ပြစ်မှုတိုက်ဖျက်ရေး ဆောင်ရွက်ပြီးနောက် လူပေါင်း ၃၄၀ ဦးအား စင်ကာပူရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

အဖမ်းခံရသူများတွင် အမျိုးသား ၂၀၀ နှင့် အမျိုးသမီး ၁၄၀ ပါဝင်သည်။ ၎င်းတို့အနက် တရားမဝင်ငွေချေးမှုတွင် ပါဝင်သူဟု မသင်္ကာသူ ၁၉၀ ပါဝင်သည်။ ယခုကဲ့သို့စင်ကာပူအစိုးရ၏ စုံစမ်းစစ်ဆေးမှုအရ နိုင်ငံတွင်း၌ တရားမဝင် ငွေချေးသူများ၊ အနှောင့်အယှက်ပေးသူများ (သို့မဟုတ်) ဘဏ်စာရင်းများဖွင့်ပြီး မိမိတို့၏ အေတီအမ်ကက်များနှင့် သက်သေခံကတ်ပြားနံပါတ်များအား တရားမဝင် ငွေချေးသူများထံ ပေးအပ်ထားသူများ (သို့မဟုတ်) တရားမဝင်ငွေချေးသည့် လုပ်ငန်းမှ ချေးငွေရယူပြီး သတင်းအမှားပေးသူများ ရှိနေကြောင်း သိရသည်။ စင်ကာပူရဲတပ်ဖွဲ့သည် နိုင်ငံရှိ Geylang, Changi Village နှင့် Downtown Marina ကဲ့သို့ အများပြည်သူအပန်းဖြေရာနေရာများနှင့် ဖျော်ဖြေရေးလုပ်ငန်းများ တည်ရှိသည့်နေရာများအား ပစ်မှတ်ထားစစ်ဆေးရှာဖွေခဲ့သည်။

အဖမ်းခံရသူ ၁၁၀ ကျော်မှာ မူးယစ်ဆေးဝါးမှု၊ တရားမဝင်နေထိုင်မှုနှင့် ရာဇဝတ်မှု ဆက်စပ်ပြစ်မှုများဖြင့် အဖမ်းခံရခြင်းဖြစ်သည်။

—*Ref: CNA*

## ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်ပါဝင်မည့် အဆိုပြုချက် ပြင်သစ်ပယ်ချ

**အဘူဒါဘီ၊ မေ-၂၆**

ဆီးရီးယားနိုင်ငံ၏ ပဋိပက္ခများတွင် အီရန်နိုင်ငံပါဝင်နေ၍ ငြိမ်းချမ်းရေးဆောင်ရွက်ရန် ဆန္ဒမရှိဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားကာ ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်နိုင်ငံပါဝင်ရေး အဆိုပြုချက်ကို မေလ ၂၅ ရက်က ပယ်ချလိုက်သည်။

ဆီးရီးယားသမ္မတအာဆတ်နှင့် ဆီးရီးယားနိုင်ငံ၏ အတိုက်အခံအုပ်စုများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ခေါ်ယူဆွေးနွေးနိုင်ရန် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေးဘီးယက်သည် မေလ ၂၇ ရက်တွင် အမေရိကန်နိုင်ငံ အတွင်းရေးမှူး ဂျွန်ကယ်ရီ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့တို့နှင့်တွေ့ဆုံမည်ဖြစ်သည်။

လာမည့်ရက် အနည်းငယ်အတွင်း ကျင်းပမည့် အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်နိုင်ငံအနေဖြင့် မဖြစ်မနေပါဝင်ရမည်ဟု ရုရှားက ပြောကြားခဲ့သော်လည်း ဆီးရီးယားနိုင်ငံ၏ ပဋိပက္ခများ၌ အီရန်နိုင်ငံပါဝင်လှုပ်ရှားနေသောကြောင့် ထိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အီရန်နိုင်ငံအတွက် နေရာမရှိကြောင်း မစ္စတာဖေးဘီးယက်က ပြောသည်။

ဆီးရီးယားနိုင်ငံတွင် အီရန်တပ်ဖွဲ့များထားရှိပြီး အာဆတ်အစိုးရစစ်တပ်အား ကူညီပေးနေကြောင်းကိုမူ အီရန်နိုင်ငံက ငြင်းဆိုပြီး ထိုကဲ့သို့ စွပ်စွဲမှုများမှာ ဆီးရီးယားနိုင်ငံ၏ ရန်သူအစစ်အမှန်များက လုပ်ကြံပြောဆိုခြင်းဖြစ်ကြောင်း ပြောသည်။

ယခုနှစ်အတွင်း ကျင်းပမည့် ပြင်သစ်၊ အမေရိကန်နှင့် ရုရှားအပါအဝင် အင်အားကြီးနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲတွင် အီရန်ပါဝင်လာပါက ဆွေးနွေးပွဲအရှုပ်အထွေးဖြစ်နိုင်ကြောင်းကိုလည်း မစ္စတာဖေးဘီးယက်က ပြောသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် သူပုန်များအား လက်နက်များတိုက်ရိုက်ပေးပို့ခြင်းမရှိဘဲ အန္တရာယ်မရှိသော ထောက်ပံ့မှုများသာပြုလုပ်ပေးသော်လည်း ကာတာနှင့် ဆော်ဒီအာရေဗီးယားကဲ့သို့သော နိုင်ငံများက သူပုန်များအား လက်နက်များပေးပို့နေကြသည်။ မစ္စတာဖေးဘီးယက်သည် မေလ ၂၅ ရက်တွင် ယူအေအီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အယ်နာယန်းနှင့်တွေ့ဆုံမည်ဖြစ်ပြီး ဆီးရီးယားနိုင်ငံပြဿနာနှင့် အီရန်၏ နျူကလီးယားအစီအစဉ်များကို ဦးစားပေးဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။



KHALIL MAZRAAWI/AFP

—*Ref: Reuters*

7 DAY NEWS JOURNAL
# International
Vol.12, No.12 • MAY 29 , 2013

## ဆီးရီးယားသို့ လက်နက်ရောင်းချခွင့် တားမြစ်ထားခြင်း ပြင်ဆင်ရန် အီးယူဆွေးနွေးမည်

**ဘရပ်ဆဲလ်၊မေ-၂၇**

ဆီးရီးယားသူပုန်များအား လက်နက်များ ပေးပို့နိုင်ရေးအတွက် ဆီးရီးယားနိုင်ငံအပေါ် လက်နက်ရောင်းချခွင့် ပိတ်ပင်ထားခြင်းကို ပြင်ဆင်ရန် အီးယူနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးကြမည်ဖြစ်သည်။

ဆီးရီးယားသူပုန်များထံ လက်နက်ရောင်းချပေးခြင်းသည် နိုင်ငံရေးပြုပြင်ပြောင်းလဲရန် ဖိအားပိုလာနိုင်ကြောင်း ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က ထောက်ခံဆွေးနွေးမည်ဟုမျှော်လင့်ရသည်။ သို့သော် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာက ဆီးရီးယားနိုင်ငံသို့လက်နက်တင်ပို့ခြင်းပိတ်ပင်မှုကို ဆက်လက်ထားရှိစေလိုကြသည်။ လက်နက်ရောင်းချခွင့်ပိတ်ပင်ခြင်းသက်တမ်းမှာ မေလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဆီးရီးယားသို့လက်နက်တင်ပို့ရန် ခွင့်ပြုပါက လတ်တလောစတင်ဆောင်ရွက်နေသော နိုင်ငံတကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြယ်သွားနိုင်ကြောင်းဥရောပသမဂ္ဂအဖွဲ့ဝင် အရာရှိများက ပြောသည်။ လာမည့်ဇွန်လတွင် ကျင်းပရန်စီစဉ်ထားသည့်အဆိုပါ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး တက်ရောက်မည်ဟုမေလ ၂၆ ရက်တွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်မည်၊ မတက်ရောက်မည်ကို ဆီးရီးယားအတိုက်အခံညွန့်ပေါင်းအဖွဲ့ဝင်များ ဆွေးနွေးနေကြသည်။ သို့သော် သမ္မတအယ်လ်အာဆတ်ရာထူးမှဆင်းပေးလျှင်

**စာမျက်နှာ(၄၆)သို့**



MANDEL NGAN/AFP

*မေ ၂၆ ရက်က အိုကလာဟိုးမားပြည်နယ်၊ မိုးရေးမြို့ လေဆင်နှာမောင်းဒဏ်ခံခဲ့ရသောဒေသအား သမ္မတအိုဘားမား သွားရောက်ကြည့်ရှုခဲ့ရာ ၎င်းကိုကြိုဆိုနှုတ်ဆက်ကြစဉ်*

## သမ္မတအိုဘားမား အိုကလာဟိုးမားဒုက္ခသည်များကို နှစ်သိမ့်

**မိုးရေး၊ မေ-၂၆**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အိုကလာဟိုးမား လေဆင်နှာမောင်းဒဏ်ခံခဲ့ရသော မိုးရေးမြို့သို့ သွားရောက်၍ ဒုက္ခသည်များအား အားပေးစကားပြောကြားသည်။

"အမေရိကန်နိုင်ငံသားတွေအားလုံးက ခင်ဗျားတို့အတွက် ဆုတောင်းပေးနေကြပါတယ်။ ကူလည်းကူညီချင်ကြပါတယ်။ ခင်ဗျားတို့ချည်းပဲမဟုတ်ပါဘူး။ ခင်ဗျားတို့နောက်မှာ အမေရိကန်နိုင်ငံသားတွေနဲ့ အစိုးရရှိနေပါတယ်" ဟု သမ္မတအိုဘားမားက ပြောကြားသည်။ မစ္စတာအိုဘားမားသည် ကလေးခုနစ်ဦးသေဆုံးခဲ့သော ပလာဇာတာဝါ မူလတန်းကျောင်းသို့ ပထမဦးဆုံး သွားရောက်ခဲ့ပြီး "ဒီလေဆင်နှာမောင်းက တော်တော်ကြမ်းတာပဲ" ဟု ပြောကြားခဲ့သည်။

လေဆင်နှာမောင်းသည် တစ်နာရီလျှင်မိုင် ၂၀၀ ကျော်နှုန်း တိုက်ခတ်ခဲ့သောကြောင့် လူ ၂၄ ဦးသေဆုံးခဲ့ပြီး ၃၇၇ ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ လေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ နှစ်ဘီလီယံခန့်ရှိသည်ဟု ခန့်မှန်းထားပြီး လေဆင်နှာမောင်းကြောင့် လူ ၃၃,၀၀၀ မှာ အတိဒုက္ခရောက်ခဲ့ရသည်။

အိုကလာဟိုးမား ခရီးစဉ်အတွင်း သမ္မတအိုဘားမားသည် အပျက်အစီးများကြား၌ မတ်တတ်ရပ်လျက် "ဒီမှာဖြစ်ခဲ့တဲ့ ပျက်စီးမှုဟာ နားလည်နိုင်ဖို့ အတော်လေးခက်ပါတယ်။ ကျွန်တော်ဒီလိုမျိုး သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရတဲ့နေရာကိုလာတိုင်း ကျွန်တော်ဟာ တစ်တိုင်းပြည်လုံး ကိုယ်စားစကားပြောကြားပေးခြင်းဖြစ်တယ်ဆိုတာကို လူတိုင်းသိစေချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

—*Ref: BBC*

## အိန္ဒိယတွင် ကွန်ဂရက်ပါတီဝင်များ လိုက်ပါလာသော ယာဉ်တန်းကို မော်ဝါဒီများ တိုက်ခိုက်၍ ၂၄ ဦး သေ

**ရိုင်ပါ၊မေ-၂၇**

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချဟာတစ်ဂါ့ရှ်ပြည်နယ်တွင် အာဏာရကွန်ဂရက်ပါတီ၏ ဒေသခံခေါင်းဆောင်များနှင့် ထောက်ခံသူများကို မော်ဝါဒီလက်နက်ကိုင် ၃၀၀ ခန့်က လုပ်ကြံတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၂၄ဦးသေဆုံးသွားသည်။

စနေနေ့က ဖြစ်ပွားခဲ့သော သူပုန်တို့၏ မြေမြှုပ်မိုင်းခွဲကာသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင်သေဆုံးသူများအပြင် ဒဏ်ရာရသူ ၃၇ ဦးရှိပြီး အများစုမှာ ဆေးရုံ၌ စိုးရိမ်ရသော အခြေအနေရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီနှင့် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့သည် ပြည်နယ်မြို့တော် ရိုင်ပါသို့ သွားရောက်ကာ လူနာများကို အားပေးကြည့်ရှုခဲ့သည်။

**စာမျက်နှာ(၄၆)သို့**

## ၁၉၇၆ ခုနှစ်ထုတ် Apple 1 ကွန်ပျူတာ ယူရိုငါးသိန်းကျော် လေလံအောင်

**ဘာလင်၊မေ-၂၇**

၁၉၇၆ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သော Apple ကုမ္ပဏီထုတ် Apple 1 ကွန်ပျူတာတစ်လုံးကို ဂျာမနီနိုင်ငံ၌ လေလံတင် ရောင်းချခဲ့ရာ ယူရိုငါးသိန်း (ဒေါ်လာ ၆၅၀,၀၀၀)ကျော် ရရှိခဲ့သည်။

အဆိုပါ ကွန်ပျူတာမှာ ဖွင့်ကြည့်လိုက်လျှင် ယနေ့အထိ အလုပ်လုပ်နေသေးသည့် Apple 1 ကွန်ပျူတာခြောက်လုံးမှ တစ်လုံးလည်းဖြစ်သည်။ ယင်း ပထမဆုံး Apple မျိုးဆက် ကွန်ပျူတာများကို ကုမ္ပဏီတည်ထောင်သူနှစ်ဦးဖြစ်သောစတိဗ်ဂျော့ဗ်နှင့်စတိဗ်ဝေ့ါဇနီယက်တို့က ဂျော့ဗ်၏ ကားဂိုဒေါင်၌ အလုံးရေ ၅၀ ဖြင့် စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ Mother Board တစ်မျိုးတည်းသာ ပါဝင်သော ယင်းကွန်ပျူတာကို မစ္စတာဝေ့ါဇနီယက်၏ လက်မှတ်ရေးထိုးပေးထားပြီး အာရှမှ အမည်မဖော်လိုသည့်ဝယ်သူတစ်ဦးက လေလံဆွဲဝယ်ယူသွားခြင်းဖြစ်သည်။

ယမန်နှစ်ကလည်း Apple 1 ကွန်ပျူတာတစ်လုံးကို ယူရိုလေးသိန်းကိုးသောင်းဖြင့် ရောင်းချခဲ့ဖူးသည်။ Apple ကုမ္ပဏီသည် အဆိုပါကွန်ပျူတာများကို အလုံးရေ ၂၀၀ ခန့်သာ ထုတ်လုပ်ခဲ့ပြီး လက်ရှိတွင် ကမ္ဘာပေါ်၌ ၄၆ လုံး ကျန်ရှိသည်။ ယင်းမှ ခြောက်လုံးခန့်သာ စက်ဖွင့်အလုပ်လုပ်နိုင်သည့် အကောင်းပကတိ အခြေအနေရှိသေးသည်။ ကိုလုံးမြို့၌ ပြုလုပ်ခဲ့သော ယခုလေလံပွဲတွင် ကွန်ပျူတာနှင့်အတူ စတိဂျော့ဗ်လက်မှတ်ရေးထိုးထားသော မူလအသုံးပြုခဲ့သည့် မော်နီတာ၊ တိတ်ခွေစက်နှင့် ကီးဘုတ်တို့ကိုလည်း ရောင်းချခဲ့ရသည်။

—*Ref: BBC*




"အိပ်မက်တွေနောက်ကိုလိုက်ပြီး
အကောင်းဆုံး လုပ်လိုက်ပါ"
htc
10:08
htc Butterfly
သူဟာ ကမ္ဘာမှာရှေ့ပြေးနေတဲ့ smartphone brand တွေထဲကတစ်ခုဖြစ်တဲ့ HTC Company ရဲ့ CEOတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူနေခဲ့စဉ်ကတည်းကရှိခဲ့တဲ့ အိပ်မက်တစ်ခုကနေစပြီး ဒါတွေအားလုံးအစပြုခဲ့တာပါ။ ဦးဝင်းသန်းခေါ် Mr. Peter Chou ဟု လူသိများတဲ့သူဟာ မြန်မာနိုင်ငံဆီသို့ HTC ကို ခေါ်ဆောင်လာခဲ့ပါပြီ။ အခုအခါမှာ မြန်မာပြည်သူ လူထုအတွက် ကမ္ဘာ့အကြီးမားဆုံး အခွင့်အလမ်းတွေပွင့်နေပြီဖြစ်ပါတယ်။ ကျွန်တော်ရဲ့အိပ်မက်က အဆင့်အမြင့်ဆုံးနည်းပညာတွေနဲ့အခွင့်အရေးတွေ ချိတ်ဆက်နိုင်ဖို့ မြန်မာပြည်သူပြည်သားတွေကိုကူညီချင်တာပါ။ ဒီနည်းနဲ့ သူတို့ဘာသာသူတို့လည်း အိပ်မက်တွေကို အကောင်အထည်ဖော်လို ရနိုင်ပါပြီလို့ Mr. Peter Chou က ပြောကြားခဲ့ပါတယ်။
e-city | KMD
htc
quietly brilliant


here to play | here to stay
asia tour 2013
SAMSUNG
ဘန်ကောက်မြို့အလည်အပတ်ထွက်ရင်း Chelsea ဘောလုံးပွဲကြည့်ကြရအောင်
Samsung TV
MATCH
OF THE YEAR
တရားဝင်တင်သွင်းထားသောမည်သည့် Samsung LCD / LED / Smart TV အမျိုးအစားမဆို
ဝယ်ယူသူတိုင်းပါဝင်ခွင့်ရရှိမည့်အစီအစဉ်
သတ်မှတ်ထားသော Samsung LCD / LED / Smart TV အမျိုးအစားများကို
အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။(အရေအတွက် ကန့်သတ်)
ကံစမ်းမဲကာလမှာ မေလ(၂၂)ရက်မှ ဇွန်လ(၂၃)ရက်ထိ ဖြစ်ပါသည်။ ကံထူးရှင်များကို ဇူလိုင်လ(၁) ရက်တွင် ကံစမ်းမဲဖောက်ပေးပြီး
သတင်းစာနှင့် ဂျာနယ်များတွင်ထည့်သွင်းကြေငြာပေးသွားမည်ဖြစ်ပါသည်။
ဘန်ကောက်ခရီးစဉ်မှာ ဇူလိုင်လ(၁၅)ရက်မှ (၁၈)ရက်ထိ (၃)ညအိပ်(၄)ရက်ခရီးစဉ် ဖြစ်ပါသည်။
မှတ်ချက်။ ။ဤအစီအစဉ်အား ငွေကြေးဖြင့် ပြန်လည်လဲလှယ်ခွင့် ပြုမည်မဟုတ်ပါ။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကို ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ပြည်နယ်နှင့် တိုင်း အသီးသီးမှ သင်တန်းသူ၊ သင်တန်းသားများ အားလုံးဖြင့် မဟာ သန္တိသုခ၊ အဓိပတိခန်းမတွင် ၂၂.၅.၂၀၁၃၊ ဗုဒ္ဓဟူးနေ့နှင့် ၂၄.၅.၂၀၁၃ သောကြာနေ့တို့တွင် ကြီးကျယ်ခန်းနား စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့ပါသည်။

ဤကဲ့သို့ ပြုလုပ်ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ သဒ္ဓါတရားအသီးသီးဖြင့် ပါဝင်လှူဒါန်းပေးကြသော အလှူရှင်များ၊ ဆုချီးမြှင့် ပေးကြသော အလှူရှင်များ၊ ဝေယျာဝစ္စ ကုသိုလ်ရှင်များ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်ပေးပါသော **Family Entertainment Company** မှ တာဝန်ရှိသူများအားလည်းကောင်း၊ ယခုကဲ့သို့ ကြော်ငြာထည့်သွင်းဖော်ပြပေးပါသော **7Day News** ဂျာနယ်အား လည်းကောင်း၊ အနုပညာရှင်များဖြစ်ကြသော အစီအစဉ်တင်ဆက်သူအဖြစ် မတင်မိုးလွင် **(Model Agency)**၊ **Presenter** အဖြစ် ကိုခန့်စည်သူ (သရုပ်ဆောင်၊ ဒါရိုက်တာ)၊ နန်းမြတ်ဖြိုးသင်း (သရုပ်ဆောင်၊ အဆိုတော်) နှင့် အနုပညာ ညီအစ်ကိုမောင်နှမများ၊ ဒါရိုက်တာ ဦးဇော်မြင့်ဦးအဖွဲ့နှင့်အတူ ပန်းအလှပြင်ပေးသော မစုစုဝင်းနှင့် အဖွဲ့တို့အား ပြိုင်ပွဲကြီးက အထူးပင် အလေးအနက်ထား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ နှစ်စဉ် စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပနိုင်ရေးအတွက်ကိုလည်း ဆက်လက်ပူးပေါင်းပါဝင်ကြပါစေလိုကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီးက လေးမြတ်စွာ ပန်ကြားအပ်ပါသည်။

ယခုနှစ် ဒုတိယအကြိမ်မြောက် ဗုဒ္ဓနှစ် ၂၆၀၀၊ သာသနာတော်နှစ် ၂၅၅၆ ပြိုင်ပွဲတွင် အမြင့်ဆုံးဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများမှာ

၁။ ပထမဆု ၁၀ သိန်းကျပ်၊ မယဉ်မျိုးမြတ်ဦး (ဓမ္မစကူးလ်၊ ဗုဒ္ဓဓမ္မသင်တန်းကျောင်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး)

၂။ ဒုတိယဆု ၇ သိန်းကျပ်၊ မောင်ထက်လင်း (ရတနာ့ပျိုးခင်း ယဉ်ကျေးလိမ္မာသင်တန်း၊ သာဂရမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)

၃။ တတိယဆု ၅ သိန်း၊ မသက်စုစုအေး (ဓမ္မစကူးလ်၊ ဗုဒ္ဓဓမ္မသင်တန်းကျောင်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး)

၄။ စတုတ္ထဆု ၃ သိန်း၊ မောင်ရဲမင်းကျော် (ရတနာ့ပျိုးခင်းယဉ်ကျေးလိမ္မာသင်တန်း၊ သာဂရမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)


ကော်မတီ

(မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ)








Wherever we go,
we make life better.
We are MTN, a Mobile Telecommunications
Network for the developing world.
ဖွံ့ဖြိုးတိုးတက်နေတဲ့ကမ္ဘာကြီးအတွက် မိုဘိုင်းဆက်သွယ်ရေးကွန်ယက် MTN
MTN
Please visit us at www.mtn.com
everywhere you go